# ကြေးမုံ

The Mirror Daily

၁၉၅၇ ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**လောကကို ထွန်းလင်းတောက်ပ**

**အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာအနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာအနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။**

လောကဝဂ်(ဓမ္မပဒ-၁၇၃)


၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်၊ တနင်္လာနေ့။ Monday, 15 November 2021 ၁၀၅၅၈


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၁ ခုနှစ် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၁၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၁ ခုနှစ် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော် သာသနာ့မဟာဗိမာန်တော်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်၍ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

**ကြွရောက်ချီးမြှင့်တော်မူ**

အခမ်းအနားသို့ ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော် နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဇနိန္ဒ အမှူးပြုသည့် ဩဝါဒါစရိယဆရာတော်ကြီးများအပါအဝင် ပင့်ဖိတ်ထားသည့် ဆရာတော်ကြီး ၁၈ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့်ဇနီးများ၊ အတွင်းရေးမှူးနှင့်ဇနီး၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က အောင်စည်သာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဝိစက္ခဏာထံ ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။

**ယနေ့ ဖတ်စရာ**

**ပြည်နယ်နှင့် တိုင်းဒေသကြီးရှိ မြို့ကြီးများတွင် CHID ဘဏ်ခွဲ ၁၈ ခုအထိ ဖွင့်လှစ်နိုင်ခဲ့ပြီး ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဘဏ်ခွဲများ ဆက်လက်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိ**

စာမျက်နှာ » ၄

**ဖြေရှင်းရေးလား ပျက်သုဉ်းရေးလား**

ဆောင်းပါး စာမျက်နှာ » ၆

**စစ်မှန်သောမျိုးချစ်စိတ်ဓာတ် ရှိနေမည်ဆိုလျှင်**

ဆောင်းပါး စာမျက်နှာ » ၁၀



**စာဖတ်ခြင်း အနုပညာ**

စာမျက်နှာ » ၁၆




**အခန်းဆက်ဝတ္ထုရှည်**

စာမျက်နှာ » ၂၃

ကြေးမုံ

## ပြည်သူများပါဝင်မှုဖြင့် အေးချမ်းသာယာမှုတည်ဆောက်

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကျဆင်းလာသောကြောင့် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ခဲ့သည်။ ပြည်သူများ လူမှုစီးပွားရေးဘဝ ပုံမှန်လည်ပတ်နေကြသည်။ ကျောင်းများစတင်ဖွင့်လှစ်ချိန်တွင် ရာသီအကူးအပြောင်းကြောင့် ပုံမှန်တုပ်ကွေး ရောဂါဖြစ်ပွားမှုသာရှိခဲ့သည်။ လက်ရှိကာလနိုင်ငံရေးအခြေအနေနှင့် အကြောင်း အမျိုးမျိုးဂယက်ရိုက်ခတ်မှုကြောင့် ပညာသင်ကြားရေးအပိုင်း၌ လျော့နည်းမှုရှိသော်လည်း အလုပ်အကိုင်များ ပုံမှန်လုပ်ကိုင်နေကြသည်။

ယခုနိုဝင်ဘာလ ၈ ရက်နေ့အထိ အခြေခံပညာကျောင်းသား ကျောင်းသူ စုစုပေါင်း နှစ်သန်း သုံးသိန်း ငါးထောင်ကျော် ပညာသင်လျက်ရှိကြောင်းသိရသည်။ ကျောင်းစတင်ဖွင့်လှစ်ချိန်တွင် ကျောင်းတက်ရောက်မှုနည်းပါးသော်လည်း ကျောင်းဖွင့်ပြီး တစ်ပတ်ခန့်တွင် ကျောင်းသား ကျောင်းသူ တစ်သန်းကျော်ထပ်မံတိုးလာသဖြင့် ဝမ်းမြောက်စရာဖြစ်သည်။ ပညာလိုလားကြသော မိဘပြည်သူများက အခက်အခဲ အနှောင့်အယှက်များကြားက ကျောင်းတက်ရေးကို အားပေးခဲ့သည်။ အကြောင်း အမျိုးမျိုးကြောင့် ကျောင်းမတက်ဖြစ်သောကလေးငယ်များအတွက် နားလည်မှု ရှိသလို ကိုယ်ချင်းစာနာမှုဖြစ်ရသည်။

ပညာရေးနှင့်ပတ်သက်၍ နောက်ကျနေ၍မဖြစ်သဖြင့် ကျောင်းသား ကျောင်းသူ များ နစ်နာမှုမဖြစ်စေရန်အတွက် ပညာသင်ကြားရေးကို နိုင်ငံတော်က ကြိုးစား ဆောင်ရွက်လျက်ရှိသည်။ ပြည်သူများ ရောဂါကင်းဝေးကျန်းမာရေးအတွက် ယခု အခါ အသက် (၄၅) နှစ်အထက်ပြည်သူများအား ကိုဗစ်ကာကွယ်ဆေးထိုးနှံပေးလျက် ရှိသည့်အပြင် အသက် (၁၂) နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများကိုလည်း ကာကွယ်ဆေးထိုးပေးလျက်ရှိသည်။ ပြည်သူများကောင်းကျိုး အတွက် အဘက်ဘက်က ကြိုးပမ်းဆောင်ရွက်လျက်ရှိနေချိန်တွင် အကြမ်းဖက်အဖျက် သမားများက ပျက်စီးရာပျက်စီးကြောင်း နှောင့်ယှက်ဖျက်ဆီးမှုများပြုလုပ်နေကြရာ မကြံစည်အပ်ကောင်းသည့် ပညာရေး၊ ကျန်းမာရေးကိုပင် ဖျက်ဆီးလာကြသည်။

ယခုအခါတွင် ကျောင်းသားမိဘများနှင့် ရပ်ရွာအေးချမ်းသာယာရေးကို လိုလားသူများ၏ ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးမှုကြောင့် အချို့နေရာဒေသရှိ စာသင်ကျောင်းအချို့သာ နှောင့်ယှက်ဖျက်ဆီးမှုများ ခံခဲ့ရသည်။ အချို့နေရာများတွင် ကျောင်းသား ကျောင်းသူများကို ခြောက်လှန့်မှုများရှိသည်။ အချို့နေရာများတွင် ပညာသင်ကြားပေးသော ဆရာ ဆရာမများအား ခြိမ်းခြောက်မှုများရှိပြီး ကံ မကောင်းရှာသော ဆရာအချို့လုပ်ကြံခံခဲ့ရသည်ကို ကြားသိရသည်မှာ အလွန်ပင် ဝမ်းနည်းကြေကွဲမိသည်။ အဆိုပါလုပ်ရပ်သည် အလွန်မိုက်မဲသောလုပ်ရပ်ဖြစ်ပြီး နိုင်ငံ၏အနာဂတ်ကို ဖျက်ဆီးနေခြင်းဖြစ်သည်။ အလွန်မိုက်မဲသည့် အကြမ်းဖက် လုပ်ရပ်များကို ပြည်သူများက လက်မခံဘဲရွံရှာမုန်းတီးလျက်ရှိသည်။

ဒီမိုကရေစီကိုခုတုံးလုပ်သည့် အကြမ်းဖက်အဖျက်လုပ်ရပ်များကို ပြည်သူ များက နားလည်သိရှိလာကြပြီး ပြည်သူများ၏ပူးပေါင်းကူညီဆောင်ရွက်ပေးမှုဖြင့် လုံခြုံရေးတပ်ဖွဲ့များက အကြမ်းဖက်သမားများကို ထိရောက်စွာတိုက်ဖျက်လျက်ရှိ သည်။ ရပ်ရွာများအတွင်း အကြမ်းဖက်သမားများ၏ခြိမ်းခြောက်မှုများနှင့် အပြစ်မဲ့ ပြည်သူများအား အကြောင်းမဲ့သတ်ဖြတ်မှုများကို ရှာဖွေဖော်ထုတ်ဖမ်းဆီးခြင်းနှင့် ပြည်သူများအား အကာအကွယ်ပေးခြင်းတို့ကို အလေးထားဆောင်ရွက်လျက်ရှိသည်။ ပြည်သူများ၏ပူးပေါင်းဆောင်ရွက်မှုဖြင့် အကြမ်းဖက်မှုများကို ထိရောက်စွာ တားဆီးသွားနိုင်မည်ဖြစ်သည်။ ပြည်သူများ၏ဘဝများကိုလည်း ကာကွယ် စောင့်ရှောက်ပေးပြီး ပြည်သူများကလည်း ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်ကြပါက မြို့ရွာများလည်း တည်ငြိမ်အေးချမ်းလာပြီး ပြည်သူများလည်းစိတ်ချမ်းသာလာ မည်ဖြစ်သည်။

မိမိတို့သည် ဤနိုင်ငံတွင်နေ၍ ဤနိုင်ငံတွင် ပြည်သူများနှင့်အတူ အတူ လက်တွဲနေထိုင်လုပ်ကိုင်ဆောင်ရွက်နေကြသဖြင့် မိသားစုဝင်များဖြစ်သည်။ ထို့ကြောင့် ဤနိုင်ငံနှင့် တိုင်းရင်းသားပြည်သူအချင်းချင်း စာနာထောက်ထားရိုင်းပင်း ကူညီကြရမည်ဖြစ်သည်။ ပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည် အရေး ကြီးသဖြင့် ပြည်သူများ၏ မိမိနိုင်ငံကို ချစ်မြတ်နိုးသောစိတ်ဓာတ်ကို အခြေခံကာ တာဝန်သိမှုနှင့် တက်ကြွသောစိတ်ဓာတ်များဖြင့် ပူးပေါင်းကူညီဆောင်ရွက်ကြရန် လိုအပ်ပေသည်။ ပြည်သူ့လုံခြုံရေးအတွက် ဆောင်ရွက်ရာတွင် ပြည်သူများ၏ ပူးပေါင်းကူညီမှုဖြင့် ဆောင်ရွက်မှသာ ပြည်သူများ၏ လူမှုဘဝလုံခြုံအေးချမ်းမှုကို ရရှိမည်ဖြစ်သည်။ ပြည်သူများအနေဖြင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်သွားမည် ဆိုပါက နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူများဘဝ လုံခြုံအေးချမ်းရေးကို များစွာအထောက်အကူပြုမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်စဉ်ကိုသုံးသပ်ကြည့်လျှင် နိုင်ငံရေးသမားများက ၎င်းတို့အာဏာရရှိရေးအတွက် မရိုးမသားလုပ်ဆောင်မှုများကြောင့် ပြည်သူများမှာ အသုံးချခံဘဝများ၊ အကြမ်းဖက်မှုဖြင့် ခြိမ်းခြောက်ခံဘဝများ ရောက်ရှိနေသည်ကို တွေ့ရမည်ဖြစ်သည်။ သို့ဖြစ်ရာ ပြည်သူများအကြမ်းဖက်မှုမှကင်းဝေးရေး၊ လူမှု စီးပွားဘဝ ပြန်လည်အဆင်ပြေဦးမော့လာရေး၊ ပုံမှန်ဘဝများ ကောင်းမွန်စွာ လည်ပတ်ပြီး ရပ်ရွာများပြန်လည်အေးချမ်းသာယာလာရေးအတွက် နိုင်ငံတော်နှင့် အတူ ပြည်သူများ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ခြင်းဖြင့် တည်ငြိမ်အေးချမ်းဖွံ့ဖြိုး တိုးတက်သောနိုင်ငံတော်ဖြစ်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## မစ္စတာ ဗီနေးကူးမားအား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူ

**နေပြည်တော် နိုဝင်ဘာ ၁၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာ ကုန်လွှဲအပ်ခြင်းခံရသော အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဆော်ရက်(ဘ်)ကူမား နေရာတွင် မစ္စတာ ဗီနေးကူးမား အားခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရက သဘောတူညီပြီး ဖြစ်သည်။

မစ္စတာဗီနေးကူးမားကို ၁၉၆၉ ခုနှစ် ဩဂုတ် ၂၃ ရက်တွင် မွေးဖွားခဲ့ပြီး အိန္ဒိယနည်းပညာတက္ကသိုလ်မှ နည်းပညာ(ဂုဏ်ထူး)ဘွဲ့ကို ရရှိခဲ့သည်။ ၎င်းသည် ၁၉၉၂ ခုနှစ် တွင် အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာနသို့ စတင်ဝင်ရောက် တာဝန်ထမ်းဆောင်ခဲ့ပြီး ဥဇဘက်ကစ္စတန်နိုင်ငံ၊ ကာဂျစ် စတန်နိုင်ငံ၊ ကနေဒါနိုင်ငံ၊ ပိုလန်နိုင်ငံ၊ အီရန်နိုင်ငံ၊ အမေရိကန် ပြည်ထောင်စု၊ နီပေါနိုင်ငံနှင့် အာဖဂန်နစ္စတန်နိုင်ငံတို့ရှိ အိန္ဒိယသံရုံးနှင့် အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးများတွင် အသီးသီးတာဝန်ထမ်းဆောင်ခဲ့သည်။ အိန္ဒိယပြည်ပရေးရာ ဝန်ကြီးဌာနတွင် ၂၀၁၃ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ အရှေ့နှင့် တောင်အာရှဌာနတွင် တွဲဖက်အတွင်းဝန်အဖြစ်လည်းကောင်း၊ ၂၀၁၇ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ တောင်နှင့် နာလန္ဒာ ရှေးဟောင်း ယဉ်ကျေးမှုနယ်မြေဆိုင်ရာဌာနခွဲတွင် တွဲဖက်အတွင်းဝန် အဖြစ်လည်းကောင်း၊ ၂၀၂၀ ပြည့်နှစ်မှ ယနေ့အထိ အိန္ဒိယ ပြည်ပရေးရာဝန်ကြီးဌာနတွင် လက်ထောက်အတွင်းဝန်အဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်လျက်ရှိသည်။ ၎င်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်သည်။

**သတင်းစဉ်**

## မစ္စတာ အန်တိုနီတို ဒဲ အာရာဝီဂျူအား မြန်မာနိုင်ငံဆိုင်ရာ တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူ

**နေပြည်တော် နိုဝင်ဘာ ၁၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာ ကုန်လွှဲအပ်ခြင်းခံရသော တီမောလက်စ်တေ ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဂျိုအာ ဖရိတက်စ် ဒီ ကမ် မာရာ၏နေရာတွင် မစ္စတာ အန်တိုနီတို ဒဲ အာရာဝီဂျူအား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီး ဖြစ်သည်။

မစ္စတာ အန်တိုနီတို ဒဲ အာရာဝီဂျူကို ၁၉၆၄ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်တွင် တီမော လက်စ်တေနိုင်ငံ ဒီလီမြို့၌ မွေးဖွားခဲ့သည်။

မစ္စတာအန်တိုနီတို ဒဲ အာရာဝီဂျူ သည် ဒီလီမြို့ UNPAZ တက္ကသိုလ်မှ နိုင်ငံတကာဆက်ဆံရေးဘွဲ့ကိုရရှိခဲ့ပြီး ၂၀၀၇ ခုနှစ်မှစ၍ တီမောလက်စ်တေနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ဝင်ရောက်တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် တီမော လက်စ်တေ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် လစ္စဘွန်းမြို့၊ ဟာဗာနားမြို့နှင့် တိုကျိုမြို့တို့ရှိ တီမောလက်စ်တေသံရုံးတို့၌ ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ လက်ရှိတွင် မစ္စတာ အန်တိုနီတို ဒဲ အာရာဝီဂျူသည် ဘရူနိုင်းဒါရူဆလမ် နိုင်ငံဆိုင်ရာ တီမောလက်စ်တေသံရုံးတွင် သံရုံးယာယီတာဝန်ခံ အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ အန်တိုနီတို ဒဲ အာရာဝီဂျူသည် အိမ်ထောင်ရှင် တစ်ဦးဖြစ်ပြီး သားသမီးငါးဦးရှိသည်။ **သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၄**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ရေကြောင်း နှင့် နယ်စပ်ကုန်သွယ်ရေး စခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေး အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက် ပေးလျက်ရှိရာ ယနေ့တွင် မြဝတီနှင့် ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းတို့က



တင်သွင်းရာ၌ ကုမ္ပဏီနှစ်ခုမှ ယာဉ်စီး ရေသုံးစီးဖြင့် အောက်ဆီဂျင်(အရည်) Bowser ယာဉ်တစ်စီးဖြင့် တန် ၂၀ နှင့် နှာခေါင်းစည်း ၁၆ တန်တို့ကို တင်သွင်းခဲ့ သည်။ မြဝတီကုန်သွယ်ရေးဇုန်မှတင်သွင်း သည့် အောက်ဆီဂျင် (အရည်) Bowser ယာဉ်တစ်စီးမှာ ရန်ကုန်မြို့သို့ဖြစ် ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင် ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြု ပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက် များကိုလည်း အများပြည်သူ သိရှိစေရန် ဝန်ကြီးဌာန ဝက်ဘ်ဆိုက်ဖြစ်သည့် www.commerce.gov.mmတွင် ဝင်ရောက် ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထား ကြောင်း သိရသည်။ **သတင်းစဉ်**

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ |
| စာတည်းမှူး | - ဦးဝင်းနိုင် | သတင်းထောက်များ | ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| | | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် စာတည်းများ | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာပြင် | - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့ |
| | | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးတင်ထွန်းတာနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဧည့်ပရိသတ်များက ပေါက်မြိုင်ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြစဉ်။

❂ ရှေ့ဖုံးမှ

တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

## လှည့်လည်ကြည့်ရှု

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာသည့် ဧည့်ပရိသတ်တို့သည် ကထိန်ခံအောင်စည်သာ ပရိယတ္တိစာသင်တိုက်သို့ လှူဒါန်းရန်ခင်းကျင်းပြင်ဆင်ထားသည့် ကထိန်လျာသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် ပဒေသာပင်များအား လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်သည် သာသနာ့မဟာဗိမာန်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်၊ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် သစ်သီးတို့ကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် အခမ်းအနားအား နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့သည် ပေါက်မြိုင်ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်၍ သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြသည်။

## ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ပေါက်မြိုင်ဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ၊ ဆွမ်းဘောဇဉ်များကိုလည်းကောင်း၊ ကထိန်အလှူခံကျောင်း အောင်စည်သာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဝိစက္ခဏထံ ကထိန်လျာသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းဘောဇဉ်များကိုလည်းကောင်း ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်နှင့် ဇနီးတို့သည် တပ်ကုန်းမြို့ မဟာသီဟနာဒကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ အာစိဏ္ဏထံသို့ ကထိန်သင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းဘောဇဉ်များကို ဆက်ကပ်လှူဒါန်းပြီး အခမ်းအနားတက်ရောက်လာကြသည့် ကောင်စီဝင်များနှင့် အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ပြည်ထောင်စုတရားသူကြီးချုပ်တို့က ဆရာတော်၊ သံဃာတော်များထံ ကထိန်သင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းဘောဇဉ်များကို အသီးသီးဆက်ကပ်လှူဒါန်းကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော် နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဇနိန္ဒထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

## အနုမောဒနာတရားနာကြား

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့သည် ပေါက်မြိုင်ဆရာတော်ကြီးထံမှ အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ယနေ့ကျင်းပပြုလုပ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၁ ခုနှစ် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် ပဒေသာပင် ၄၂ ခုနှင့် လှူဒါန်းငွေများ စုစုပေါင်းတန်ဖိုးငွေကျပ် ၉၇၆၄၃၇၅၀ ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့က တပ်ကုန်းမြို့ မဟာသီဟနာဒကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ အာစိဏ္ဏထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

# ဌာနတစ်ခုချင်းအလိုက် အလုံးစုံအရည်အသွေး စီမံခန့်ခွဲမှုစနစ်ထူထောင်ပြီး လုပ်ငန်းစွမ်းဆောင်နိုင်မှုအညွှန်းကိန်းများ သတ်မှတ်ဆောင်ရွက်ရန်နှင့် နည်းပညာပံ့ပိုးပေးမှုများ လက်တွေ့အသုံးချနိုင်ရေး ဆောင်ရွက်သွားကြရမည်

**နေပြည်တော် နိုဝင်ဘာ ၁၄**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် နိုဝင်ဘာ ၁၃ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီးရှိ အမှတ်(၂) စက်မှုသင်တန်းကျောင်း (မန္တလေး)နှင့် မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ်အမှတ်(၂) စက်မှုသင်တန်းကျောင်းအုပ်ကြီးနှင့် မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးဌာနမှူးတို့က ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

### ဆွေးနွေးပြောကြား

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက အမှတ်(၂) စက်မှုသင်တန်းကျောင်း (မန္တလေး)၏ လုပ်ငန်းသစ်စီမံကိန်းတွင် CNC စက်များ အသစ်ထပ်မံဖြည့်တင်းမည်ဆိုပါက မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စက်မှုလုပ်ငန်းများနှင့် စက်မှုဝန်ကြီးဌာနရှိ စက်ရုံများ၏ လိုအပ်ချက်နှင့် ကိုက်ညီမှုရှိရန် လိုအပ်ကြောင်း၊ သင်တန်းများကို အသစ်တိုးချဲ့ဖွင့်လှစ်ပါက ဒေသတွင်းလိုအပ်ချက်စာရင်းများ ကောက်ယူဆောင်ရွက်စိစစ်ပြီးမှ လိုအပ်ချက်အတိုင်း တိုးချဲ့ဖွင့်လှစ်ရန်လိုအပ်ကြောင်း၊ သင်တန်းသားများအား Certificate of Competency – COC နှင့် Certificate of Proficiency– COP အား ခွဲခြားသိရှိနိုင်ရေး ရှင်းလင်းပေးရန် လိုအပ်ပါကြောင်း၊ မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနနှင့် အမှတ်(၂)စက်မှုသင်တန်းကျောင်း (မန္တလေး) တို့ ချိတ်ဆက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

### သိရှိလိုက်နာဆောင်ရွက်

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနအနေဖြင့် ဥပဒေ (၄)ရပ်ဖြင့် လုပ်ငန်းများဆောင်ရွက်ရမည်ဖြစ်ပြီး အဆိုပါဥပဒေ(၄)ရပ်အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပုဒ်မ(၂၉)နှင့် ပုဒ်မ(၃၀) တို့ကိုလည်း သိရှိလိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဌာနတစ်ခုချင်းအလိုက် အလုံးစုံအရည်အသွေးစီမံခန့်ခွဲမှု (Total Quality Management) စနစ်ထူထောင်ပြီး လုပ်ငန်းစွမ်းဆောင်နိုင်မှုအညွှန်းကိန်း (Key Performance Indicator – KPI) များ သတ်မှတ်ဆောင်ရွက်ရန်၊ ဘွိုင်လာစစ်ဆေးရေးဌာနအနေဖြင့် သက်တမ်း နှစ် ၁၀၀ အထက်ရှိ ဘွိုင်လာများ၏ ဓာတ်ပုံမှတ်တမ်းများပြုစုတင်ပြသွားရန်၊ SME လုပ်ငန်းများ၏ လိုအပ်ချက်များကို မြေပြင်ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရန်နှင့် နည်းပညာပံ့ပိုးပေးမှုများအား လက်တွေ့တွင် အသုံးချနိုင်ရေး ဆောင်ရွက်ရန်၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိထိရောက်ရောက် အောင်မြင်ရန် ဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။



နိုင်ငံတော်ဝန်ကြီးချုပ်ကလည်း အရည်အသွေးပြည့်မီသော ပြည်တွင်းထုတ်ကုန်များ ထုတ်လုပ်ရန် လမ်းညွှန်မှာကြားထားသဖြင့် အရည်အသွေး ပြည့်ဝသော ထုတ်ကုန်များထုတ်လုပ်သည့် စက်ရုံများဖြစ်ရန်လိုအပ်ကြောင်း၊ အရည်အသွေးပြည့်ဝပြီး အာမခံချက်ရှိသော စက်ရုံများဖြစ်စေရေးအတွက် Quality Management (Quality of an Organization)၊ CAPA၊ Root Cause Analysis၊ Risk Management နှင့် Ministry of Industry's Role in Industrial 4.0 များကို ဝန်ထမ်းများအား ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်နယ်နှင့် တိုင်းဒေသကြီးရှိ မြို့ကြီးများတွင် CHID ဘဏ်ခွဲ ၁၈ ခုအထိ ဖွင့်လှစ်နိုင်ခဲ့ပြီး ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဘဏ်ခွဲများ ဆက်လက်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၄**

ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ် (အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်) အထူးအထွေထွေအစည်းအဝေးနှင့် အဋ္ဌမအကြိမ်မြောက် နှစ်ပတ်လည်အထွေထွေ အစည်းအဝေးကို ယနေ့တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် နဝဒေးလမ်းရှိ CHID Bank (ရုံးချုပ်)၌ ကျင်းပသည်။



### ထုတ်ချေးပေးနိုင်ခဲ့

အခမ်းအနားတွင် ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ် နာယက ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးက နိုင်ငံတစ်ဝန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဘဏ္ဍာရေးအထောက်အကူ ဝန်ဆောင်မှုပေးနိုင်ရန် ပြည်နယ်နှင့်တိုင်းဒေသကြီးရှိ မြို့ကြီးများတွင် ဘဏ်ခွဲများ ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့မှအပ ဘဏ်ခွဲ ၁၈ ခုအထိ ဖွင့်လှစ်နိုင်ခဲ့ပြီး ကျန်ရှိသည့် ပြည်နယ် နှစ်ခုတွင် ဘဏ်ခွဲများ ဆက်လက်ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ CHID ဘဏ်အနေဖြင့် ဆောက်လုပ်ရေးချေးငွေနှင့် ကူးသန်းရောင်းဝယ်ရေးချေးငွေများကို နှစ်စဉ်တိုးတက်ထုတ်ချေးပေးလျက်ရှိသည့်အပြင် အိမ်ရာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေများထုတ်ချေးပေးလျက်ရှိရာ တည်ဆောက်ရေး ချေးငွေစုစုပေါင်း (၅၁ ရာခိုင်နှုန်း)နှင့် အိမ်ရာဝယ်ယူရေးချေးငွေ (၂၅ ရာခိုင်နှုန်း) ထုတ်ချေးပေးနိုင်ခဲ့ပါကြောင်း။

### ၉၇ ဘီလီယံအထိ ပံ့ပိုးပေးနိုင်ခဲ့

နှစ်စဉ် နိုင်ငံတော်ဘတ်ဂျက်ပါ ခွင့်ပြုငွေများဖြင့် ဝန်ကြီးဌာနများ၊ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့များမှ တင်ဒါအောင်မြင်သော ဆောက်လုပ်ရေးကုမ္ပဏီများ၊ လုပ်ငန်းရှင်များကို နိုင်ငံတော်၏ တည်ဆောက်ရေးလုပ်ငန်းများတွင် အရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်ချိန်ဘဏ္ဍာနှစ် ပြီးစီးရန် လိုအပ်နေသည့် ငွေကြေးများအား ထုတ်ချေးနိုင်ခဲ့ပြီး ဆောက်လုပ်ရေးကုမ္ပဏီနှင့် လုပ်ငန်းရှင် ၆၆၈ ဦးကို ချေးငွေကျပ် ၉၇ ဘီလီယံအထိ ပံ့ပိုးပေးနိုင်ခဲ့ကြောင်း၊ ယခုချိန်အထိ အိမ်ရာချေးငွေရယူသူ ၆၀၆၇ ဦးကို ချေးငွေပမာဏ ငွေကျပ် ၇၁ ဘီလီယံ ဘဏ္ဍာငွေကြေးထောက်ပံ့ပေးနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ဘဏ်လုပ်ငန်းများ တိုးတက်ဆောင်ရွက်လာနိုင်သည်နှင့်အမျှ နိုင်ငံတော်သို့ ဝင်ငွေခွန်များကို ၂၀၁၄ – ၂၀၁၅ ဘဏ္ဍာနှစ်မှစ၍ နှစ်စဉ်တိုးမြင့်ပေးဆောင်လာခဲ့ရာ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်အထိ စုစုပေါင်း ငွေကျပ် ၁၈ ဘီလီယံကျော် တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ပြီးဖြစ်ကြောင်း။

ဘဏ်၏ Mission ဖြစ်သည့် ပြည်သူများ၏ လိုအပ်ချက်များကို အကောင်းဆုံးဖြည့်ဆည်းပေးနိုင်သည့် ဘဏ်တစ်ခုဖြစ်ကြောင်း ပြည်သူများကိုယ်တိုင် စိတ်ချယုံကြည်အားကိုးရသည့် ဘဏ်ကြီးအဖြစ် ဆက်လက်တည်တံ့ခိုင်မာလာစေရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက် (၉)ရပ်တို့နှင့်အညီ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ဦးဆောင်ပံ့ပိုးမှုဖြင့် BOD အဖွဲ့ဝင်များ၊ အစုရှယ်ယာရှင်များ၊ ဘဏ်ဝန်ထမ်းများအားလုံး ပူးပေါင်းကာ ဟန်ချက်ညီညီ ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေး၊ အိမ်ရာနှင့်အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ် ဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းထိန်က ဘဏ်၏ လုပ်ထုံးလုပ်နည်းများ၊ မူဝါဒပိုင်းဆိုင်ရာများ၊ ဘဏ်လုပ်ငန်းများ စနစ်တကျလည်ပတ်နိုင်ရေးနှင့် ရှေ့ဆက်လက်ဆောက်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ပြောကြားသည်။

ဆက်လက်၍ ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံ အဆောက်အအုံဖွံ့ဖြိုးရေးဘဏ် ဒုတိယဥက္ကဋ္ဌ(၁)နှင့် ဒုတိယဥက္ကဋ္ဌ(၂)တို့က ဘဏ်လုပ်ငန်းပိုင်းဆိုင်ရာနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒါရိုက်တာအဖွဲ့ အတွင်းရေးမှူး ဦးဝင်းဇော်က ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်၏ ကုမ္ပဏီဖွဲ့စည်းပုံအခြေခံစည်းမျဉ်း (Constitution) ကိုတင်ပြအတည်ပြုချက်ရယူသည်။

### တင်ပြအတည်ပြုချက်ရယူ

ထို့နောက် ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ် ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာ၊ နှစ်ချုပ်စာရင်းများနှင့် အမြတ်ဝေစုခွဲဝေမှုများကို တင်ပြအတည်ပြုချက်ရယူခြင်း၊ စာရင်းစစ်အစီရင်ခံစာ တင်ပြအတည်ပြုချက်ရယူခြင်း၊ ဒါရိုက်တာအဖွဲ့ဝင်သုံးပုံတစ်ပုံ နုတ်ထွက်ခြင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားချက်အရ သက်တမ်း(၃)နှစ် မပြည့်သည့် နုတ်ထွက်သော ဒါရိုက်တာများအား ပြန်လည်ခန့်အပ်ခြင်း၊ ၂၀၂၁ – ၂၀၂၂ ခုနှစ်အတွက် အစိုးရခန့် ဒါရိုက်တာများ၊ ရွေးချယ်ခံရသော ဒါရိုက်တာများနှင့် အမှုဆောင်မဟုတ်သော လွတ်လပ်သော ဒါရိုက်တာအဖွဲ့ဝင် အမည်စာရင်း ကြေညာခြင်းနှင့် အတည်ပြုချက်ရယူခြင်း၊ ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာနှစ်အတွက် ပြင်ပစာရင်းစစ်ခန့်ထားခြင်းနှင့် အခကြေးငွေသတ်မှတ်ခြင်း၊ Chief Executive Officer က အစုရှယ်ယာရှင်များမှ ကြိုတင်ပေးပို့ထားသော မေးခွန်းများအား ဖြေကြားခြင်းတို့ကို အစီအစဉ်အတိုင်းဆက်လက်ဆောင်ရွက်ပြီး ဆောက်လုပ်ရေး၊ အိမ်ရာနှင့်အခြေခံ အဆောက်အအုံဖွံ့ဖြိုးရေးဘဏ် ဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဂျပန်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်ရန်ဆောင်ရွက်နိုင်မည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေး



**နေပြည်တော် နိုဝင်ဘာ ၁၄**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းနှင့် ဂျပန်နိုင်ငံ The Nippon Foundation အဖွဲ့ဥက္ကဋ္ဌ Mr. Yohei Sasakawa နှင့်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ တွေ့ဆုံကြသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် The Nippon Foundation မှ မြန်မာနိုင်ငံသို့ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ လူသားချင်း စာနာထောက်ထားမှု အကူအညီများ ပေးအပ်မည့်ကိစ္စ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ဝန်ကြီးဌာနမှ လိုအပ်မည့် ဆေးနှင့်ဆေးပစ္စည်းများ၊ ဆေးရုံ၊ ဆေးခန်းများ ဆောက်လုပ်လှူဒါန်းနိုင်မည့်ကိစ္စ၊ ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ လှူဒါန်းပေးအပ်နိုင်မည့် အခြေအနေများ၊ ဂျပန်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်ရန် ဆောင်ရွက်နိုင်မည့် ကိစ္စရပ်များ၊ ဂျပန်နိုင်ငံ၏ အကူအညီဖြင့် ဆောင်ရွက်နေသည့် ဆေးရုံဆောက်လုပ်ရေးနှင့် အဆင့်မြှင့်တင်ရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်ပေးနိုင်ရေး ကိစ္စများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

■

# ပေလီမြို့ ပေလီကမ်းခြေ ဆောင်းဦးပွဲတော်ကို ငါးရက်တိုင် ကျင်းပသွားမည်ဖြစ်ပြီး သဲသောင်ပြင်ပြိုင်ပွဲများနှင့် မြန်မာ့ရိုးရာပျော်ပွဲရွှင်ပွဲများစွာ ထည့်သွင်းကျင်းပသွားမည်

**သံတွဲ နိုဝင်ဘာ ၁၄**

ရခိုင်ပြည်နယ် သံတွဲခရိုင် ပေလီမြို့ "ပေလီကမ်းခြေဆောင်းဦးပွဲတော်" ဖွင့်ပွဲအခမ်းအနားကို ပေလီကမ်းခြေရှိ ပါရာဒိုက်ဟိုတယ်၌ ယနေ့ နံနက်ပိုင်းက ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ ပြည်နယ်ဝန်ကြီးများ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။



**ဖျော်ဖြေတင်ဆက်**

ဖွင့်ပွဲအခမ်းအနားတွင် သံတွဲ၊ တောင်ကုတ်နှင့် ဂွမြို့နယ်များမှ လှပျိုဖြူများက ရခိုင်ရိုးရာယိမ်းအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်က ပေလီဆောင်းဦးပွဲတော်ကို ၂၀၁၉ ခုနှစ်တွင်လည်း စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ကြောင်း၊ ယခုနှစ်တွင် တည်ငြိမ်အေးချမ်းလျက်ရှိသော ရခိုင်ပြည်နယ်၏ ပြယုဂ်ကို ဖော်ညွှန်းသည့်အနေဖြင့်လည်းကောင်း၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု လျော့နည်းလာခြင်းအပေါ်မူတည်၍လည်းကောင်း၊ ပြည်သူများ စိတ်လက်ပေါ့ပါးစွာ အပန်းဖြေအနားယူနိုင်ရေး ရည်ရွယ်၍လည်းကောင်း ပေလီကမ်းခြေ ဆောင်းဦးပွဲတော်ကို ကျင်းပရခြင်းဖြစ်ကြောင်း၊ ပွဲတော်ကို ယနေ့မှစ၍ ငါးရက်တိုင် ကျင်းပသွားမည်ဖြစ်ပြီး သဲသောင်ပြင်ပြိုင်ပွဲများ၊ မြန်မာ့ရိုးရာပျော်ပွဲရွှင်ပွဲများစွာကို ထည့်သွင်းကျင်းပသွားမည်ဖြစ်သည့်အတွက် ဒေသခံများနှင့် လာရောက်လည်ပတ်သည့် ခရီးသွားဧည့်သည်များအားလုံး စိတ်နှလုံးရွှင်လန်းစွာ ပါဝင်ဆင်နွှဲကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်းက ပေလီကမ်းခြေသည် ရခိုင်ပြည်နယ်၏ အဓိကအပန်းဖြေ ခရီးစဉ်ဒေသဖြစ်သကဲ့သို့ မြန်မာနိုင်ငံ၏အထင်ရှားဆုံး ကမ်းခြေတစ်ခုဖြစ်ကြောင်း၊ မြန်မာနိုင်ငံသားများအပြင် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များကပါ အသိအမှတ်ပြု တန်ဖိုးထားသည့်ဒေသဖြစ်ကြောင်း၊ အာရှ၏ အပျိုစင်ကမ်းခြေအဖြစ် တင်စားခေါ်ဝေါ်ကြကြောင်း၊ ယခုကဲ့သို့ ပြည်တွင်း ပြည်ပမှ လာရောက်အပန်းဖြေလိုသည့် ခရီးသွားဧည့်သည်များ လွတ်လပ်ပျော်ရွှင်စွာ အပန်းဖြေအနားယူနိုင်ရန် ပေလီကမ်းခြေဆောင်းဦးပွဲတော်ကို ကျင်းပနိုင်သည့်အတွက် မင်္ဂလာရှိသည့် အခမ်းအနားဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် "ပေလီကမ်းခြေဆောင်းဦးပွဲတော်" ဖွင့်ပွဲအခမ်းအနားကို ပေလီကမ်းခြေ ပါရာဒိုက်ဟိုတယ်သဲသောင်ပြင်တွင် ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး၊ ရခိုင်ပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးစံရွှေမောင်နှင့် ဟိုတယ်လုပ်ငန်းရှင်များအသင်း (ရခိုင်ဇုန်)မှ ဦးဖိုးရီအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် ဧည့်သည်တော်များက ဖျော်ဖြေတင်ဆက်နေမှုအား လှည့်လည်ကြည့်ရှုကြပြီး ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဥပဒေအသိပညာပြန့်ပွားရေးလုပ်ငန်းများ ဥပဒေရေးရာဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၄**

ဥပဒေရေးရာဝန်ကြီးဌာနသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ဥပဒေအသိပညာ ပြန့်ပွားရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဥပဒေရေးရာဝန်ကြီးဌာနမှ အရာထမ်းများကို ဥပဒေမူကြမ်းရေးဆွဲခြင်းနှင့် စိစစ်ခြင်းဆိုင်ရာ သင်တန်းများကို ဖွင့်လှစ်ပို့ချပေးခဲ့သည်။




ယခုအခါ အခြားသော ပြည်ထောင်စုဝန်ကြီးဌာနများအတွက် ဥပဒေမူကြမ်းရေးဆွဲခြင်းဆိုင်ရာ အခြေခံသင်တန်းကို ဖွင့်လှစ်၍ သင်တန်းတက်ရောက်ပြီးသော အရာထမ်းများမှတစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးဌာနအလိုက် ဆင့်ပွားသင်တန်းများ ဆက်လက်ဖွင့်လှစ် ပို့ချနိုင်စေရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဌာနဆိုင်ရာများ၊ ရှေ့နေ ရှေ့ရပ်များနှင့် ဥပဒေပညာ စိတ်ဝင်စားသူများအတွက် ဥပဒေအသိပညာ ပြန့်ပွားစေရန်နှင့် ဥပဒေမူကြမ်းများ ရေးဆွဲနိုင်ရန်ရည်ရွယ်၍ ဥပဒေရေးရာဝန်ကြီးဌာနက ဥပဒေမူကြမ်းရေးဆွဲရေး လမ်းညွှန် (Legislative Drafting Guidance) စာအုပ်ကို ပြုစုထုတ်ဝေ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဟိုပုံးမြို့ယာယီပျံကျဈေး၌ ဈေးရောင်း၊ ဈေးဝယ်များအား ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ RDT Test Kit ဖြင့် အခမဲ့စစ်ဆေးပေး

**ဟိုပုံး နိုဝင်ဘာ ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့ယာယီပျံကျဈေး၌ ဈေးရောင်း/ဈေးဝယ်များအား ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ RDT Test Kit ဖြင့် အခမဲ့စစ်ဆေးပေးခြင်းကို ယနေ့နံနက် ဖနာရီခွဲမှစတင်၍ မြို့နယ်စည်ပင်သာယာရေးဌာနနှင့် ယာယီပျံကျဈေးတို့၌ စစ်ဆေးပေးခဲ့ကြသည်။



ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်ပြည်သူ့ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးဌာနဝန်ထမ်းများ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့နှင့် စေတနာ့ဝန်ထမ်းများပူးပေါင်း၍ ဟိုပုံးမြို့ယာယီပျံကျဈေး၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ဈေးရောင်း/ဈေးဝယ်များ၊ ပြည်သူများ၊ လမ်းသွားလမ်းလာ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ RDT Test Kit ဖြင့် စစ်ဆေးပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မြန်မာ့ပင်လယ်ပြင်

**နေပြည်တော် နိုဝင်ဘာ ၁၄**

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

# ဖြေရှင်းရေးလား ပျက်သုဉ်းရေးလား

မျိုးငြိမ်းငယ်

**မြန်မာ့နိုင်ငံရေးသမိုင်းမှာ လွတ်လပ်ရေးရပြီးနောက်ပိုင်း နိုင်ငံရေးပြဿနာတွေကို ဘယ်လိုပုံစံနဲ့ ဖြေရှင်းကြသလဲဆိုတာ သင်ခန်းစာယူစရာတွေ များလှပါတယ်။ လွတ်လပ်ရေးရပြီးနောက်ပိုင်းလို့ ကာလကန့်သတ်ဆိုရခြင်းကလည်း ခေတ်သစ်မြန်မာ့နိုင်ငံရေးအစဖြစ်လို့ပါ။ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိတဲ့ ၁၉၄၈ ခုနှစ်ဆိုတာ ကမ္ဘာမှာ စစ်အေးခေတ်ကာလဖြစ်ပါတယ်။ အဲဒီမတိုင်ခင်က လက်နက်ကိုင်ရင်ဆိုင်တိုက်ခိုက်ခဲ့ကြတဲ့ ပထမကမ္ဘာစစ်၊ ဒုတိယကမ္ဘာစစ်မှာ စစ်ပွဲတွေရဲ့ဒဏ်ကို လူသားတွေ ခါးခါးသီးသီး သိရှိနားလည်ခဲ့ကြပါတယ်။**

ပထမကမ္ဘာစစ်ကြောင့် စစ်ဘက်၊ အရပ်ဘက် လူပေါင်း သန်း ၂၀ ကျော် သေဆုံးခဲ့ပြီး ၂၁ သန်းကျော် ဒဏ်ရာရရှိခဲ့ပါတယ်။ ဒုတိယကမ္ဘာစစ်မှာ ပထမကမ္ဘာစစ်ထက် ပိုမိုသေဆုံးခဲ့ပါတယ်။ ဒုတိယကမ္ဘာစစ်မှာ လူပေါင်း ၅၀ နဲ့ ၅၆ သန်းကြား သေကျေပျက်စီးခဲ့ပြီး နောက်ဆက်တွဲ သေဆုံးရသူပေါင်းက ၁၉ သန်းနဲ့ ၂၈ သန်းကြားရှိပါတယ်။ စစ်ပြီးနောက်ပိုင်းမှာလည်း စစ်ပွဲမှာပါဝင်ခဲ့တဲ့ နိုင်ငံတွေ၊ ဒေသတွေ၊ လူမျိုးတွေရဲ့ စီးပွားရေး၊ လူမှုရေးတွေအစ အားလုံးထိခိုက်ခဲ့ကြရပါတယ်။ ကမ္ဘာစစ်လိုပဲ နိုင်ငံတွင်း၊ ဒေသတွင်းဖြစ်ပွားခဲ့တဲ့ စစ်ပွဲတွေ၊ တိုက်ပွဲတွေကြောင့် ဆိုးကျိုးတွေကို ခံစားနေကြရဆဲဖြစ်ပါတယ်။

**နှစ်ပေါင်း ၇၀ ကျော်**

မြန်မာနိုင်ငံမှာဆိုရင် ပြည်တွင်းနိုင်ငံရေးပြဿနာတွေကို ဖြေရှင်းဖို့ အချင်းချင်းတိုက်ခိုက်ခဲ့ကြတာ နှစ်ပေါင်း ၇၀ ကျော် ကြာခဲ့ပါပြီ။ အောင်မြင်ခဲ့ကြသလား၊ အဲဒီနည်းလမ်းက ဘယ်ကို ဦးတည်သွားခဲ့ကြသလဲ၊ နိုင်ငံနဲ့ပြည်သူအတွက် ဘာတွေအကျိုးရှိခဲ့သလဲ၊ ဘာတွေအကျိုးပျက်စီးစေခဲ့သလဲဆိုတဲ့ မေးခွန်းဟာ ဒီကနေ့ နိုင်ငံရေးအကျပ်အတည်းတွေကို ဖြေရှင်းဖို့ နည်းလမ်းရွေးချယ်ရာမှာ များစွာအသုံးဝင်ပါလိမ့်မယ်။

ဘာကြောင့်လဲဆိုတော့ ဒီကနေ့နိုင်ငံမှာဖြစ်နေတဲ့အခြေအနေတွေနဲ့ ယှဉ်စဉ်းစားရင် အဲဒီနည်းလမ်းဟာ ဆိုးကျိုးတွေဆီကိုပဲ ဦးတည်သွားလို့ မှန်ကန်တဲ့နည်းလမ်းမဟုတ်ဘူးလို့ ကောက်ချက်ချရပါလိမ့်မယ်။ အချင်းချင်းတိုက်ခိုက်နေတဲ့ အကျိုးဆက်က ဘုံရလဒ်အဖြေရဖို့ထက် နဂိုရှိရင်းစွဲအခြေအနေတွေကိုပါ ပိုပြီးပျက်စီးသွားစေလို့ပါပဲ။

ဒီတော့ ဘာကြောင့် ဒီလိုထိပ်တိုက်ရင်ဆိုင်မှုတွေကို ရွေးချယ်ကြသလဲ၊ အခြားနည်းလမ်းတွေ ရှိနေပါလျက် အခြားနည်းလမ်းတွေကို ရှောင်လွှဲပြီး တိုက်ခိုက်မှုတွေကိုသာ အစဉ်အဆက် ရွေးချယ်ခဲ့ကြသလဲဆိုတာ မြန်မာ့နိုင်ငံရေးအတွက် အလွန်ကြီးမားတဲ့သင်ခန်းစာပဲဖြစ်ပါတယ်။ ဒါပေမဲ့ အမှားသံသရာသင်ခန်းစာကြီးကိုပဲ ဒီနေ့အထိ တစိုက်မတ်မတ်ဆုပ်ကိုင်ထားနေကြဆဲပါ။ ဒါဟာ ဒီနေ့နိုင်ငံမှာဖြစ်နေတဲ့ ပြဿနာရဲ့အဖြေကို ရှာလိုခြင်းထက် အတ္တတွေ၊ အာဃာတတွေ၊ လက်စားချေလိုစိတ်တွေ လွှမ်းကဲနေလို့ဆိုတာ နှစ်ပေါင်းဆယ်စုနှစ်များစွာအတွင်း တွေ့ခဲ့ရပြီးပါပြီ။ ဒီလိုစိတ်ထား အမြစ်တွယ်နေလို့လည်း မဆုံးနိုင်တဲ့ တိုက်ခိုက်မှုတွေ၊ ပဋိပက္ခတွေ၊ ပျက်စီးမှုတွေ ကြုံခဲ့ခံစားခဲ့ရပြီး ကြုံတွေ့နေရဆဲအခြေအနေပါ။ အခုလည်း NUG အနေနဲ့ ဒီလမ်းစဉ်ကိုပဲ ထပ်မံအသုံးပြုနေပြန်ပါတယ်။

NUG အနေနဲ့ နိုင်ငံရေးရည်မှန်းချက်အနေနဲ့ ဖက်ဒရယ်ရရှိရေး၊ ဒီမိုကရေစီရရှိရေးဆိုပြီး တဖွဖွ ပြောနေပေမယ့် လက်တွေ့မှာ NLD လက်ထက် အာဏာရရှိတဲ့အချိန်ကတောင် အကောင်အထည်ဖော်မပေးခဲ့ပါဘူး။ အာဏာအလုံးစုံရရှိရေးကိုသာ တစိုက်မတ်မတ်လုပ်ဆောင်ခဲ့တာ ပြီးခဲ့တဲ့ငါးနှစ်က သက်သေပါပဲ။ အခု NUG အနေနဲ့လည်း နိုင်ငံရေး ရည်မှန်းချက်တွေ၊ မျှော်မှန်းချက်တွေဆိုတာထက် ၎င်းတို့ အာဏာရရှိရေးကသာ ၎င်းတို့ရဲ့ ရည်မှန်းချက်အစစ်အမှန်ပဲ ဖြစ်ပါတယ်။ ဒီနေ့အထိလည်း နိုင်ငံရေးရည်မှန်းချက်ကို လက်တွေ့အကောင်အထည်မပြနိုင်သေးပါဘူး။ ဆိုးကျိုးတွေပဲ ဆက်တိုက်ဖြစ်နေပါတယ်။

**ပြည်သူတွေ ဘယ်လောက်ထိခိုက်နစ်နာခဲ့ရသလဲ**

NUG စတင်ဖွဲ့ပြီးချိန်ကစလို့ ဒီကနေ့အထိ နိုင်ငံနဲ့ပြည်သူအတွက်ဆိုပေမယ့် အဖျက်လုပ်ငန်းတွေလုပ်တာ၊ ငွေရှာဖွေတာတွေပဲ မြင်တွေ့နေရပါတယ်။ ပြည်သူတွေ ကိုဗစ် – ၁၉ ကူးစက်မှုတွေနဲ့ နပန်းလုံးနေရချိန်မှာ ကိုဗစ်ကာကွယ်ဆေးတွေရတော့မယ်၊ ကာကွယ်ဆေးတွေထိုးပေးမယ်လို့ ပြောခဲ့တာ မှတ်မိဦးမယ်ထင်ပါတယ်။ ပညာရေးအတွက် ဘယ်လိုလုပ်ပေးမယ်ဆိုတဲ့ မျှော်လင့်ချက်တွေလည်းပေးခဲ့ပါတယ်။ ကိုဗစ်ကာကွယ်ဆေးတွေ ရခဲ့ပါသလား၊ ဘယ်သူတွေကို ကာကွယ်ဆေးထိုးပေးနိုင်ခဲ့ပါသလဲ၊ ပညာရေးရော အကောင်အထည်ဖော်နိုင်ပါသလား။ ပြည်သူတွေအတွက် အကျိုးပြုနိုင်ခဲ့ပါသလား။ ကိုဗစ်ကာကွယ်ဆေးထိုးမယ့် ပြည်သူတွေကိုတောင် ကာကွယ်ဆေးမထိုးဖို့ လှုံ့ဆော်ခဲ့တာကြောင့် ကိုဗစ်တတိယလှိုင်းမှာ ပြည်သူတွေ ဘယ်လောက်ထိခိုက်နစ်နာခဲ့ရသလဲဆိုတာ မျက်မြင်ပါပဲ။ ဒါကိုကြည့်ရင် ပြည်သူတွေအကျိုးတကယ်လိုလားတာထက် ပြည်သူ့အကျိုးကို ဖျက်ဆီးနေတာလို့ပဲ မြင်မိပါတယ်။ ပြည်သူကို တကယ်ချစ်ရင်၊ ပြည်သူ့အကျိုးတကယ်လိုလားရင်၊ ပြည်သူ့အကျိုးဖော်ဆောင်လိုရင် ပြည်သူကိုဗဟိုပြုစဉ်းစားပေး၊ လုပ်ဆောင်ပေးဖို့လိုပါတယ်။

ဒါ့အပြင် အစိုးရရဲ့လုပ်ငန်းယန္တရားတွေ ရပ်ဆိုင်းဖို့ဆိုပြီး နိုင်ငံ့ဝန်ထမ်းတွေကို အသုံးချခဲ့တာ လက်တွေ့မှာ ဘယ်သူတွေ ထိခိုက်နစ်နာစေသလဲ သိဖို့လိုအပ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းတွေကို NUG အနေနဲ့ ဘယ်လောက်အထိ တာဝန်ယူ၊ တာဝန်ခံနိုင်ခဲ့သလဲ။ ဝန်ထမ်းတွေ CDM လုပ်တာဟာ နိုင်ငံအတွက်တိုက်ပွဲဝင်တာလို့ ပြောဆိုကြ၊ တိုက်တွန်းကြ၊ ဖိအားပေးကြ၊ အကြမ်းဖက်တိုက်ခိုက်နေတာ ဒီနေ့အထိပါ။ ဒီလိုလုပ်လိုက်တဲ့အတွက် အရင်ဦးဆုံး ဘယ်သူတွေထိခိုက်နစ်နာသွားသလဲဆိုတာနဲ့ ဘယ်လောက်အထိအောင်မြင်သလဲဆိုတာ NUG အနေနဲ့ ပြန်လည်သုံးသပ်ဖို့ သင့်ပါတယ်။ အခုလို ကိုဗစ်ကာလမှာ CDM လုပ်လိုက်လို့ အခက်အခဲပေါင်းစုံနဲ့ ကျပ်တည်းသွားကြတဲ့ဝန်ထမ်းတွေ၊ အကြမ်းဖက်သတ်ဖြတ်ခံရလို့ သေဆုံးသွားတဲ့သူတွေကို NUG အနေနဲ့ ဘယ်လောက်တာဝန်ယူနိုင်ခဲ့သလဲဆိုတာ ပြန်စဉ်းစားဖို့လိုပါပြီ။ လူမှုမီဒီယာတွေမှာ CDM ဝန်ထမ်းတွေကိုပေးဖို့ ငွေကြေးအလှူခံနေတာတွေ တွေ့ရပါတယ်။ ပြည်သူလူထုဆီက အလှူခံပြီးပေးနေတော့ လူထုပဲ ထပ်ပြီးဒုက္ခပေးနေသလိုပါပဲ။ CDM လုပ်ကြတော့ ဝန်ထမ်းတွေ၊ အလှူငွေထည့်ခိုင်းတော့ ပြည်သူလူထုဆိုတော့ NUG ရဲ့ လုပ်ဆောင်ချက်ဟာ ငါးကြင်းဆီနဲ့ငါးကြင်းကြော်နေပြီး နာမည်ကောင်းနဲ့ အခွင့်အရေးတွေကိုတော့ သူတို့ကသာ ယူနေတယ်လို့ သုံးသပ်ရမှာပါ။ NUG က ပြည်သူလူထုကို ချစ်တယ်ဆိုတာ အသုံးချဖို့ချစ်နေသလိုပါပဲ။

**ဆက်ကြေးကောက်သလိုဖြစ်နေ**

လူထုအတွက်ဆိုပြီး NUG က နည်းလမ်းပေါင်းစုံနဲ့ ငွေကြေးရှာနေတဲ့ကိစ္စဟာလည်း မဖြစ်သင့်ပါဘူး။ နွေဦးထီဆိုပြီး လူထုဆီကငွေတွေကို ရယူပါတယ်။ လူထုဆီက အခွန်ကောက်ခံပြီး ငွေရှာနေတာဟာ ဆက်ကြေးကောက်သလိုဖြစ်နေပါတယ်။ အခုဆိုရင် ငွေတိုက်စာချုပ်ဆိုပြီး လူထုဆီကပဲ ငွေရှာပါတယ်။ နိုင်ငံတကာမှာရှိတဲ့သူတွေဆီကနေ အလှူခံပါတယ်။ အဆိုးဆုံးကတော့ အနောက်အင်အားကြီးနိုင်ငံတွေနဲ့ OIC ကနေ ထောက်ခံမှုရဖို့နဲ့ ငွေကြေးအကူအညီတွေရဖို့ ဘင်္ဂါလီတွေကို အခွင့်အရေးပေးဖို့ လုပ်ဆောင်ခြင်းဖြစ်ပါတယ်။ ရသမျှနည်းလမ်းပေါင်းစုံနဲ့ ပြည်သူတွေဆီက ရှာ၊ နိုင်ငံတကာကရှာနဲ့ ရှာနေတာဟာ တော်လှန်ရေးအတွက်လား၊ ကိုယ်ကျိုးအတွက်လားဆိုတာလည်း ဆန်းစစ်ကြဖို့လိုပါတယ်။ လူထုဆီကိုတော့ NUG ရဲ့ ဝေဒနာတွေပဲ ရောက်လို့လာနေပါတယ်။

အဲဒီလိုနည်းလမ်းပေါင်းစုံသုံးပြီး ငွေရှာတဲ့နည်းလမ်းကို NLD လက်ထက်မှာလည်း လုပ်ခဲ့ပါတယ်။ အခွန်အကောက်တွေ တိုးကောက်တာ၊ မီးခွန်တွေတိုးလိုက်တာတွေကို မှတ်မိကြဦးမယ်ထင်ပါတယ်။ နိုင်ငံအတွက် လူထုအနေနဲ့ အခွန်ဆောင်ကြရမယ်၊ အခွန်ထမ်းရမယ်ဆိုတာ နားလည်လက်ခံပါတယ်။ ဒါဟာ နိုင်ငံသားတစ်ယောက်ရဲ့ တာဝန်ဖြစ်ပါတယ်။ ဒါပေမဲ့ ပြည်သူလူထုဆီကရလာတဲ့ အခွန်ဘဏ္ဍာငွေတွေဆိုတာ ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးအတွက်ပဲဖြစ်ရမှာပါ။ တကယ်ရော ဖြစ်ခဲ့ကြသလား။ အခုလည်း NUG က ရသမျှနည်းလမ်းပေါင်းစုံနဲ့ ရှာနေတဲ့ငွေတွေက ပြည်သူ့အကျိုးစီးပွားအတွက် ရည်ရွယ်တာ ဖြစ်နိုင်ပါ့မလား။

**အဓိကခံစားရတာကတော့**

NUG အနေနဲ့ ပြည်တွင်း ပြည်ပကရလာတဲ့ ငွေကြေးတွေနဲ့ တော်လှန်တိုက်ခိုက်နေတယ်ဆိုတော့ ဘယ်သူတွေကို ဦးတည်နေသလဲဆိုတာ ထင်ရှားနေပါတယ်။ အစိုးရတစ်ရပ်ကို တော်လှန်တယ်ဆိုပေမယ့် လက်တွေ့မှာ တိုက်ခိုက်ခံ၊ အကြမ်းဖက်ခံနေကြရတာက လူထုနဲ့ဝန်ထမ်းအများစုပါ။ NUG ရဲ့ တော်လှန်ရေးဟာ တော်လှန်ရေးအသွင်ဆောင်မလာဘဲ အကြမ်းဖက်အသွင်ဆောင်လာပါတယ်။ လက်နက်မဲ့ပြည်သူတွေ၊ ဝန်ထမ်းတွေကို အကြမ်းဖက်သတ်ဖြတ်နေတာ NUG ရဲ့ ရည်မှန်းချက်လား၊ တော်လှန်ရေးလား ဝေဝါးနေပါတယ်။ နောက်ဆုံးတော့ ပြည်သူလူထုအတွက်လို့ ဘယ်လောက်ပဲဆိုဆို အဓိကခံစားရတာကတော့ ပြည်သူလူထုရဲ့အသက်အိုးအိမ်စည်းစိမ်တွေပါပဲ။ အကြမ်းဖက်ပြီး လူထုကိုထိခိုက်စေတဲ့နည်းလမ်းတွေဟာ လက်ရှိဖြစ်နေတဲ့ နိုင်ငံရေးအကျပ်အတည်းတွေကို ပြေလည်ဖို့ဆိုတာထက် ပိုမိုဆိုးရွားနေစေပါတယ်။

နိုင်ငံရေးပြဿနာတွေ ပြေလည်စေချင်တယ်ဆိုရင် ရွေးချယ်စရာနည်းလမ်းတွေရှိနေဆဲပါ။ လူထုကိုမထိခိုက်စေတဲ့နည်းလမ်းတွေ ရှိပါတယ်။ ရွေးချယ်လို့လည်းရပါတယ်။ နိုင်ငံရေးပြဿနာကို လူထုမထိခိုက်စေတဲ့ နိုင်ငံရေးနည်းလမ်းနဲ့ ဖြေရှင်းဖို့မကြိုးစားဘဲနဲ့ အကြမ်းဖက်တိုက်ခိုက်နေတာဟာ ဖြေရှင်းရေးလိုချင်တာလား၊ ပျက်သုဉ်းရေးလိုချင်တာလား ဆန်းစစ်ရမှာပါ။ ဒါ့အပြင် အခုလို အကြမ်းဖက်နည်းလမ်းဟာ ကောင်းကျိုးထက် ဆိုးကျိုးတွေနဲ့ အကျပ်အတည်းတွေကို ပိုမိုဖြစ်နေစေပါတယ်။

**မလိုလားအပ်တဲ့ ဘေးထွက်ဆိုးကျိုးတွေ**

နိုင်ငံရေးအသွင်ပြောင်းဖို့အတွက် နိုင်ငံရေးသဘောတရားတွေ၊ အတွေ့အကြုံတွေလိုအပ်သလို ကိုယ်ကိုယ်တိုင်ရဲ့အခြေအနေကိုလည်း ထည့်သွင်းစဉ်းစားကြရမှာပါ။ နိုင်ငံရဲ့အခြေအနေ၊ ပြည်သူလူထုရဲ့အခြေအနေတွေကို အခြေခံမစဉ်းစားဘဲနဲ့ ဆန္ဒစွဲတွေနောက်လိုက်နေရင် ပေါ့စေလိုလို့ ကြောင်ရုပ်ထိုး ဆေးကြောင့်လေးဆိုတာလို မလိုလားအပ်တဲ့ ဘေးထွက်ဆိုးကျိုးတွေ ဖြစ်နေပါတယ်။ မှန်ကန်တဲ့နည်းလမ်းဆိုတာ ကိုယ့်အတွက်လည်းအဆင်ပြေ အများအတွက်လည်းအဆင်ပြေတဲ့ နည်းလမ်းဖြစ်ရပါလိမ့်မယ်။

ဖြစ်နေတဲ့ နိုင်ငံရေးပြဿနာတွေ ဖြေရှင်းဖို့အတွက် အရိုတရားတွေထက် ငါစွဲတွေ ဖက်တွယ်ထားရင် အဝိဇ္ဇာတွေဖုံးလွှမ်းပြီး ဖြေရှင်းရမယ့်နည်းလမ်းအမှန် မမြင်နိုင်ဘဲ ကိုယ်တိုင်လည်း ဆိုးကျိုးဖြစ်၊ အများပြည်သူအတွက်လည်း ဆိုးကျိုးတွေ ဆက်ကာဆက်ကာဖြစ်စေမှာပဲဖြစ်ပါတယ်။ ဒါဟာ ပြဿနာဖြေရှင်းရေး မှန်ကန်တဲ့နည်းလမ်းရွေးချယ်မှုလို့ မဆိုနိုင်ပါဘူး။ ပျက်သုဉ်းရေးနည်းလမ်းသာဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူလူထုကို ထိခိုက်ဆုံးရှုံးရတဲ့ အမှားတွေမြင်ပြီး အချိန်မီ အမှန်ပြင်ဖို့ လိုအပ်နေပါကြောင်း တိုက်တွန်းလိုက်ရပါတယ်။ ။

**NUG အနေနဲ့ နိုင်ငံရေးရည်မှန်းချက်အနေနဲ့ ဖက်ဒရယ်ရရှိရေး၊ ဒီမိုကရေစီရရှိရေးဆိုပြီး တဖွဖွ ပြောနေပေမယ့် လက်တွေ့မှာ NLD လက်ထက် အာဏာရရှိတဲ့အချိန်ကတောင် အကောင်အထည်ဖော်မပေးခဲ့ပါဘူး။ အာဏာအလုံးစုံရရှိရေးကိုသာ တစိုက်မတ်မတ်လုပ်ဆောင်ခဲ့တာ ပြီးခဲ့တဲ့ငါးနှစ်က သက်သေပါပဲ။**

# ကာကွယ်ရေးဦးစီးချုပ်(ရေ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ အိန္ဒိယနိုင်ငံ၌ ကျင်းပသည့် (၃)ကြိမ်မြောက် Goa Maritime Conclave 2021 သို့ တက်ရောက်




**နေပြည်တော် နိုဝင်ဘာ ၁၄**

အိန္ဒိယနိုင်ငံ ဂိုအာမြို့တွင် (၃)ကြိမ်မြောက် Goa Maritime Conclave 2021 (GMC–2021)ကို နိုဝင်ဘာ ၇ ရက်မှ ၉ ရက်အထိ ကျင်းပခဲ့ရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

**ဖွင့်လှစ်ပေး**

အဆိုပါ Goa Maritime Conclave ကို အိန္ဒိယနိုင်ငံ ရေတပ်မှ နှစ်နှစ်တစ်ကြိမ် အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပခြင်းဖြစ်ပြီး ယခုနှစ်တွင် အိန္ဒိယရေတပ် Naval War College က တာဝန်ယူကျင်းပခဲ့ခြင်းဖြစ်ကာ အိန္ဒိယနိုင်ငံ ကာကွယ်ရေးအတွင်းဝန် Defence Secretary Dr. Shri Ajay Kumar၊ နိုင်ငံခြားရေးအတွင်းဝန် Foreign Secretary Mr. Harsh Vardhan Shringla နှင့် အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Karambir Singh တို့က အဖွင့်မိန့်ခွန်းများ အသီးသီးပြောကြား၍ အခမ်းအနားကို ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် တက်ရောက်လာသော ရေတပ်ဦးစီးချုပ်များက Maritime Security and Emerging Non–Traditional Threats: A Case for Proactive Role for IOR Navies နှင့်ပတ်သက်၍ တည်ငြိမ်အေးချမ်းသည့် အိန္ဒိယသမုဒ္ဒရာ Peaceful India Ocean ဖြစ်စေရန်အတွက် ရေကြောင်းမူဝါဒဆိုင်ရာ သဘောထားအမြင်များကို နိုင်ငံအလိုက် ဆွေးနွေးခဲ့ကြသည်။ ထိုသို့ ဆွေးနွေးရာတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်က အိန္ဒိယသမုဒ္ဒရာ၏ မဟာဗျူဟာအချက်အချာကျမှု၊ အခွင့်အလမ်းနှင့် စိန်ခေါ်မှုများ၊ ရေကြောင်းလုံခြုံရေးဆိုင်ရာကိစ္စရပ်များတွင် တပ်မတော်(ရေ)မှ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများ၊ အိန္ဒိယသမုဒ္ဒရာအတွင်း သမားရိုးကျမဟုတ်သော လုံခြုံရေးခြိမ်းခြောက်မှုများကို Navy to Navy Staff Talks၊ Coordinated Patrol၊ Bilateral နှင့် Multilateral ပူးပေါင်း၍ ဖြေရှင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများအား ဖော်ထုတ်ဆွေးနွေးခဲ့ပြီး Comom Maritine Priorities in IOR အား ထုတ်ပြန်ကြေညာခဲ့သည်။

ဆက်လက်၍ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသော အငြိမ်းစား ရေတပ်ဦးစီးချုပ်များ၊ ရေတပ်အရာရှိကြီးများ၊ သံအမတ်ကြီးများနှင့် ကျွမ်းကျင်ပညာရှင်များက Maritime Security and Emerging Non–Traditional Threats ခေါင်းစဉ်ကိုလည်းကောင်း၊ မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၂၂ နိုင်ငံမှ ဆက်ဆံရေးကိုယ်စားလှယ်အရာရှိများ ပါဝင်ဖွဲ့စည်းထားရှိသည့် Information Fusion Centre –Indian Ocean Region(IFC–IOR)က ၂၀၂၁ ခုနှစ်အတွင်း အိန္ဒိယသမုဒ္ဒရာအတွင်း၌ ဖြစ်ပွားခဲ့သော သမားရိုးကျမဟုတ်သည့် ခြိမ်းခြောက်မှုများအပေါ် လေ့လာသုံးသပ်ခြင်း၊ ပင်လယ်ရေကြောင်း လုံခြုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့အတွက် သတင်းအချက်အလက်ဖလှယ်ခြင်း၏ အရေးပါမှုများကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။

**အမြင်ချင်းဖလှယ် ဆွေးနွေး**

ခရီးစဉ်အတွင်း ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် သီရိလင်္ကာနိုင်ငံ ရေတပ်ဦးစီးချုပ် Vice Admiral Nishantha Ulugetenne နှင့် လည်းကောင်း၊ အိန္ဒိယရေတပ် အနောက်ပိုင်းရေတပ်ကွပ်ကဲမှုဌာနချုပ် ဌာနချုပ်မှူး Vice Admiral R. Hari Kumar ၊ တောင်ပိုင်းရေတပ်ကွပ်ကဲမှုဌာနချုပ် ဌာနချုပ်မှူး Vice Admiral Anil Kumar Chawla၊ ရေကြောင်းတိုင်းတာရေးဌာနမှ Chief Hydrographer ဖြစ်သူ Vice Admiral Adhir Arora နှင့် တွေ့ဆုံပြီး အပြန်အလှန် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် Mormugoa Port Terminal ဆိပ်ကမ်းရှိ အိန္ဒိယရေတပ်၏ရေငုပ်သင်္ဘောကယ်ဆယ်ရေးရေယာဉ် Deep Submergence Rescue Vessel–DSRV သို့လည်းကောင်း၊ Kolkata Class ဒုံးပျံတင် ဖျက်သင်္ဘော INS Kochi (D64)သို့လည်းကောင်း၊ Goa Shipyard Limited သင်္ဘောကျင်းသို့ လည်းကောင်း၊ အိန္ဒိယရေတပ်၏ လေတပ်အခြေစိုက်စခန်း INS Hansa သို့လည်းကောင်း၊ Naval Aviation Museum သို့လည်းကောင်း သွားရောက်လေ့လာ ကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# “ကိုဗစ်-၁၉ ကာကွယ်ရေး၊ ပြည်သူအားလုံးပါဝင်ပေး” နှင့် “ကိုဗစ်-၁၉ ကပ်ရောဂါ၊ လက်တွဲညီညာတိုက်ဖျက်ပါ” ခေါင်းစဉ်များဖြင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုရရှိသူများစာရင်း ထုတ်ပြန်

**နေပြည်တော် နိုဝင်ဘာ ၁၄**

“ကိုဗစ်–၁၉ ကာကွယ်ရေး၊ ပြည်သူအားလုံးပါဝင်ပေး”(ဝါသနာရှင်အဆင့်)နှင့် “ကိုဗစ် – ၁၉ ကပ်ရောဂါ၊ လက်တွဲညီညာတိုက်ဖျက်ပါ” (ပညာရှင်အဆင့်) ရောင်စုံဓာတ်ပုံပြိုင်ပွဲများကို ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဩဂုတ် ၁၄ ရက်မှ အောက်တိုဘာ ၃၀ ရက်အထိ ဖိတ်ခေါ်ကျင်းပခဲ့ပါသည်။

**ပါဝင်ယှဉ်ပြိုင်**

ပြိုင်ပွဲတွင် ကိုဗစ်–၁၉ ရောဂါ ဆိုးကျိုးများ၊ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများတွင် ဌာနဆိုင်ရာများနှင့် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်နေမှုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ပရဟိတအသင်းအဖွဲ့များ၏ ဆောင်ရွက်ချက်များ၊ စေတနာ့ဝန်ထမ်းများက ပါဝင်ကူညီဆောင်ရွက်ပေးနေမှုများ၊ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနေမှုများ၊ ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနည်းလမ်းများနှင့် ပြည်သူများ လှုပ်ရှားဆောင်ရွက်နေမှုများ စသည့် အကြောင်းအရာများကို ဖော်ညွှန်းရိုက်ကူးထားသည့် ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပါသည်။

**အသိပေး အကြောင်းကြားမည်**

အဆိုပါရောင်စုံဓာတ်ပုံပြိုင်ပွဲများသို့ မြန်မာနိုင်ငံ အနှံ့အပြားမှ ဓာတ်ပုံပညာရှင် ၁၄၀ က ပြိုင်ပွဲဝင်ဓာတ်ပုံ ၃၆၂ ပုံကို ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဝါသနာရှင်အဆင့်တွင် **ပထမဆု** ဦးဇော်ဝင်း၊ **ဒုတိယဆု** ဦးမင်းလွင်ဦး၊ **တတိယဆု** ဝင်းဝင်းခိုင်တို့က ရရှိခဲ့ကြပြီး **အထူးဆုများအဖြစ်** ဦးမြင့်မော်ထွန်း၊ ဦးဇာနည်ကိုကို၊ ဦးဝင်းကျော်မြင့် နှစ်ဆု၊ ဦးကျော်သန်းတို့က အသီးသီးရရှိကြသည်။ ပညာရှင်အဆင့်တွင် **ပထမဆု** ဦးစိုင်းထွန်းနေလှိုင်၊ **ဒုတိယဆု** အောင်အောင်(ပံသုကူ)၊ **တတိယဆု** ဦးဇော်မျိုးထိုက်တို့က ရရှိခဲ့ကြပြီး **အထူးဆုများအဖြစ်** ဦးစိုင်းထွန်းနေလှိုင် နှစ်ဆု၊ အောင်အောင်(ပံသုကူ)၊ ဝေဖြိုးမောင်(U.S)၊ ပြည်စိုးထွန်း(ပန်းချီ) တို့က အသီးသီးရရှိကြသည်။ ဆုရရှိသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဆုများထိုက်တန်စွာ ချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ဆုပေးပွဲကျင်းပမည့်ရက်အား ထပ်မံအသိပေးအကြောင်းကြားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ကိုဗစ်–၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများအား ကျန်းမာရေး စောင့်ရှောက်ပေးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၄**

ကိုဗစ်–၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများအား တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍ သက်ဆိုင်ရာမြို့နယ်များ၌ Quarantine Center များ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီထိ နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၇၈ ဦးနှင့် အမျိုးသမီး ၇၈ ဦးကို လက်ခံထားရှိကြောင်း သိရသည်။

အဆိုပါ စောင့်ကြည့်လူနာများနှင့် ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၄**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ နိုဝင်ဘာ ၁၃ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ခြောက်ဦး၊ အမျိုးသမီး နှစ်ဦး စုစုပေါင်း ရှစ်ဦးတို့ကို လက်ခံခဲ့သည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်–၁၉ ရောဂါ စစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထား စာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များ ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို အဆင်ပြေ ချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီးမှ ကြီးမှူးကျင်းပမည့် (၁၀၁)ကြိမ်မြောက် အမျိုးသားအောင်ပွဲနေ့ ကျင်းပနိုင်ရန် အလှူငွေများ လှူဒါန်း



**နေပြည်တော် နိုဝင်ဘာ ၁၄**

ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး (YMBA)မှ ကြီးမှူးကျင်းပမည့် (၁၀၁) ကြိမ်မြောက် အမျိုးသားအောင်ပွဲနေ့ကျင်းပနိုင်ရန် အလှူငွေပေးအပ်ပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ဇမ္ဗူသီရိဗိမာန်၌ ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှစိုး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် အလှူရှင်များက (၁၀၁)ကြိမ်မြောက် အမျိုးသားအောင်ပွဲနေ့ ကျင်းပနိုင်ရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းရာ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## (၇၅)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသည့်အစီအစဉ်အဖြစ် ဧရာဝတီတိုင်းဒေသကြီးတွင် "တူယှဉ်နွဲ့ပျော်ဂီတပွဲတော်" တေးသီချင်းသီဆိုမှုပြိုင်ပွဲ ကျင်းပ



**ပုသိမ် နိုဝင်ဘာ ၁၄**

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ဂုဏ်ပြုသည့်အစီအစဉ်အဖြစ် ဆောင်ရွက်သည့် ဧရာဝတီတိုင်းဒေသကြီး၏ "တူယှဉ်နွဲ့ပျော်ဂီတပွဲတော်" တေးသီချင်းသီဆိုမှုပြိုင်ပွဲကို ပုသိမ်မြို့ ဧရာရွှေဝါ ခန်းမ၌ ယနေ့မွန်းလွဲ ၁ နာရီတွင် ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ် အဆင့်ဌာနဆိုင်ရာများနှင့် ခြောက်ခရိုင်မှ ပြိုင်ပွဲဝင် အဆိုဝါသနာရှင်များ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက အမှာစကား ပြောကြားရာတွင် "လာမည့် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်မှာ ကျရောက်မည့် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ပြည်သူများ မှတ်မှတ်ထင်ထင် သိရှိပြီး စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားစေရန် ကိုဗစ်-၁၉ ကပ်ရောဂါ ကာလအတွင်း ကိုယ်စိတ်ပင်ပန်းနွမ်းနယ်နေသည့် ပြည်သူများအား ဖျော်ဖြေပေးရန် ရည်ရွယ်၍ စိန်ရတုပြည်ထောင်စုနေ့ကို ဂုဏ်ပြုသည့်အစီအစဉ်အဖြစ် တူယှဉ်နွဲ့ပျော်ဂီတပွဲတော်တေးသီချင်း သီဆိုမှုပြိုင်ပွဲကို ကျင်းပခြင်းဖြစ်ကြောင်း၊ မိမိတို့တိုင်းမှ သုံးဦးပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်၍ ရွေးချယ်ခြင်းဖြစ်ကြောင်း၊ အဆိုဝါသနာရှင်များမှ ကြိုးစားယှဉ်ပြိုင်ကြစေလိုကြောင်း၊ ယနေ့ပြိုင်ပွဲရဲ့ အဆိုရှင်ရွေးချယ်ပွဲကြီးမှာ မိမိတို့မှာရှိတဲ့ စွမ်းရည်ပညာပါရမီများကို ထုတ်ဖော်ပြသခွင့်ရရှိကြမှာဖြစ်ကာ ဧရာဝတီတိုင်းဒေသကြီးဂုဏ်ကို ဖော်ဆောင်ပေးသူများဖြစ်အောင် ကြိုးစားယှဉ်ပြိုင်ကြဖို့ တိုက်တွန်းအပ်ပါကြောင်း" ပြောကြားခဲ့သည်။ ဆက်လက်၍ အကဲဖြတ်ဒိုင်အဖွဲ့မှ ဦးကျော်ကျော်က စည်းကမ်းသတ်မှတ်ချက်များနှင့် အမှတ်ပေးစည်းမျဉ်းများကို ရှင်းလင်းတင်ပြပြီး Level(1)အဆင့်ပြိုင်ပွဲ ဆက်လက်ကျင်းပခဲ့သည်။

ထို့နောက် ဝန်ကြီးချုပ်က တေးသီချင်းသီဆိုပြိုင်ပွဲဝင်ကြသူများအားလုံးကို ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ကိုတွတ်(တိုင်းပြန်/ဆက်)**

## မင်္ဂလာဒုံမြို့နယ်တွင် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးဒုတိယအကြိမ်ထိုးနှံပေး

**မင်္ဂလာဒုံ နိုဝင်ဘာ ၁၄**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေး ထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတစ်ရပ်ဖြစ်သောကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများကို ဦးတည်အုပ်စုများဖြင့် ထိုးနှံပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက ရန်ကုန်(မြောက်ပိုင်းခရိုင်) မင်္ဂလာဒုံမြို့နယ် အထက(၁) ကျောင်းရှိ မြရောခန်းမတွင် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပေးရာတွင် ကာကွယ်ဆေး မထိုးမီ ကျောင်းသား ကျောင်းသူများ၏ မိဘအုပ်ထိန်းသူများမှ ဖြည့်စွက်ပေးသည့် ကျန်းမာရေးစစ်ဆေးခြင်းဆိုင်ရာ အချက်အလက်များ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံခြင်းအတွက် မိဘအုပ်ထိန်းသူများ၏ သဘောတူခွင့်ပြုချက်အထောက်အထားများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးခြင်း၊ ကိုယ်အပူချိန် တိုင်းတာခြင်း၊ သွေးပေါင်ချိန် တိုင်းတာခြင်း၊ သွေးတွင်းအောက်ဆီဂျင်ပမာဏ တိုင်းတာခြင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုး မှတ်တမ်း ရေးသွင်းစေခြင်းတို့ ဆောင်ရွက်ပေးပြီး ပုံမှန်အနေအထားရောက်ရှိမှသာ ကာကွယ်ဆေးထိုးနှံပေးခြင်း၊ ကာကွယ်ဆေးထိုးနှံပြီးနောက် နာရီဝက်ခန့် စောင့်ကြည့်ခြင်းတို့ကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် လူမှုရေးအသင်းအဖွဲ့များက ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ပေးခဲ့သည်။



မင်္ဂလာဒုံမြို့နယ် အထက(၁) ကျောင်းတွင် ကိုဗစ်-၁၉ ရောဂါ ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံပေးရာတွင် ကာကွယ်ဆေးထိုးနှံသောကျောင်းသားကျောင်းသူ စုစုပေါင်း ၅၃၈ ဦးရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။ **သန္တာ(ပြန်/ဆက်)**




## တိုင်းဒေသကြီးများနှင့် ပြည်နယ်အသီးသီးသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဆက်လက်ပို့ဆောင်ဖြန့်ဖြူး

**ရန်ကုန် နိုဝင်ဘာ ၁၄**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ သတ်မှတ်အအေးလမ်းကြောင်း စံချိန်စံညွှန်းများအတိုင်း တပ်မတော်(လေ)မှ လေယာဉ်များ၊ Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိသည်။

ထိုသို့ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကာကွယ်ဆေးသိုလှောင်ခန်း၌ ထားရှိသော ဆေးတစ်လုံးလျှင် နှစ်ဦးထိုးနိုင်သော Sinovac ကာကွယ်ဆေးများကို မကွေးတိုင်းဒေသကြီး မကွေးမြို့သို့ Sinovac ဆေး ၈၈၃၃၂ လုံးနှင့် ဆေးထိုးအပ်များ၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့သို့ Sinovac ဆေး ၆၉၅၁၆ လုံးနှင့် ဆေးထိုးအပ်များ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့သို့ Sinovac ဆေး ၃၆၃၄၈ လုံးနှင့် ဆေးထိုးအပ်များ၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့သို့ Sinovac ဆေး ၂၂၃၈၅၆ လုံးနှင့် ဆေးထိုးအပ်များကို Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ပို့ဆောင်ပေးခဲ့ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်းနှင့် သက်ဆိုင်ရာသို့ ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အနန္တောအနန္တဂိုဏ်းဝင် ဆရာ၊ ဆရာမများ၏ နာသုံးနာ လက်ကိုင်ထား၍ ကျောင်းသား၊ ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် နိုဝင်ဘာ ၁၄**

မြန်မာနိုင်ငံ၌ ဆရာ၊ ဆရာမများအပေါ် ရိုသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ၊ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ်သဘောထား၍ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **"အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့"** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီကောင်းစားရေးကိုသာ ရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG ၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန်ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ၊ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟိရီ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက်ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ၊ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့်ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ် လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေး ရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ၊ ဆရာမများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာတတ်မြောက်ရေး၊ ပညာရည်မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ၊ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ဝန်ထမ်းကောင်းပီသစွာ အရောင်အသွေးကင်းပြီး နိုင်ငံတော်နှင့် ပြည်သူလူထုအပေါ် သစ္စာစောင့်သိရန်နှင့် လိုအပ်သည့် ဝန်ဆောင်မှုများ အပြည့်အဝပေးနိုင်အောင် ကြိုးစားဆောင်ရွက်



**နေပြည်တော် နိုဝင်ဘာ ၁၄**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် နိုဝင်ဘာ ၁၃ ရက် နံနက်ပိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝေါမြို့နယ်ရုံးတွင်လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ကျိုက်ထို၊ ဘီးလင်းမြို့နယ်ရုံးများနှင့် သထုံခရိုင်ရုံးတို့တွင်လည်းကောင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်ဦးစီးမှူးများနှင့် မြို့နယ်ဦးစီးမှူးများ၊ ဝန်ထမ်းများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားသည်။

ဒုတိယဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် သံဖြူဇရပ်မြို့ ထပ်ဆင့်လွှင့်စက်ရုံအား ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် သံဖြူဇရပ်မြို့နယ်ရုံး၊ ရေးမြို့နယ်ရုံးနှင့် ညနေပိုင်းတွင် ထားဝယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးနှင့် ထားဝယ်ထပ်ဆင့်လွှင့်စက်ရုံတို့တွင် တိုင်းဒေသကြီး ဦးစီးမှူး၊ ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးများနှင့် ဝန်ထမ်းများ၊ ထပ်ဆင့်လွှင့်စက်ရုံများမှ စက်ရုံတာဝန်ခံများအား တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။

ဒုတိယဝန်ကြီးသည် ဝန်ထမ်းများနှင့် တွေ့ဆုံရာတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှု လျော့နည်းလာပြီဖြစ်၍ မိမိတို့ စာကြည့်တိုက်များ ပြန်လည်ဖွင့်လှစ်ပြီး ပြည်သူလူထုနှင့်ထိတွေ့၍ အသိပညာပေးခြင်း၊ ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများ ပြန်လည် စတင်ဆောင်ရွက်ရန်၊ လူငယ်များ အသိပညာတိုးတက်မြင့်မားရေး သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ ဝန်ထမ်းကောင်းပီသစွာ အရောင်အသွေးကင်းပြီး နိုင်ငံတော်နှင့် ပြည်သူလူထုအပေါ် သစ္စာစောင့်သိရန်နှင့် လိုအပ်သည့် ဝန်ဆောင်မှုများ အပြည့်အဝပေးနိုင်အောင် ကြိုးစားဆောင်ရွက်ရန်၊ ကိုဗစ်-၁၉ ရောဂါကူးစက်မှု လျော့နည်းလာသော်လည်း အသိပညာပေးလုပ်ငန်းများကို မလျှော့သေးဘဲ ဆက်လက်ဆောင်ရွက်ကြရန်၊ မိမိတို့ကိုယ်တိုင် အသိပညာဗဟုသုတ ရှာဖွေလေ့လာပြီး ပြည်သူလူထုအား ဖြန့်ဝေနိုင်ရေး အလေးထားဆောင်ရွက်ကြရန်၊ ရုံးအဆောက်အအုံများနှင့် စက်ရုံ၊ စက်ပစ္စည်းများ လုံခြုံရေးဂရုပြုရန်နှင့် ထပ်ဆင့်လွှင့် စက်ရုံစက်ပစ္စည်းများ မပျက်စီး၊ မပျောက်ဆုံးအောင် ထိန်းသိမ်းစောင့်ရှောက်ကြရန် မှာကြားသည်။ **သတင်းစဉ်**

## ဥယျာဉ်မှူးမြတ်ဆရာ

☆ တောရိုင်းကိုထွင်၊ နွယ်ပင်ကိုခုတ်
သစ်ငုတ်ကိုရှင်း၊ မြေတလင်းပြင်
မြေရိုင်းသွင်ကို၊ မြေယဉ်ဖြစ်အောင်
သူစွမ်းဆောင်၏။

☆ ထိုမြေပြင်မှာ၊ ပေါင်းသင်မြေဆွ
မျိုးစေ့ချ၍၊ ယုယပြုစု
စိုက်ပျိုးမှုကြောင့်၊ သူ့ဥယျာဉ်တွင်
ရွှေမှုင်ရွှေတန်း၊ ရွှေရည်ဖျန်းသို့
ပန်းရောင်စုံများ၊ ကြွားကြွားဝင့်ဝင့်
ဖူးကြပွင့်ကြ၊ လှသွေးကြွနေ
ပွင့်ကြမြိုင်မြိုင်၊ အလှချင်းပြိုင်နေ။

☆ အလှပန်းများ၊ ပွင့်လန်းဝေဖြာ
ဥယျာဉ်သာကို၊ သူ့မှာကြည့်ပြီး
ပီတိကိုစား၊ အင်အားရှိနေ
သာယာကြည်နူးလျက်ပါလေ။

☆ ဥယျာဉ်မှူးကောင်း၊ ဆရာပေါင်း၏
ရေလောင်းပေါင်းသင်၊ ပန်းပျိုးပင်တို့
ရှင်သန်ဖို့ရေး၊ ဖေးမပြုစု
မေတ္တာထုကြောင့်၊ လူမှုဌာနေ
မြန်မာပြည်
ပန်းတွေကြိုင်လို့သင်းကာနေ
လျှမ်းဝေလှိုင်လို့ ဝင်းနေတကား။ ။

သန်းမြင့်ညိမ်း(ပုသိမ်)

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် နိုဝင်ဘာ ၁၄**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၄**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့၌ နယ်စပ် (ချင်းရွှေဟော်)တွင် ကုမ္ပဏီလေးခုတို့မှ Sodium Chloride Injection ၃၇၈၇၄၀၊ Glucose Injection ၁၁၃၄၁၀၊ နှာခေါင်းစည်း ၂၅၅၀၈ ခု၊ အောက်ဆီဂျင်အရည် ၁၅၃၃၈ ကုဗမီတာတို့အား ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်မှန်သောမျိုးချစ်စိတ်ဓာတ် ရှိနေမည်ဆိုလျှင်

**မောင်သောင်းဝင်း (တမန်ဟောင်း)**

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ကြီးမားသောမဲစာရင်း မှားယွင်းမှုများဖြစ်ပေါ်ခဲ့သဖြင့် တပ်မတော်က အာဏာရပါတီနှင့် ရွေးကောက်ပွဲကော်မရှင်တို့အား ဖြေရှင်းပေးရန် အကြိမ်ကြိမ်တောင်းဆိုခဲ့သော်လည်း တာဝန်ယူဖြေရှင်းခြင်းမရှိဘဲ လျစ်လျူရှုခဲ့သည်။ ထို့အပြင် အာဏာရပါတီသည် တတိယအကြိမ် လွှတ်တော်များခေါ်ယူပြီး အစိုးရဖွဲ့စည်းကာ နိုင်ငံတော်အာဏာကို အတင်းအဓမ္မရယူရန်ပင် ကြိုးစားလာခဲ့သည်။ ထို့ကြောင့် တပ်မတော်က ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းပြည်တာဝန်ကို ခေတ္တထိန်းသိမ်းခဲ့ရသည်။

**ကမ်းကုန်အောင်မိုက်သူများ**

ထိုအချိန်မှစ၍ CRPH၊ NUG၊ PDF များနှင့် NLD ထောက်ခံသူအစွန်းရောက်များသည် နိုင်ငံတော်အစိုးရ၏ လုပ်ဆောင်မှုမှန်သမျှကို ဆန့်ကျင်ကြသည်။ တိုင်းပြည်အလုံးစုံ ပျက်စီးရေးအတွက် နည်းလမ်းပေါင်းစုံသုံးကာ နှောင့်ယှက်တိုက်ခိုက်ကြသည်။ ကလေးငယ်များ၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများနှင့် သံဃာတော်များကိုပင်လျှင် ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ကြသည်။ ကျေးရွာများ၊ အစိုးရစာသင် ကျောင်းများနှင့် ရုံးများကို ဗုံးခွဲ၊ မီးရှို့ တိုက်ခိုက်ကြသည်။ လမ်းတံတားများကို ဖျက်ဆီးကြသည်။ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေး တာဝန်ထမ်းဆောင်နေသူများကို ပစ်ခတ် တိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့ကြသည်။ မျိုးဆက်သစ်များကို ပညာသင်ကြားပေးနေသည့် ဆရာ ဆရာမများကိုလည်း ခြိမ်းခြောက်ပစ်ခတ် သတ်ဖြတ်လာကြသည်။ ပုံမှန်ကျောင်းတက်နေသော ဆရာ ဆရာမများကိုလည်း အသက်အန္တရာယ် ခြိမ်းခြောက်လျက်ရှိသည်။ တချို့သော ဝန်ထမ်း များသည် အသက်အန္တရာယ်ကြောင့် တာဝန်ထမ်းဆောင်နိုင်ခြင်းမရှိပေ။ စိတ်မကောင်းစရာပင် ဖြစ်သည်။

**အေးချမ်းစွာနေထိုင်လို**

အမှန်တော့ CRPH နှင့် NUG တို့သည် အရွယ်မရောက်သေးသည့် လူငယ်များအား အကြမ်းဖက်လုပ်ရပ်များကျူးလွန်ရန် ပြည်ပမှနေ၍ သွေးထိုးလှုံ့ဆော်လျက်ရှိကြသည်။ ပြည်တွင်းရှိ NLD အစွန်းရောက်များကလည်း လူငယ်များကို သောင်းကျန်းသူနယ်မြေများတွင် အကြမ်းဖက်သင်တန်း တက်ရောက်ရန် ချိတ်ဆက်ပေးပို့လျက်ရှိကြသည်။ ထို့ကြောင့် တချို့သောလူငယ်များသည် CRPH နှင့် NUG တို့၏ နိုင်ငံရေးအရ အမြတ်ထုတ်အသုံးချမှုခံရလျက်ရှိသည်။ သို့သော် တချို့သောလူငယ်များသည် ၎င်းတို့၏ လုပ်ရပ်များအပေါ် နောင်တရနေပြီး ပြည်သူလူထုနှင့်အတူ ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိနေပြီ ဖြစ်သည်။ နိုင်ငံတော်အစိုးရကလည်း တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် လူငယ်များကို နွေးထွေးစွာကြိုဆိုပြီး မိဘများရင်ခွင်သို့ ပြန်လည်ပို့ဆောင်ပေးလျက်ရှိသည်။ အထူးသဖြင့် အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်လျက်ရှိသည်။

**သဘောထားကွဲလွဲခွင့်ရှိသော်လည်း**

စင်စစ်အားဖြင့် နိုင်ငံတစ်ဝန်းရှိ ပြည်သူအားလုံးသည် အေးချမ်းစွာနေထိုင် လုပ်ကိုင်စားသောက်လိုကြသည်။ မိဘများသည် ပညာသင်နှစ်တစ်နှစ် နောက်ကျနေပြီဖြစ်သည့် ရင်သွေးငယ်များကို ကျောင်းသို့ စိတ်ချလက်ချစေလွှတ်ချင်သည်။ အေးချမ်းစွာပညာသင်ယူခွင့် ရရှိစေလိုသည်။ တက္ကသိုလ်များ ဖွင့်လှစ်နိုင်ရေးအတွက်လည်း မျှော်လင့်နေကြပြီ ဖြစ်သည်။ တည်ငြိမ်အေးချမ်းမှု၏ အနှစ်သာရကိုခံစားလိုသဖြင့် အကြမ်းဖက်သမားများ၏လုပ်ရပ်အပေါ် အော့နှလုံးနာနေကြပြီ ဖြစ်သည်။

> **မြန်မာတို့၏ အမျိုး၊ ဘာသာ၊ သာသနာနှင့် ထူးခြားသော ဝိသေသလက္ခဏာများပင် မှေးမှိန်ပျောက်ကွယ်သွားနိုင်သည်။ အဆိုးရွားဆုံးအချက်မှာ ခေတ်အဆက်ဆက် တိုင်းပြည်နှင့် လူမျိုးအကျိုး သယ်ပိုးလျက်ရှိသည့် တပ်မတော်ကို အင်အားချည့်နဲ့လာအောင် ရည်ရွယ်ချက်ရှိရှိဖြင့် ဆောင်ရွက်လာခြင်းပင် ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတစ်နိုင်ငံကို ဦးဆောင်လိုသည့် လူပုဂ္ဂိုလ်နှင့် အစိုးရအဖွဲ့အစည်းအတွင်း၌ တာဝန်ထမ်းဆောင်နေသူ တစ်ဦးတစ်ယောက်ချင်းစီတွင် တိုင်းပြည်နှင့် လူမျိုးအကျိုးကို သယ်ပိုးသွားလိုသည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ရှိနေမည်ဆိုလျှင် ထိုတိုင်းပြည်သည် ကမ္ဘာတည်သရွေ့ မားမားမတ်မတ်ရပ်တည်နိုင်မည်ဖြစ်**

အမှန်တော့ ဒီမိုကရေစီစနစ်တွင် လွတ်လပ်စွာပြောဆိုရေးသားခွင့်၊ ဆန္ဒဖော်ထုတ်ခွင့်နှင့်သဘောထားကွဲလွဲခွင့်များရှိသော်လည်း မိမိနှင့်အမြင်မတူသူများကို ရန်သူအဖြစ်သဘောထားပြီး သတ်ဖြတ်ခြင်း၊ မီးရှို့ခြင်း၊ ဗုံးခွဲခြင်း၊ မိုင်းထောင်ခြင်းနှင့် နိုင်ငံတော်ယန္တရားများကို နှောင့်ယှက်ခြင်းသည် ဒီမိုကရေစီနှင့် ဆန့်ကျင်သောလုပ်ရပ်များပင် ဖြစ်သည်။ မည်သည့်ဒီမိုကရေစီနိုင်ငံတွင်မျှ အကြမ်းဖက်သတ်ဖြတ်သည့်လုပ်ရပ်ကို လက်မခံဘဲ လူသားဆန်သောအပြုအမူကိုသာ လက်ခံလေ့ရှိကြသည်။ အလားတူမြန်မာနိုင်ငံတွင်လည်း တပ်မတော်နှင့် ပြည်သူသည် CRPH၊ NUG၊ PDF အပါအဝင် အစွန်းရောက် NLD အကြမ်းဖက်သမားများ၏ အဖျက်အမှောင့်လုပ်ရပ်များကို လုံးဝလက်ခံသွားမည်မဟုတ်ချေ။ အကြမ်းဖက်သမားများကို မြန်မာ့မြေပေါ်မှ အပြီးတိုင်ချေမှုန်းတိုက်ခိုက်သွားမည်မှာ သံသယဝင်ရန်ပင်မလိုချေ။

**ချင့်ချိန်ဆောင်ရွက်နိုင်ဖို့လို**

တချို့သောသူများသည် မျက်ကန်းမျိုးချစ်များဖြစ်ကြသည်။ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ လက်တွေ့လုပ်ဆောင်ချက်ကိုမကြည့်ဘဲ မျက်စိမှိတ်ပြီး ထောက်ခံကြသည်။ ဆိုရလျှင် တချို့သော တတ်သိပညာရှင်များ၊ ပါမောက္ခများ၊ ဘွဲ့ရများသည်ပင်လျှင် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အပေါ် သဒ္ဓါလွန်နေသဖြင့် တိုင်းပြည်နှင့် လူမျိုးအရေးကို လျစ်လျူရှုနေကြသည်။ လူသားမှန်လျှင်ခံစားချက်နှင့် မကင်းသော်လည်း ထိုခံစားချက်သည် မှန်ကန်သောအကြောင်းတရားကို အရင်းခံခြင်း ရှိ၊ မရှိ ချင့်ချိန်ဆောင်ရွက်နိုင်ဖို့လိုသည်။ ဘွဲ့၊ ဒီဂရီများမည်မျှပင် ရရှိထားစေကာမူ ချင့်ချိန်နိုင်စွမ်းမရှိဘဲ စိတ်ခံစားချက်ကိုသာ ရှေ့တန်းတင်နေမည်ဆိုလျှင် မှားယွင်းသော ပြောဆို၊ ပြုမူမှုများကိုသာ လုပ်ဆောင်နေမည် ဖြစ်သည်။ ကောင်းမွန်သောရလဒ်လည်း ထွက်ပေါ်လာမည်မဟုတ်ချေ။ မည်သည့်ပြောဆို၊ ပြုမူချက်တွင်မဆို အကောင်း၊ အဆိုး၊ အကြောင်း၊ အကျိုး ဝေခွဲဆုံးဖြတ်နိုင်မှသာလျှင် မိမိနှင့် သူတစ်ပါးကို အကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။ လောကီလောကုတ်နှစ်ဖြာသောအကျိုးကို ရွက်ဆောင်နိုင်မည်ဖြစ်သည်။

**စစ်မှန်သောမျိုးချစ်စိတ်ဓာတ် ရှိနေမည်ဆိုလျှင်**

မြန်မာ့သမိုင်းကြောင်းကို ပြန်ကြည့်လျှင် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု တည်ဆောက်နိုင်သည့် ခေတ်ကာလများတွင် စစ်ရေးနှင့် စီးပွားရေးတောင့်တင်းခိုင်မာခဲ့ပြီး အိမ်နီးချင်းနိုင်ငံများကပင်လျှင် လေးစားခဲ့သည်။ သို့သော် ကုန်းဘောင်ခေတ်နှောင်းပိုင်းတွင် စစ်အင်အားချည့်နဲ့ခဲ့သဖြင့် ကိုလိုနီလက်အောက်ကျရောက်ခဲ့သည်။ ထို့နောက်ဝိုင်အမ်ဘီအေ၊ ဂျီစီဘီအေနှင့် တို့ဗမာအစည်းအရုံးတို့လို မျိုးချစ်စိတ်ဓာတ်ထက်သန်စေသည့် အသင်းကြီးများက ရဲဘော်သုံးကျိပ်ဆိုသောလူငယ်များကို ပေါက်ဖွားပေးခဲ့သည်။ ထိုမှတစ်ဆင့် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဖွဲ့စည်းကာ နယ်ချဲ့တို့ထံမှ လွတ်လပ်ရေးပြန်လည်ရရှိအောင် ကြိုးပမ်းနိုင်ခဲ့သည်။ သို့သော် နယ်ချဲ့ကိုလိုနီတို့သည် တိုင်းရင်းသားညီအစ်ကိုများအကြား သပ်လျှိုသွေးခွဲခဲ့သဖြင့် ယနေ့အချိန်အထိ တစ်နိုင်ငံလုံး လွှမ်းခြုံသည့်ငြိမ်းချမ်းရေးတည်ဆောက်နိုင်ခြင်း မရှိသေးပေ။

အထူးသဖြင့် လက်ရှိအချိန်တွင်လည်း နိုင်ငံတော်အာဏာကို အတင်းအဓမ္မရယူလိုသည့် CRPH၊ NUG၊ PDF အပါအဝင် အစွန်းရောက် NLD အကြမ်း ဖက်သမားများသည် တိုင်းပြည်အလုံးစုံ ပျက်စီးရေးအတွက် အဘက်ဘက်မှ နှောင့်ယှက်တိုက်ခိုက် ဖျက်ဆီးလျက်ရှိကြသည်။ အပြစ်မဲ့ပြည်သူများကို အကြောင်းမဲ့ ပစ်ခတ်သတ်ဖြတ်လျက်ရှိသည်။ ကိုဗစ်-၁၉ ထိန်းချုပ်ရေးတာဝန်ထမ်းဆောင်သူများကိုလည်း ဟန့်တားနှောင့်ယှက်လျက်ရှိကြသည်။ အထူးသဖြင့် ကလေးငယ်များ အေးချမ်းစွာပညာ သင်ယူနိုင်ခြင်းမရှိစေရန် ဆရာဆရာမများနှင့် မိဘများကို ခြိမ်းခြောက်လျက်ရှိကြသည်။ ပညာသင်ကြားရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် ဆရာမများကိုလည် အကြောင်းမဲ့ ပစ်ခတ်သတ်ဖြတ်လျက်ရှိကြသည်။ အမှန်တော့ နိုင်ငံတစ်နိုင်ငံကို ဦးဆောင်လိုသည့် ခေါင်းဆောင်တစ်ဦးတွင် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ရှိနေမှသာလျှင် တိုင်းပြည်၏ရေရှည်အကျိုးကို မြော်တွေးဆောင်ရွက်နိုင်မည်ဖြစ်သည်။ တိုင်းပြည်အရေးတို့တွင် အခြားတိုင်းတစ်ပါးက ဝင်ရောက်စွက်ဖက်နေမည်ဆိုလျှင်၊ တိုင်းပြည်အရေးကို စီမံခန့်ခွဲနေမည်ဆိုလျှင် ထိုတိုင်းပြည်သည် တိုင်းတစ်ပါးသားများ၏ လက်ဝေခံဘဝသို့ လုံးလုံးလျားလျား ရောက်ရှိသွားနိုင်ပေသည်။

ဆိုလိုသည်မှာ မြန်မာတို့၏ အမျိုး၊ ဘာသာ၊ သာသနာနှင့် ထူးခြားသော ဝိသေသလက္ခဏာများပင် မှေးမှိန်ပျောက်ကွယ်သွားနိုင်သည်။ အဆိုးရွားဆုံးအချက်မှာ ခေတ်အဆက်ဆက် တိုင်းပြည်နှင့် လူမျိုးအကျိုး သယ်ပိုးလျက်ရှိသည့် တပ်မတော်ကို အင်အားချည့်နဲ့လာအောင် ရည်ရွယ်ချက်ရှိရှိဖြင့် ဆောင်ရွက်လာခြင်းပင် ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတစ်နိုင်ငံကို ဦးဆောင်လိုသည့် လူပုဂ္ဂိုလ်နှင့် အစိုးရအဖွဲ့အစည်းအတွင်း၌ တာဝန်ထမ်းဆောင်နေသူ တစ်ဦးတစ်ယောက်ချင်းစီတွင် တိုင်းပြည်နှင့် လူမျိုးအကျိုးကို သယ်ပိုးသွားလိုသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ရှိနေမည်ဆိုလျှင် ထိုတိုင်းပြည်သည်ကမ္ဘာတည်သရွေ့ မားမားမတ်မတ် ရပ်တည်နိုင်မည်ဖြစ်ပေသည်။ ။

## မြသုခ အစိုးရဝန်ထမ်းပေါင်းစုံ ငွေစုငွေချေးသမဝါယမအသင်းလီမိတက်က အသင်းသားပြည်သူများအား စုဆောင်းငွေပေါ်အတိုးနှင့် အစုပေါ်အမြတ်များထုတ်ပေး




**ပင်းတယ နိုဝင်ဘာ ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် မြသုခ အစိုးရဝန်ထမ်းပေါင်းစုံငွေစုငွေချေး သမဝါယမအသင်းလီမိတက်က အသင်းသားပြည်သူများအား စုဆောင်းငွေပေါ်အတိုးနှင့် အစုပေါ်အမြတ်များထုတ်ပေးခြင်း အခမ်းအနားကို နိုဝင်ဘာ ၁၁ ရက်က မြသုခအသင်းရုံးခန်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် အသင်းအမှုဆောင်များက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် အသင်းသားပြည်သူ ၁၄၁၉ ဦးအား စုဆောင်းငွေပေါ်အတိုးငွေကျပ် ၁၃၃၁၇၅၁၇၈၊ အစုပေါ်အမြတ်ငွေကျပ် ၁၇၀၂၈၀၀ စုစုပေါင်းငွေကျပ် ၁၃၄၈၇၇၉၇၈ ကို လက်ဝယ်အရောက်ပေးအပ်ခဲ့ပြီး အသင်း၏ ငွေစုငွေချေး လုပ်ငန်းများ တိုးတက်အောင်မြင်၍ အသင်းသားပြည်သူများ၏ အကျိုးခံစားခွင့်များ ရရှိကြောင်း သိရသည်။

**သတင်းစဉ်**

■

# ကာကွယ်ဆေးထိုးနှံမှုခံယူပြီးသည့် ခရီးသွားများအား သီးသန့်ခွဲထားစောင့်ကြည့်မှုခံယူရန်မလိုကြောင်း ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဟွန်ဆန် ပြောကြား



**ဖနောင်ပင် နိုဝင်ဘာ ၁၄**

ကမ္ဘောဒီးယားနိုင်ငံ၌ နိုဝင်ဘာ ၁၅ ရက်မှစတင်ကာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုခံယူပြီးသည့် ခရီးသွားများအနေဖြင့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သီးသန့်ခွဲထား စောင့်ကြည့်မှုခံယူရန် လိုအပ်တော့မည် မဟုတ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဟွန်ဆန်က ယနေ့တွင် ပြောကြားသည်။

ကမ္ဘောဒီးယား နိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကြောင့် နိုင်ငံအတွင်းခရီးသွားလာသူများအား သီးသန့်ခွဲထား စောင့်ကြည့်မှုကို ၁၈ လကြာချမှတ်ထားခဲ့ပြီးနောက် ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုခံယူပြီးသည့် ခရီးသွားများအား သီးသန့်ခွဲထား စောင့်ကြည့်မှုခံယူရမည် မဟုတ်ကြောင်း ကြေညာချက်ကို ဝန်ကြီးချုပ် ဟွန်ဆန်က လူမှုမီဒီယာမှတစ်ဆင့် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံမှုခံယူပြီးသူများနှင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုမရှိကြောင်း အထောက်အထားပြသနိုင်သူများအား ကမ္ဘောဒီးယားနိုင်ငံအတွင်း ခရီးသွားလာခွင့်ပြုမည်ဖြစ်ကြောင်းလည်း ဝန်ကြီးချုပ် ဟွန်ဆန်က ဆက်လက်ပြောကြားသည်။

ထို့ပြင် ခရီးသွားလာသူများအနေဖြင့် ၇၂ နာရီအတွင်း စမ်းသပ်စစ်ဆေးထားသည့် ကိုဗစ်-၁၉ ရောဂါမရှိကြောင်း အထောက်အထားပြသရန်နှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံမှုခံယူပြီးကြောင်း လက်မှတ်ကို ပြသရမည်ဖြစ်ကြောင်းလည်း ဟွန်ဆန်က ဆက်လက်ပြောကြားသည်။ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးမထိုးနှံရသေးသူများမှာမူ ၁၄ ရက်ကြာ သီးသန့်ခွဲထားစောင့်ကြည့်မှုခံယူရမည် ဖြစ်ကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံ၌ နိုင်ငံလူဦးရေ ၁၆ သန်းရှိသည့်အနက် ၉၀ ရာခိုင်နှုန်းနီးပါးသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ကြောင်းလည်း သိရသည်။ **ကိုးကား-စီအင်န်အေ**

**ဘာသာပြန်-အလင်းသစ်**



# နယူးဒေလီမြို့၌ လေထုညစ်ညမ်းမှုကြောင့် စာသင်ကျောင်းနှင့် အစိုးရရုံးများအား သီတင်းပတ်တစ်ပတ်ကြာ ပိတ်ရန်ဆုံးဖြတ်

**နယူးဒေလီ နိုဝင်ဘာ ၁၄**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ လေထုညစ်ညမ်းမှုကြောင့် စာသင်ကျောင်းအားလုံးကို သီတင်းပတ်တစ်ပတ်ကြာ ပိတ်ထားမည်ဖြစ်ကြောင်း နယူးဒေလီ ဒေသန္တရအစိုးရ ဝန်ကြီးချုပ် အာဗင့်ကက်ဂျ်ရီဝါလ်က ပြောကြားသည်။

လေထုညစ်ညမ်းမှုနှင့်ပတ်သက်၍ နယူးဒေလီ ထိပ်တန်းအရာရှိများ၏ အရေးပေါ်အစည်းအဝေးတစ်ရပ် ပြုလုပ်ခဲ့ပြီးနောက် ဝန်ကြီးချုပ်က မြို့တွင်းရှိ စာသင်ကျောင်းအားလုံးကို နိုဝင်ဘာ ၁၅ ရက်မှစ၍ သီတင်းပတ်တစ်ပတ်ကြာ တရားဝင်ပိတ်ထားမည်ဖြစ်ပြီး အစိုးရတာဝန်ရှိသူများကလည်း ရုံးလုပ်ငန်းများကို နေအိမ်မှသီတင်းပတ်တစ်ပတ်ကြာဆောင်ရွက်ကြမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကရုံးများကိုလည်း အစိုးရရုံးများကဲ့သို့ ဆောင်ရွက်ကြရန် အကြောင်းကြားထားကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။

နယူးဒေလီအစိုးရသည် နယူးဒေလီမြို့၌ အသွားအလာကန့်သတ်ရန် အဆိုပြုချက်နှင့်ပတ်သက်၍ ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး ယင်းအစီအစဉ်ကို တရားရုံးချုပ်သို့ တင်ပြသွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ထပ်မံပြောကြားသည်။

ထို့အပြင် ဆောက်လုပ်ရေးလုပ်ငန်းများကို နယူးဒေလီမြို့၌ နိုဝင်ဘာ ၁၄ ရက်မှ ၁၇ ရက်အထိ ပိတ်ပင်တားမြစ်ထားကြောင်း သိရသည်။ အနီးဝန်းကျင် ပြည်နယ်များ၌ အမှိုက်မီးလောင်မှုကြောင့် နယူးဒေလီမြို့တွင် လေထုညစ်ညမ်းမှုအဆင့်မြင့်တက်လာလျက်ရှိပြီး ယင်းလေထုညစ်ညမ်းမှုကို အတူတကွတိုက်ဖျက်ရန် သက်ဆိုင်သူအားလုံးကို မေတ္တာရပ်ခံခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဒေလီ ဗဟိုလေထုညစ်ညမ်းမှု ထိန်းချုပ်ရေးဘုတ်အဖွဲ့သည် မော်တော်ယာဉ်အသုံးပြုမှု ၃၀ ရာခိုင်နှုန်းခန့်လျှော့ချရန် နယူးဒေလီမြို့ရှိ အစိုးရနှင့် ပုဂ္ဂလိကရုံးအားလုံးကို နိုဝင်ဘာ ၁၃ ရက်က အကြောင်းကြားခဲ့သည်။

ယနေ့နံနက်ပိုင်းက နယူးဒေလီမြို့ရှိ လေထုအရည်အသွေးညွှန်းကိန်း မြင့်မားလျက်ရှိကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – ဂျေတီ**

# အီကွေဒေါအကျဉ်းထောင်တစ်ခု၌ အကျဉ်းသားအချင်းချင်း ခိုက်ရန်ဖြစ်ပွား၊ အနည်းဆုံး ၆၈ ဦး သေဆုံး

**ကွီတို နိုဝင်ဘာ ၁၄**

အီကွေဒေါနိုင်ငံရှိ အကျဉ်းထောင်တစ်ခု၌ အကျဉ်းသားများအချင်းချင်း ခိုက်ရန်ဖြစ်ပွားရာ အနည်းဆုံး ၆၈ ဦး သေဆုံးပြီး ၂၅ ဦးထိခိုက်ဒဏ်ရာများရရှိကြောင်း သိရသည်။

**ရှစ်နာရီကြာမြင့်**

အဆိုပါထောင်တွင်း ပဋိပက္ခဖြစ်ပွားမှုသည် ဂူရာကွေးမြို့အနောက်ပိုင်းရှိ အကျဉ်းထောင်တစ်ခု၌ ဖြစ်ပွားခဲ့ပြီး အခင်းဖြစ်ပွားချိန် ရှစ်နာရီကြာမြင့်သည်ဟု စုံစမ်းစစ်ဆေးရေးတာဝန်ရှိသူများက ပြောသည်။

ရာဇဝတ်အဖွဲ့အစည်းဝင်အကျဉ်းသားများက အကျဉ်းထောင်အရာရှိများအား ဓားများဖြင့် ထိုးပြီး သေနတ်များနှင့် ပေါက်ကွဲစေသည့်ပစ္စည်းများကို ယူဆောင်သွားခဲ့သည်ဟု ဒေသန္တရမီဒီယာများက သတင်းဖော်ပြသည်။

အကျဉ်းထောင်အတွင်း ထိန်းချုပ်ခွင့်ရရှိရေးအတွက် ရာဇဝတ်အဖွဲ့အစည်းဝင် အကျဉ်းသားအချင်းချင်း တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း အစီရင်ခံစာများတွင် ဖော်ပြသည်။

အီကွေဒေါသမ္မတ ဂွါလာမိုလာဆိုက အကျဉ်းထောင်များအတွင်း တည်ငြိမ်အေးချမ်းမှုရရှိစေရေးအတွက် ကာကွယ်ရေးတပ်ဖွဲ့ဝင်များအား စက်တင်ဘာလအတွင်း တပ်ဖြန့်ထားကြောင်း သိရသည်။

ယခုဖြစ်ပွားသည့် အကျဉ်းထောင်အတွင်း ခိုက်ရန်ဖြစ်ပွားမှုသည် နိုင်ငံတကာ မူးယစ်ဆေးဝါးဂိုဏ်းများနှင့်ပတ်သက်မှုရှိကြောင်း တာဝန်ရှိသူများက ဆိုသည်။

အဆိုပါအကျဉ်းထောင်တွင် စက်တင်ဘာလအတွင်းကလည်း အလားတူဖြစ်ရပ်တစ်ခု ဖြစ်ပွားခဲ့ပြီး ၁၁၈ ဦး သေဆုံးခဲ့သည်။

**ကိုးကား– အင်န်အီတီချ်ကေ**

**ဘာသာပြန်– အောင်ကျော်ကျော်**



# ဘူလ်ဂေးရီးယားနိုင်ငံ၌ ဆေးရုံမီးလောင်မှုဖြစ်ပွား၊ ကိုဗစ်-၁၉ ရောဂါလူနာ သုံးဦး သေဆုံး

**ဆိုဖီယာ နိုဝင်ဘာ ၁၄**

ဘူလ်ဂေးရီးယားနိုင်ငံအရှေ့တောင်ဘက် ဆလီဗင်မြို့ရှိ ကိုဗစ်-၁၉ ရောဂါလူနာများ ဆေးဝါးကုသမှုခံယူလျက်ရှိသော ဆေးရုံတစ်ရုံ၌ ယနေ့ မီးလောင်မှုဖြစ်ပွားမှုကြောင့် လူနာသုံးဦးသေဆုံးကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ မီးလောင်မှုမှာ ကိုဗစ်-၁၉ ရောဂါလူနာများ ဆေးဝါးကုသမှုခံယူလျက်ရှိသော လူနာဆောင်တစ်ခု၌ ယနေ့ဒေသစံတော်ချိန်မွန်းလွဲ ၂ နာရီ ၃၉ မိနစ်ခန့်က ဖြစ်ပွားခဲ့ကြောင်း ဒေသဆိုင်ရာမီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဗလာဒီမာဒီမီရက်ဗ်က သတင်းထောက်များအား ပြောကြားသည်။

လူနာနှစ်ဦး၏အလောင်းကို အဆိုပါလူနာဆောင်ထဲ၌ မီးသတ်တပ်ဖွဲ့က ရှာဖွေတွေ့ရှိခဲ့ပြီး အခြားလူနာတစ်ဦးကို ဆေးဝါးကုသမှုခံယူရန် ဆေးရုံသို့ ပို့ဆောင်ထားသော်လည်း မကြာမီအချိန်တွင် သေဆုံးခဲ့ကြောင်း ဒီမီရက်ဗ်က ထပ်မံပြောကြားသည်။

တာဝန်ရှိသူများက အဆိုပါမီးလောင်မှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှု လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – ဂျေတီ**

# တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတစ်အကြိမ်ထိုးနှံမှုခံယူပြီးသူ ၅၅ ဒသမ ၈၁ သန်းကျော်ရှိ

**အန်ကာရာ နိုဝင်ဘာ ၁၄**

တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတစ်ကြိမ်ထိုးနှံမှုခံယူပြီးသူပေါင်း ၅၅ ဒသမ ၈၁ သန်းကျော်ရှိကြောင်း တူရကီကျန်းမာရေးဝန်ကြီးဌာနက ယနေ့တွင် အတည်ပြုပြောကြားသည်။

တူရကီနိုင်ငံသည် တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို နိုင်ငံအတွင်း အရေးပေါ်အသုံးပြုရန် တူရကီကျန်းမာရေး အာဏာပိုင်များက အတည်ပြုပေးခဲ့ပြီးနောက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဇန်နဝါရီ ၁၄ ရက်တွင် စတင်ခဲ့သည်။

လက်ရှိတွင် တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံမှုခံယူပြီးသူပေါင်း ၄၉ ဒသမ ၅၉ သန်းကျော်ရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ စုစုပေါင်း ၁၁၈ ဒသမ ၃ သန်းကျော်အသုံးပြုပြီးဖြစ်ကြောင်း သိရသည်။

တူရကီနိုင်ငံသည် လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုမြင့်တက်ခြင်းနှင့်ရင်ဆိုင်နေရပြီး လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၂၅၈၃ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း၌ ကူးစက်ခံရသူပေါင်း ၈၃၈၆၅၄၂ ဦးရှိလာကြောင်း တူရကီကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ထို့ပြင် တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၁၅ ဦး ထပ်မံတွေ့ရှိရသဖြင့် သေဆုံးသူပေါင်း ၇၃၃၄၂ ဦးရှိလာကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၂၅၂၅၄ ဦးရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**



# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၂ ဒသမ ၅၄ သန်းကျော်ရှိလာ



**ကွာလာလမ်ပူ နိုဝင်ဘာ ၁၄**

မလေးရှားနိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၈၀၉ ဦးရှိခြင်းကြောင့် ကူးစက်ခံရသူပေါင်း ၂၅၄၁၁၄၇ ဦးရှိလာကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

အဆိုပါတစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၈၀၉ ဦးအနက် ၅၇၈၂ ဦးသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ၂၇ ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအနက်မှ ကူးစက်ခံရသူများဖြစ်ကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်မှတစ်ဆင့် ထုတ်ပြန်သည့် အချက်အလက်များက ဖော်ပြထားသည်။

ထို့ပြင် မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၅၅ ဦး ထပ်တိုးလာသဖြင့် သေဆုံးသူပေါင်း ၂၉၆၃၁ ဦးရှိလာကြောင်း သိရသည်။ အလားတူ မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၄၇၁၂ ဦးရှိခြင်းကြောင့် ပြန်လည်ကျန်းမာလာသူပေါင်း ၂၄၄၆၁၉၇ ဦးရှိလာကြောင်း သိရသည်။

မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာပေါင်း ၆၅၃၁၉ ဦးရှိကြောင်း၊ ယင်းတို့အနက် ၅၂၇ ဦးသည် အထူးကြပ်မတ်ကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်းနှင့် ၂၇၇ ဦးသည် အသက်ရှူအထောက်အကူပြုကိရိယာများ လိုအပ်လျက်ရှိကြောင်း သိရသည်။

လက်ရှိတွင် မလေးရှားနိုင်ငံ၌ နိုင်ငံလူဦးရေ၏ ၇၈ ဒသမ ၄ သန်းခန့်သည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတစ်ကြိမ် ထိုးနှံပြီးဖြစ်ကြောင်းနှင့် ၇၅ ဒသမ ၉ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ အပိုဆောင်းထိုးနှံမှုအစီအစဉ် မကြာမီစတင်မည်

**တိုကျို နိုဝင်ဘာ ၁၄**

ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါအပိုဆောင်းထိုးနှံမှုအစီအစဉ်ကို မကြာမီစတင်မည်ဖြစ်သည့်အတွက် ကာကွယ်ဆေးအလုံးရေ ၄ ဒသမ ၁၂ သန်းကို နိုင်ငံတစ်ဝန်းရှိ ကာကွယ်ဆေးထိုးနှံရေးစင်တာများသို့ နိုဝင်ဘာ ၁၅ ရက်တွင် ပေးပို့သွားမည်ဖြစ်သည်။ ကျန်းမာရေးဝန်ထမ်းများအား ဒီဇင်ဘာလအတွင်း ကာကွယ်ဆေးအပိုထပ်ဆောင်းထိုးနှံပေးမည်ဖြစ်ပြီး သက်ကြီးရွယ်အိုများအား ဇန်နဝါရီလတွင် ထိုးနှံပေးသွားမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

အဆိုပါကာကွယ်ဆေး အပိုထပ်ဆောင်းထိုးနှံမှုအစီအစဉ်တွင် လွန်ခဲ့သော ရှစ်လအတွင်း ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံမှုခံယူပြီးသည့် အသက် ၁၈ နှစ်နှင့်အထက်ပြည်သူများအား ထိုးနှံပေးမည်ဖြစ်သည်။ ကာကွယ်ဆေးအပိုထပ်ဆောင်းထိုးနှံရာတွင် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အသုံးပြုသွားမည်ဖြစ်သည်။

ကာကွယ်ဆေးအပိုထပ်ဆောင်းထိုးနှံရန် နိုင်ငံတစ်ဝန်းရှိ ပြည်နယ်များအား ဖြန့်ဖြူးပေးရာတွင် မေလအတွင်းက ကာကွယ်ဆေးဒုတိယအကြိမ် ထိုးနှံမှုခံယူထားသည့် ပြည်သူအရေအတွက်အပေါ်မူတည်ပြီး ခွဲဝေဖြန့်ဖြူးပေးမည်ဖြစ်သည်။

ထို့ပြင် Moderna ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်မျိုးပေါင်းစပ်ပြီး အသုံးပြုရာတွင် အစွမ်းထက်မှု ရှိ၊ မရှိနှင့်ပတ်သက်ပြီး ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက စစ်ဆေးအကဲဖြတ်သွားမည်ဖြစ်သည်။

Moderna ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ကာကွယ်ဆေးအပိုထပ်ဆောင်းထိုးနှံရာတွင် အသုံးပြုရန် ကျန်းမာရေးအာဏာပိုင်များက ယခုနှစ်မကုန်မီ ဆုံးဖြတ်ချက်ချမှတ်သွားမည်ဖြစ်သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အောင်ကျော်ကျော်**

# အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၈ ဒသမ ၅၆ သန်းနီးပါးရှိလာ

**အဒစ်အဘာဘာ နိုဝင်ဘာ ၁၄**

အာဖရိကတိုက်၌ ယမန်နေ့ မွန်းလွဲပိုင်းအထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၈၅၅၆၂၅၂ ဦးရှိလာကြောင်း အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

အာဖရိကသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးအေဂျင်စီများအား ကိုယ်စားပြုသည့် အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ ပြောကြားချက်အရ အာဖရိကတိုက်တစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၂၂၀၉၃၄ ဦးရှိလာကြောင်း သိရသည်။ လက်ရှိတွင် အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၇၉၇၆၈၈၂ ဦးရှိကြောင်း သိရသည်။



တောင်အာဖရိကနိုင်ငံ၊ မော်ရိုကိုနိုင်ငံ၊ တူနီးရှားနိုင်ငံနှင့် အီသီယိုးပီးယားနိုင်ငံတို့သည် အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု အများဆုံးနိုင်ငံများဖြစ်ကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

အာဖရိကတိုက်၌ အာဖရိကတောင်ပိုင်းဒေသသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု အများဆုံးဒေသဖြစ်ပြီး အာဖရိကမြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသတို့သည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု ဒုတိယအများဆုံးဒေသများ ဖြစ်ကာ အာဖရိကအလယ်ပိုင်းဒေသသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုအနည်းဆုံးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# ဩစတြေးလျနိုင်ငံက အသက် ၁၂ နှစ်အောက်ကလေးငယ်များအား ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှစ၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးမည်

**မဲလ်ဘုန်း နိုဝင်ဘာ ၁၄**

ဩစတြေးလျနိုင်ငံသည် အသက် ၁၂ နှစ်အောက် ကလေးငယ်များအား ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှစ၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အများဆုံးထိုးနှံပေးနိုင်သည့် နိုင်ငံများ အနက် တစ်နိုင်ငံဖြစ်လာတော့မည်ဖြစ်ကြောင်း ဩစတြေးလျကျန်းမာရေး ဝန်ကြီး ဂရက်ဟန့်က ယနေ့တွင် ပြောကြားသည်။

အသက်ငါးနှစ်နှင့် ၁၁ နှစ်အကြား အသက်အရွယ်ရှိသည့် ကလေးငယ်များ အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးရန် ဩစတြေးလျကျန်းမာရေး အာဏာပိုင်များက သုံးသပ်မှုများ လုပ်ဆောင်လျက်ရှိပြီး ယခုနှစ်အတွင်း ထိုးနှံပေးနိုင်ရန် ဖြစ်နိုင်ဖွယ်မရှိကြောင်း ဩစတြေးလျ ကျန်းမာရေးဝန်ကြီး ဂရက်ဟန့်က ပြောကြားသည်။

လက်ရှိတွင် ဩစတြေးလျနိုင်ငံ၌ အသက် ၁၆ နှစ်နှင့်အထက် အသက်အရွယ်ရှိသူများ၏ ၉၀ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်းနှင့် ၈၃ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

ဩစတြေးလျနိုင်ငံ၏ လူဦးရေ အများဆုံးပြည်နယ်များဖြစ်သည့် နယူးဆောက်ဝေးလ်နှင့် ဗစ်တိုးရီးယားပြည်နယ်တို့တွင် ဒယ်လ်တာဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုများ ဖြစ်ပွားနေသော်လည်း နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူပြီးသူ အများအပြားရှိနေပြီဖြစ်သောကြောင့် ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားပြီးနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် နိုင်ငံတကာ နယ်စပ်ဒေသများကို ယခုလအတွင်း ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**ကိုးကား - စီအင်န်အေ**
**ဘာသာပြန် - အလင်းသစ်**



## စင်ကာပူနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၃၀၄ ဦး ထပ်မံတွေ့ရှိ



**စင်ကာပူ နိုဝင်ဘာ ၁၄**

စင်ကာပူနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၃၀၄ ဦး ထပ်မံတွေ့ရှိခဲ့ပြီး အဆိုပါ ရောဂါကြောင့် ၁၄ ဦး ထပ်မံသေဆုံးခဲ့ကြောင်း သိရသည်။

ရောဂါ ထပ်မံကူးစက်ခံရသူများ အနက် ငါးဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည် ရောက်ရှိလာသူများဖြစ်ပြီး ကျန် ၂၂၉၉ ဦးသည် ဒေသတွင်းရောဂါ ကူးစက်ခံရသူများဖြစ်ကြောင်း စင်ကာပူ ကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၃၅၄၈၀ ရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၅၇၆ ဦးရှိပြီဖြစ်သည်။

ပြည်သူ ၈၅ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံမှုခံယူထားပြီးဖြစ်ပြီး ၈၆ ရာခိုင်နှုန်းသည် ကာကွယ်ဆေးတစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်သည်။ ထို့ပြင် ပြည်သူ ၂၀ ရာခိုင်နှုန်းသည် ကာကွယ်ဆေး အပိုထပ်ဆောင်းထိုးနှံမှု ခံယူထားပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**

## ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၈၈၂၃ ဦး ထပ်မံတွေ့ရှိ

**မော်စကို နိုဝင်ဘာ ၁၄**

ရုရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၈၈၂၃ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၉၀၇၀၆၇၄ ဦး ရှိလာပြီဖြစ်သည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် ၁၂၁၉ ဦး ထပ်မံသေဆုံးခဲ့ရာ သေဆုံးသူပေါင်း ၂၅၃၈၆ ဦးရှိပြီဖြစ်သည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ၂၉၈၂၁ ဦး ရောဂါမှပြန်လည်ကျန်းမာလာသည့်အတွက် ဆေးရုံများမှ ပြန်ဆင်းသွားခဲ့ရာ ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်လာသူပေါင်း ၇၇၈၄၅၈၅ ဦးရှိလာကြောင်း သိရသည်။

မော်စကိုမြို့၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါကူးစက်ခံရသူ ၃၇၃၄ ဦး ထပ်မံတွေ့ရှိခဲ့ရာ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၈၉၅၁၆၂ ဦးရှိလာသည်။

လက်ရှိအချိန်အထိ ပြည်သူ ၆၃ ဒသမ ၁ သန်းကျော်သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးပထမအကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ပြီး ၅၇ ဒသမ ၉ သန်းသည် ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်သည်။

**ကိုးကား- အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - အောင်ကျော်ကျော်**

## အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃၄ ဒသမ ၄၃ သန်းကျော်ရှိလာ

**နယူးဒေလီ နိုဝင်ဘာ ၁၄**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၁၂၇၁ ဦး ရှိခြင်းကြောင့် လက်ရှိတွင် ကူးစက်ခံရသူပေါင်း ၃၄၄၃၇၃၀၇ ဦး ရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ အချက်အလက်များအရ သိရသည်။

**သေဆုံးသူ စုစုပေါင်း ၄၆၃၅၃၀ ရှိ**

ထို့ပြင် အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၈၅ ဦး ထပ်တိုးလာခြင်းကြောင့် သေဆုံးသူပေါင်း ၄၆၃၅၃၀ ရှိလာကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာစုစုပေါင်း ၁၃၅၉၁၈ ဦးရှိကြောင်း အိန္ဒိယ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၁၁၃၇၆ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၃၃၈၃၇၈၅၉ ဦးရှိလာကြောင်း အိန္ဒိယ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

■



| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | သေဆုံးသူ | ပြန်လည်ကျန်းမာလာသူ |
|---|---|---|---|
| | ၂၅၃၈၁၅၁၁၀ ဦး | ၅၁၁၃၅၈၄ ဦး | ၂၂၉၅၁၈၁၆၇ ဦး |

# ပုလော၊ မူဆယ်၊ တာချီလိတ်နှင့် မြဝတီမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၁၄
ပုလောမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၂ ရက် ညနေ ၄ နာရီခွဲတွင် ပုလောမြို့နယ် ကြဲကျေးရွာ အုပ်စု မီးလောင်ချောင်းကျေးရွာ အနီး၌ ဌေးဌေးနိုင် (ခ) ယုဟို (ခ) သားကြီး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၀၀ ကို သိမ်းဆည်းရမိခဲ့သည်။

### စစ်ဆေးရှာဖွေ

ထို့အတူ နိုဝင်ဘာ ၁၃ ရက် နံနက် ၁၁ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့နယ် မိုင်းယုကျေးရွာအနီး မူဆယ်-ကွတ်ခိုင်သွား ကားလမ်းတွင် အိုက်ပေါင်း မောင်းနှင်လာသည့် ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၂၇ ကီလိုကို လည်းကောင်း၊ ထို့ပြင် ယင်းနေ့ မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက် ရွှေလသာလမ်းတွင် ကိုကိုမောင် (ခ)ကိုမောင် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေး ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကို လည်းကောင်း။

အလားတူ ယင်းနေ့ နံနက် ၁၁ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မြဝတီမြို့နယ် ကော့ကရိတ်-မြဝတီသွား ကားလမ်း သဃ်န်း ညီနောင်ကျေးရွာ ပူးပေါင်း စစ်ဆေးရေးစခန်းတွင် စောခင် သန်းကျော်ကျော် မောင်းနှင်ပြီး မြိုင်ထွန်း လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေး ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၇၅ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# ပညာရေးယန္တရားကို ထိခိုက်ပျက်ပြားစေလိုသည့် အကြမ်းဖက်သမားများက ဆရာ ဆရာမများနှင့် ပညာရေးဝန်ထမ်းများ၏ အသက်အန္တရာယ်ကို ထိခိုက်စေသည်အထိပါ အကြမ်းဖက်မှုများ ကျူးလွန်

နေပြည်တော် နိုဝင်ဘာ ၁၄
အကြမ်းဖက်အဖွဲ့များဖြစ်သော CRPH နှင့် NUG တို့သည် အလုံးစုံပျက်သုဉ်းရေး ဦးတည်ချက်များဖြင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့ကို ဖွဲ့စည်း၍ အချို့သောဒေသများတွင် အေးချမ်းစွာနေထိုင်ကြသော အပြစ်မဲ့ပြည်သူများအား အကြောင်းပြချက်မျိုးစုံဖြင့် စွပ်စွဲသတ်ဖြတ်ခြင်းများ လုပ်ဆောင်လျက်ရှိသည်။ လက်ရှိအချိန်တွင် ပညာသင်ကြားရမည့် ကျောင်းသား ကျောင်းသူများ၏ စာသင်နှစ် နစ်နာမှုမရှိစေရန် အတွက် ကျောင်းများ ပြန်လည်ဖွင့်လှစ်ခြင်းအပေါ် ထိခိုက်ပျက်စီးစေလိုသော အကြမ်းဖက်သမားများက အနန္တဂိုဏ်းဝင် ဆရာ ဆရာမများ၊ ပညာရေးဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများအား ခြိမ်းခြောက်ခြင်းများအပြင် လုပ်ကြံသတ်ဖြတ်သည် အထိပါ အကြမ်းဖက်မှု လုပ်ရပ်များကို ကျူးလွန်လျက်ရှိကြသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ နိုဝင်ဘာ ၁၃ ရက် မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် ကူလဲအနောက်ကျေးရွာနေ ဦးကျော်မင်းစိန် (ဘ) ဦးငါးလုံးနှင့် ကူလဲအနောက် အခြေခံပညာ မူလတန်းလွန်ကျောင်းမှ ကျောင်းဆရာ ဦးသန်းလင်း (ဘ) ဦးထွန်းရှိန်တို့သည် ဒေသအခေါ် ကြက်ချောင်တော စားကျက်ဘက်ရှိ မြေပဲခင်းသို့ သွားရောက်စဉ် PDF အကြမ်းဖက်သမားများက တားဆီး၍ ၎င်းတို့နှစ်ဦးအား မြေပြင်၌ မှောက်ခိုင်းကာ ဦးကျော်မင်းစိန်အား တူမီးသေနတ်ဖြင့် ပစ်ခတ်ပြီး ကျောင်းဆရာ ဦးသန်းလင်းအား အကြောင်းမဲ့တူမီးသေနတ်ဒင်ဖြင့် အကြမ်းဖက်ထုရိုက်ခဲ့ကြောင်း၊ အဆိုပါအကြမ်းဖက်ဖြစ်စဉ်ကြောင့် ဦးကျော်မင်းစိန်သည် ကျည်ထိမှန်ဒဏ်ရာဖြင့် နေရာ၌သေဆုံးသွားခဲ့ပြီး ဦးသန်းလင်းတွင် ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

### အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်လာ

အကြမ်းဖက်သမားများသည် အနာဂတ်မျိုးဆက်သစ်ကလေးသူငယ်များ၏ ပညာသင်ယူခွင့်ကို အနှောင့်အယှက်ဖြစ်စေရန်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၏ အသက်အန္တရာယ်ကို ထိခိုက်စေသည်အထိပါ အကြမ်းဖက်လုပ်ရပ်များကို ဆောင်ရွက်လာကြောင်း တွေ့ရှိရသဖြင့် မိဘပြည်သူများအနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်အတူ ပူးပေါင်းဆောင်ရွက်၍ အကြမ်းဖက်လုပ်ရပ်များကို တွန်းလှန်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်းနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့် အကြမ်းဖက်သူများအား အမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်




## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၅-၁၁-၂၀၂၁ တနင်္လာနေ့

### MRTV HD

| | | | |
|---|---|---|---|
| ၀၆:၀၀ | မေတ္တသုတ်၊ ရတနသုတ်၊ ဓမ္မစကြာသုတ် အန္တရာယ်ကင်းပရိတ်တရားတော် | ၁၇:၂၅ | ကျန်းမာရေးအတွက်တိုင်းရင်းဆေးပညာ 'လေဖြတ်ရောဂါအား တိုင်းရင်းဆေးဖြင့် စောင့်ရှောက်ခြင်း' |
| ၀၇:၀၀ | နံနက်ခင်းသတင်း | ၁၇:၃၅ | အနုပညာသည်ပြည်သူ့အတွက် |
| ၀၈:၃၅ | ကိုဗစ်-၁၉ နှင့် ရေအာဟာရ | ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၀၉:၁၀ | စိုက်ပျိုးရေးရာအဖြေရှာ | ၁၈:၃၅ | သံစဉ်ချိုမြ မြန်မာတေးအလှ |
| ၁၀:၀၀ | သတင်းထဲကသတင်း | ၁၉:၁၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'မာယာမျက်နှာစုံ' (အပိုင်း-၁၀) |
| ၁၁:၄၀ | ကြွေလည်းဝေမြဲ တမ်းတဆဲ | ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၁၃:၃၀ | MRTV National News | ၂၁:၀၀ | သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ |
| ၁၄:၀၀ | ရုပ်မြင်သံကြားဇာတ်လမ်း 'ကျေးရွားရှင်' | ၂၁:၂၅ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ပတ္တညိုသောပတ္တမြား' (အပိုင်း-၂၇) |
| ၁၅:၀၀ | Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'ပထဝီဝင်ဘာသာရပ်' | ၂၂:၃၀ | ရုပ်မြင်သံကြားဇာတ်လမ်း 'ဝိတ်ဇေါဝရာ' |
| ၁၆:၃၅ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ | | |
| ၁၇:၀၅ | This Week's Special Interest | | |

သောကြာနေ့ ညတိုင်းတွင် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV online www.mrtv.gov.mm
t.me/mrtvnews
twitter.com/mrtvwebportal
SCAN ME

### mitv

| | |
|---|---|
| 07:01 | News |
| 07:27 | Global Partnership for Brighter Future: Senegal Pavilion at Expo 2020 Dubai |
| 07:34 | Goldsmith |
| 07:39 | The Great Collector: Myanmar Antique Furniture |
| 08:01 | Myanmar Masterclass "Caricature" |
| 08:07 | Moyingyi Wildlife Sanctuary |
| 08:26 | Myanmar Traditional Identity (EP-2) Myanar Chinthe (Myanmar Lion) |
| 08:40 | Let's Taste Delicious Insects: Cricket Samosas, Pounded Crickets and Potato |
| 09:01 | A Visit To Ye's Coastal Area |
| 09:17 | Discovering Tribes- Bwe |
| 09:44 | The Man and The Elephant (Part-I) |

### MRTV NRC

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
ရိုးရာဝါးခမောက်လက်မှုပညာအမွေ

**ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ဗိရိုးဖလာသဘာဝမျှစ်ခြောက်ပြုလုပ်နည်း

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
ကရင်ရိုးရာဖိနပ်လုပ်ငန်း

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
သာယာလှပသော ကျူထော်ရေတံခွန်သို့ သွားလည်ကြရအောင်

**ချင်း (လိုင်ဇို) (၁၁:၀၀ မှ ၁၂:၀၀)**
တောင်ဇလပ်ရဲ့ရိုးရာအလှ (အပိုင်း-၃)

**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
ဆွေညီနောင်များ ဘာသာစကားဖြင့် ချစ်ကြည်စေမည့် အဓိမြန်မာပြည် (အပိုင်း-၆)

**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
ဆီမီးရောင်ဖြာ ရွှေလသာ (ဇာတ်လမ်း)

**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
မြို့ပဒေသာ (အပိုင်း-၁)

**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ပင်လောင်းသို့ခရီးသွားခြင်း (အပိုင်း-၂)

**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
ဝရိုးရာဝက်သားဆန်ပြုတ်ချက်နည်း

**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
ခဲ့ရိုးရာဝတ်စားဆင်ယင်ပုံ

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက် သတင်းများ |
| ၁၀:၃၀ | ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၈) |
| ၁၁:၀၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'တနာတတ်သူတာဝန်ယူ' |
| ၁၁:၃၀ | အတွေးအမြင် (အပိုင်း-၈) |

### MRTV SPORTS

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၃၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/ Weekly Sports Info |
| ၀၇:၄၅ | အားကစားလောကထဲက သူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

MRTV Farmers' Channel ကို နေ့စဉ်နံနက် (၆:၀၀)နာရီမှ ည (၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက်(၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်၊

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

**အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**

**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင် အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်**

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ကိုဗစ်-၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၁၄-၁၁-၂၀၂၁)ညနေ ၆ နာရီအချိန်ထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Supportive | | | | |
| 1 | P.O Multivitamin with/ without zinc | 3X10's / Box | 5600 | OLIVE |
| 2 | P.O Vitamin C | 10X10's / Box | 700 | Pai Brother |
| 3 | P.O - Pantocid | 10X10's / Box | 7000 | PL |
| 4 | P.O Omeprazole | 10X10's / Box | 1650 | Shwe Htay Min |
| 5 | Injection Pantocid | 1g/Vial | 1500 | Aorta |
| 6 | Injection Omeprazole | 1g/Vial | 1050 | Aorta |
| Antibiotics | | | | |
| 7 | P.O - Azithromycin 500 mg | 5x3's | 4000 | Rammawaddy |
| 8 | P.O - Cefalexin 500 mg | Box of 10x10's | 6100 | Aorta |
| 9 | P.O - Levofloxacin 500 mg | Box of 10x10's | 7000 | Shwe Htay Min |
| 10 | P.O.Cefixime | Box of 3x10's | 3600 | Aorta |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် နိုဝင်ဘာ ၁၄

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီး ပိုမိုအားကောင်းလာနိုင်ကာ နိုဝင်ဘာ ၁၇ ရက်၌ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတို့တွင် မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ **မိုး/ဇလ**

**ဆရာကြီး ကာတွန်းမောင်စိန်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။**

**စာတည်း**



# စာဖတ်ခြင်းအနုပညာ

မောင်စိမ်းလန်း (ပြည်)



စာဖတ်ခြင်းဆိုရာတွင် လူ့ဘဝအစ ကျောင်းနေစမူလတန်း ‘ဝ’ လုံးလေးစရေးခဲ့သည်မှစ၍ စာဖတ်ကြရသည်။ ဗျည်းနှင့်သရ ချိတ်ဆက်နိုင်ခဲ့သည့်အခါ မင်္ဂလာဖိတ်စာ၊ အလှူဖိတ်စာ၊ ကြော်ငြာကဲ့သို့ စာတိုပေစလေးများ ဖတ်ခဲ့ရာမှ စာဖတ်ခြင်းများ မြင့်တက်ခဲ့ရသည်။

ထိုသို့ဆိုသော် ရေးတတ်၊ ဖတ်တတ်ဆိုသောသူများလည်း စာဖတ်နိုင်ကြသလို ကျောင်းပညာဆုံးခန်းတိုင် သင်ကြားတတ်မြောက်သူများလည်း စာဖတ်နိုင်ကြသောသူများဖြစ်ကြပေသည်။

သို့သော် စာဖတ်ခြင်းသည် အပေါ်ယံအားဖြင့် လွယ်ကူသော်လည်း လေးနက်စွာဆိုရပါမူ မလွယ်ကူပေ။ အဘယ်ကြောင့်ဆိုသော် ဖတ်ခဲ့သောစာသည် ဘာကိုဆိုလိုပါသနည်း။ ဘာကိုပေးလို့ ဘာတွေရခဲ့ပါသနည်း။ ထိုစာကို မည်သို့သုံးသပ်နိုင်ပါသနည်း။ မှတ်သားထားရန် ဒဿနအတွေးအခေါ်များ၊ သုတအကြားအမြင်များ (သို့မဟုတ်) စိမ့်ဝင်ခံစားရသောရသများ ရရှိခဲ့ပါသလား။

မေးခွန်းထုတ်သင့်သော အချက်များဖြစ်ပါပေသည်။

### သုတနှင့် ပညာ

ယနေ့ခေတ်လူငယ်များသည် စာပေကို လေးလေးနက်နက် ခံစားဖတ်ရှုမှုနည်းပါးလာကြသည်။ Social Media ပေါ်၌ပါရှိသော စာတိုပေစများဖြင့် ကျေနပ်နေကြသည်။ သုတနှင့် ပညာပိုင်းကို အလေးထားလာကြသည်။ ရသစာပေဘက်တွင် အားနည်းလာကြပေသည်။

စာဖတ်ခြင်းသုံးမျိုးရှိ၏။ တစ်မျိုးကား စာစောင်ပေဖွဲ့များကို ဖတ်ခြင်း။ နောက်တစ်မျိုးကား မီဒီယာမျက်နှာပြင်ပေါ်၌ ဖော်ပြသောသတင်း၊ အနုပညာ၊ သိပ္ပံနှင့် သုတ၊ ရသတို့ကို ကြည့်ရှုခံစားခြင်း။ နောက်ဆုံးနည်းကတော့ တွေ့ဆုံဆွေးနွေးငြင်းခုံခြင်းများဖြစ်ပါသည်။ တချို့က ခရီးသွားခြင်း (သို့မဟုတ်) ခြေထောက်ဖြင့်စာဖတ်ခြင်းဟူ၍လည်း ဆိုကြပေသည်။

ဤသုံးမျိုးတို့တွင် မည်သည့်စာဖတ်နည်းမဆို သင်၏ဦးနှောက်၌ တစ်ခုမျှပင်မှတ်မိရန် ကျန်ရစ်စေသော အကြောင်းတစ်စိတ်တစ်ဒေသမျှ မရရှိခဲ့သော် အချည်းနှီးပင်ဖြစ်တော့၏။

စာမေးပွဲအောင်ရန် ကြိုးစားကျက်မှတ်နေသော ကျောင်းသားသည် စိတ်ပျံ့လွင့်မှုကို မထိန်းချုပ်နိုင်ခဲ့သော် စာမရဘိသကဲ့သို့ ‘ပိုးသာကုန်မောင်ပုံစောင်းမတတ်’ ရှိပေတော့မည်။

စာတစ်အုပ်ကို ဖတ်ဖူးသူများအား မေးရာ တစ်ယောက်က မဆိုးပါဘူးဆို၏။ နောက်တစ်ယောက်က အရေးအသားက မဆိုးပါဘူး။ ရည်ရွယ်ချက်ကောင်းတယ်။ လူတွေကို ပညာပေးတာပေ့ါဟု ဆို၏။ နောက်ဆုံးတစ်ယောက်ကတော့ ဘယ်အခန်းက ဖွဲ့နွဲ့ပုံလေးက ဘယ်လို။ ဘယ်အခန်းက မှတ်သားစရာဗျ။ စာဖတ်ရတာ သုတရော ရသပါ ခံစားရတယ်။ တန်ဖိုးရှိတဲ့စာအုပ်ပါဟု ဆိုလေသည်။

> ☆ အတတ်ပညာနှင့် အသိပညာ နှစ်မျိုးရှိသည်။ ထိုနှစ်မျိုးသည် တစ်မျိုးနှင့်တစ်မျိုး ထောက်ပံ့လျက်ရှိသည်။ အတတ်ပညာကြောင့် အသိပညာသည် တိုးတက်လာရသလို အသိပညာကြောင့်လည်း အတတ်ပညာတိုးတက်ရပြန်သည်။ အတတ်ပညာကို သင်ကြားမှုကြောင့် ရရှိလာသောအခါ တွေးခေါ်မြော်မြင်တတ်သော အတွေးဒဿနပညာသည် အလိုအလျောက်ရင့်ကျက်လာ
>
> ☆ သို့သော် ပြည့်စုံလုံလောက်သော အထောက်အပံ့ကား ဖြစ်ကောင်းမှဖြစ်မည်။ ကျယ်ပြန့်လှသောအတွေးဒဿနများသည် မည်သည့်အခါမှ ပြည့်စုံကုံလုံစေမည်မဟုတ်သော်လည်း ဘဝတစ်ခုကို တက်လှမ်းရန် လက်လှမ်းမီသောအဆင့်သို့ ရောက်ရှိအောင်ကြိုးစားနိုင်၏။ ထို့ထက်ပို၍လည်း ရရှိစေနိုင်၏။ ကြိုးစားလျှင် ကြိုးစားသလောက် ရရှိနိုင်

### စိစစ်ဝေဖန်ဖတ်ရှုတတ်သူဖြစ်

ထိုသုံးဦးတွင် နောက်ဆုံးလူသည် စိတ်ကိုနှစ်၍ စိစစ်ဝေဖန်ဖတ်ရှုတတ်သူဖြစ်သဖြင့် အကျိုးများသောသူသာဖြစ်လေသည်။

ရေတွင်းပျက်ကြီးထဲ ခွေးမကြီး သားတွေပေါက်နေတယ်။ သွားကြည့်စမ်းဆိုသည့်အခါ ငါးကောင်ပေါက်တယ်ဆို၏။ ခွေးထီးဘယ်နကောင်၊ ခွေးမဘယ်နကောင်လဲမေးတော့ တစ်ဖန်ပြန်၍ပြေးကြည့်ရသည့်ထုံးလို မဖြစ်စေရန် စေ့စေ့စပ်စပ်ဖတ်ရှုမှတ်သားရန် လိုအပ်ပေသည်။

စာအုပ်တစ်အုပ်မှ စာတစ်ပုဒ်သည် ပြင်ပအာရုံတစ်ခုခု၏လွှမ်းမိုးမှုကြောင့် စာပေါ်မှာ အသိမရှိခဲ့သော် ပြန်၍ဖတ်သင့်၏။ တစ်နည်းအားဖြင့် ရေးသားသူ၏ တင်ပြမှုမှာ ကိုယ်၏အတွေးအခေါ်နှင့် မအပ်စပ်ခဲ့သော် ဒီစာရေးဆရာဘာကြောင့်ရေးသနည်း အဖြေရှာရန် အဖန်ဖန်ပြန်ဖတ်၊ ပြန်စဉ်းစားခြင်းပြုပါက အကြောင်းတစ်ခုခုတော့ ရှိနေသည်ကို တွေ့ရပေလိမ့်မည်။

ထို့ကြောင့် စာဖတ်ရာဝယ် အကြောင်းတိုင်း၏ အနက်အဓိပ္ပာယ်ကိုလည်းကောင်း၊ စာပိုဒ်တိုင်း၏ အနက်အဓိပ္ပာယ်ကိုလည်းကောင်း သိဖို့ရာ အထူးလိုအပ်ပါသည်။ ဖြစ်နိုင်လျှင် စာတစ်ပိုဒ်ပြီးစီးသည်နှင့် ဘာရေးထားလဲ၊ ဘာပြောတာလဲ၊ ဘာမှတ်သင့်လဲ၊ အော်...ဒီလိုကိုး စသည်ဖြင့် သုံးသပ်ဖို့လိုသည်။ ဦးနှောက်မှာမှတ်သင့်သည်ကိုမှတ်၍ Note Book တွင် မှတ်သားသင့်သည်ကို မှတ်သားရန်လိုအပ်ပါသည်။

ခေတ်အဆက်ဆက်က စာတတ်သူနှင့် စာဖတ်သူများသာ ထိပ်တန်းရောက်ကြလေသည်။ စာတိုညီနွှားကျောင်းသားက ဝန်ဇင်းမင်းရာဇာ ပညာရှိအမတ်ကြီးဖြစ်ရပေသည်။ တစ်ဦးချင်းတိုးတက်မှုကို မဆိုထားနှင့်၊ စာဖတ်သူ၊ စာတတ်သူ၊ စာပေကို တန်ဖိုးထားတတ်သူများသော လူမျိုး (သို့မဟုတ်) တိုင်းပြည်သည် အစောဆုံးတိုးတက်မှုရရှိသလို အမြင့်ဆုံးသို့ ရောက်ကြရ၏။

သူတို့သည် စာဖတ်ကြ၏။ ဘာသာရပ်ဆိုင်ရာ စုစည်းထားမှုများကို မှတ်တမ်းမှတ်ရာများနှင့် ထားတတ်ကြ၏။ သားစဉ်မြေးဆက် ထိုမှတ်တမ်းများကို ဆက်လက်ရေးသားကြ၏။ ထို့ကြောင့် သိပ္ပံသိဝရီများကို အခြေပြု၍ ယနေ့လကမ္ဘာနှင့် အင်္ဂါဂြိုဟ်အထိ လျှောက်လှမ်းနေကြပေပြီ။

### တက္ကသိုလ်အဆင့်သည် ခရီးသွားလမ်းညွှန်ခြင်း

ယနေ့ တက္ကသိုလ်ဝင်အထိ ပညာရေးသည် ခရီးသွားရန်အတွက် ဆောင်ရန်လက်နက်များပေး၍ တက္ကသိုလ်အဆင့်သည် ခရီးသွားလမ်းညွှန်ခြင်းသာဖြစ်တော့သည်။ ဤသို့ဆိုသော် ခရီးသွားရန်ကား စာကြည့်တိုက်ထဲက စာအုပ်များ၊ စာအုပ်စာပေများထဲမှ ဒဿနများ၊ သုတများ၊ ရသများကို အခြေပြု၍ မိမိလျှောက်လိုသောလမ်းတွင် အသုံးပြုရန် သက်ဆိုင်သည်များကို လျှောက်လှမ်းရင်း ကြည့်ရှုရင်ဆိုင်ကျော်လွှားနည်းယူ စသောအတွေ့အကြုံများဖြင့် ဘွဲ့ရအောင်မြင်သူများဖြစ်ကြရသည်။

အဲလ်ဘတ်သောမတ်အယ်ဒီဆင်သည် သူငယ်စဉ်က စာသင်ရန်ကျောင်းဆရာကပင် လက်လျှော့ခြင်းခံရသည်ဆို၏။ သူစာသင်ရန်ခက်ခဲမှုမှာ ဉာဏ်ရည်ချို့တဲ့မှုကြောင့် မဖြစ်နိုင်။ သူသည် တီထွင်ကြံဆမှုများကိုသာ စိတ်ဝင်စားသူဖြစ်သဖြင့် ပြင်ပအတွေးအာရုံများဖိစီးမှုကြောင့် သင်ကြားသောဘာသာရပ်တွင် စိတ်ဝင်စားမှုမရှိခြင်း အကြောင်းသာ ဖြစ်နိုင်ရာ၏။

လူ၏ဦးနှောက်သည် မှတ်ဉာဏ်စွမ်းအားကဏ္ဍ၊ ထိုးထွင်းဉာဏ်ကဏ္ဍ အကန့်မတူဟု ဆိုကြသည်။ မှတ်ဉာဏ်အားကောင်းသူများကား အကြောင်းအရာတစ်ခုကို တစ်ပြိုင်နက်တည်း စွဲမြဲစွာ မှတ်သားနိုင်ကြသော်လည်း ထိုးထွင်းဉာဏ်သမားများကမူ ကြံဆတွေးခေါ်မှုများအပေါ်၌သာ အားသာသဖြင့် မှတ်မိနိုင်စွမ်းအားနည်းတတ်ကြပေသည်။

အယ်ဒီဆင်သည် လုံးဝစာမတတ်သူမဟုတ်။ စာဖတ်သူတော့ဖြစ်နိုင်ရာသည်။ သူ၏တီထွင်မှုများတွင် ရှေးလူများ၏မှတ်တမ်းမှတ်ရာများဖြင့်လည်းကောင်း၊ စာကြည့်တိုက်များရှိ စာအုပ်စာပေများက ပံ့ပိုးမှုကိုလည်းကောင်း ရရှိပေလိမ့်မည်ဟု သုံးသပ်ရသည်။ အခြေခံအချက်များသည် မှတ်တမ်းမှတ်ရာများမှ ရရှိစေနိုင်၏။

### အတတ်ပညာနှင့် အသိပညာ

အတတ်ပညာနှင့် အသိပညာ နှစ်မျိုးရှိသည်။ ထိုနှစ်မျိုးသည် တစ်မျိုးနှင့်တစ်မျိုး ထောက်ပံ့လျက်ရှိသည်။ အတတ်ပညာကြောင့် အသိပညာသည် တိုးတက်လာရသလို အသိပညာကြောင့်လည်း အတတ်ပညာတိုးတက်ရပြန်သည်။ အတတ်ပညာကို သင်ကြားမှုကြောင့် ရရှိလာသောအခါ တွေးခေါ်မြော်မြင်တတ်သော အတွေးဒဿနပညာသည် အလိုအလျောက် ရင့်ကျက်လာပေတော့သည်။ သို့သော် ပြည့်စုံလုံလောက်သော အထောက်အပံ့ကား ဖြစ်ကောင်းမှဖြစ်မည်။ ကျယ်ပြန့်လှသော အတွေးဒဿနများသည် မည်သည့်အခါမှ ပြည့်စုံကုံလုံစေမည်မဟုတ်သော်လည်း ဘဝတစ်ခုကို တက်လှမ်းရန် လက်လှမ်းမီသောအဆင့်သို့ ရောက်ရှိအောင် ကြိုးစားနိုင်၏။ ထို့ထက်ပို၍လည်း ရရှိစေနိုင်၏။ ကြိုးစားလျှင် ကြိုးစားသလောက် ရရှိနိုင်ပေသည်။

ထိုသို့တိုးတက်စေသော အကြောင်းတရား၏ အထောက်အပံ့များတွင် အဓိကသည် စာဖတ်ခြင်းသာဖြစ်၏။ စာဖတ်ခြင်းသည် မရောက်ဖူးသော၊ မမြင်ဖူးသော၊ မကြုံဖူးသော၊ မသိသေးသော၊ မဖြစ်သင့်သော၊ ဖြစ်သင့်သော၊ မကောင်းသော၊ ကောင်းသော စသည်ဖြင့်နိယာမဖြစ်စဉ်များကို အလွယ်တကူသိစေတတ်၏။ အမှား၊ အမှန်ကို ခွဲခြားတတ်၏။ မတတ်သေးသောအတတ်ကိုလည်း တတ်စေ၏။

ထို့ကြောင့် သိပ္ပံနှင့် လက်မှုစက်မှုအတတ်များကိုလည်းကောင်း၊ အတွေးအခေါ်ပိုင်းဆိုင်ရာ ဒဿနများကိုလည်းကောင်း စာဖတ်ခြင်းက ရစေနိုင်၏။ ကိုယ်ပိုင်ဒဿနများလည်း ဖော်ထုတ်နိုင်စေ၏။

ဤသို့ မချွတ်မယွင်းဆိုခဲ့သော် စာပေသည်လည်းကောင်း၊ စာပေပါ ဒဿနများသည်လည်းကောင်း အားလုံးအမှန်တရားများသာ ဖြစ်သည်ဟုကား မဆိုနိုင်ပေ။ ဘယ်ကျမ်းက ဘယ်သို့ဆိုသည်ဟု ကျမ်းကိုးပြု၍ တစ်ဖက်သတ်ငြင်းခုံနေကြသူများရှိ၏။

စာမျက်နှာ ၁၇ သို့ ●


## သံဖြူဇရပ်မြို့ မြို့လယ်ကျောင်းစာသင်တိုက် ဦးစီးပဓာနနာယက၊ နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တဇောတိပါလ မဟာထေရ်မြတ်ကြီး ဘဝနတ်ထံပျံလွန်တော်မူ

**နေပြည်တော် နိုဝင်ဘာ ၁၄**

မွန်ပြည်နယ် သံဖြူဇရပ်မြို့ ကျောင်းပိုင်းရပ်ကွက် မြို့လယ်ကျောင်းစာသင်တိုက် ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တဇောတိပါလ (အဘိဓဇမဟာရဋ္ဌဂုရု) မဟာထေရ်မြတ်ကြီးသည် သက်တော် (၈၆)နှစ်၊ သိက္ခာတော်(၆၆)ဝါအရ ၁၃၈၃ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၀ ရက်၊ ၁၃-၁၁-၂၀၂၁ (စနေနေ့) မွန်းလွဲ ၂:၄၄ နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်းနှင့် ဆရာတော်ကြီး၏ အန္တိမအဂ္ဂိစျာပနကို ၁၇-၁၁-၂၀၂၁ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁:၀၀ နာရီအချိန်တွင် ကိုဗစ်-၁၉ စည်းမျဉ်း စည်းကမ်းများနှင့်အညီ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

## နိုင်ငံတော်ဩဝါဒါစရိယ မွန်ပြည်နယ် သံဖြူဇရပ်မြို့ ကျောင်းပိုင်းရပ်ကွက် မြို့လယ်ကျောင်းစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တဇောတိပါလ(အဘိဓဇမဟာရဋ္ဌဂုရု)၏ ထေရုပ္ပတ္တိအကျဉ်း



**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် မွန်ပြည်နယ် မုဒုံမြို့နယ် ကွမ်လှာကျေးရွာတွင် ခမည်းတော် ဦးအောင်ဖြူ မယ်တော် ဒေါ်ထွေတို့က ၁၂၉၇ ခုနှစ် တပို့တွဲလဆန်း ၁၃ ရက် (အင်္ဂါနေ့)တွင် ဖွားမြင်တော်မူသော သားရတနာ ဖြစ်ပါသည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၃၁၃ ခုနှစ် ကဆုန်လဆန်း ၁၀ ရက်နေ့တွင် မုဒုံမြို့နယ် ကွမ်လှာကျေးရွာ ကျောင်းကြီးကျောင်း ဆရာတော် ဘဒ္ဒန္တသီလတေဇကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူလျက် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။ ၁၃၁၈ ခုနှစ် တန်ခူးလပြည့်ကျော် ၁၂ ရက်တွင် မုဒုံမြို့နယ် ကွမ်လှာကျေးရွာ ကျောင်းကြီးကျောင်း ခဏ္ဍသိမ်၌ ယင်းကျောင်းဆရာတော် ဘဒ္ဒန္တသီလတေဇကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေသင်ယူ ဆည်းပူးတော်မူခြင်း**

ဆရာတော်သည် မုဒုံမြို့နယ် နီးပဒေါကျေးရွာ တောရကျောင်းဆရာတော် ဘဒ္ဒန္တအဂ္ဂဒီပ၊ မုဒုံမြို့ ပိန္နဲတိုက်ကျောင်းဆရာတော် ဘဒ္ဒန္တကေတုသာရ၊ ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသုဒဿနစသော ဆရာတော်များထံ၌ ပရိယတ္တိစာပေများ သင်ယူဆည်းပူးတော်မူခဲ့ပြီး သာသနဓဇ ဓမ္မာစရိယဘွဲ့ကို အောင်မြင်ရရှိတော်မူခဲ့ပါသည်။

**သာသနာရေးအားပေး ဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် သံဖြူဇရပ်မြို့ မြို့လယ်ကျောင်းစာသင်တိုက်၌ စာသင်သား ရဟန်း/သာမဏေများအား စာပေကျမ်းဂန်များသင်ကြားပို့ချရေးသားပြုစုတော်မူခဲ့ခြင်း၊ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တွင် မြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်အဖြစ်လည်းကောင်း၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖြစ် လည်းကောင်း၊ နိုင်ငံတော် ဝိနည်းဓိုရ်အဖြစ်လည်းကောင်း၊ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်အဖြစ် စသောသာသနာ့တာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

**ဘွဲ့တံဆိပ်တော်အလှူခံ ရရှိတော်မူခြင်း**

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သော ဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနဓုရာဝဟဂုဏ်၊ အဂ္ဂမဟာပဏ္ဍိတ လဒ္ဓလဋ္ဌနဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ်၊ ပိဋကတ္တယဆောကဂုဏ်၊ ဂန္ထဓုရာဝဟဂုဏ်၊ ပရိယတ္တိဝိသာရဒဂုဏ်၊ လဇ္ဇီပေသလသိက္ခာကာမဂုဏ်စသည်တို့နှင့်ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၂၀၂၀ ပြည့်နှစ်တွင် "အဘိဓဇမဟာရဋ္ဌဂုရု" ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၈၆)နှစ်၊ သိက္ခာတော်(၆၆)ဝါအရ ၁၃၈၃ ခုနှစ် တန်ဆောင်မုန်း လဆန်း ၁၀ ရက်၊ ၁၃-၁၁-၂၀၂၁ (စနေနေ့) မွန်းလွဲ ၂:၄၄ နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်းနှင့် ဆရာတော်ကြီး၏ အန္တိမအဂ္ဂိစျာပနကို ၁၇-၁၁-၂၀၂၁ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁:၀၀ အချိန်တွင် ကိုဗစ်-၁၉ စည်းမျဉ်း စည်းကမ်းများနှင့် အညီ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သာသနာရေး ဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

## အင်းစိန်မြို့နယ်၌ အမျိုးသားနေ့အထိမ်းအမှတ် စာဖတ်ဝိုင်းပြုလုပ်



**ရန်ကုန် နိုဝင်ဘာ ၁၄**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင် (အင်းစိန်မြို့နယ်)နှင့် မြို့နယ်စာပေဥယျာဉ်အသင်းတို့ပူးပေါင်း၍ မကြာမီကျရောက်မည့် (၁၀၁) ကြိမ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် စာဖတ်ဝိုင်း ဆွေးနွေးပွဲကို နိုဝင်ဘာ ၁၂ ရက် မွန်းလွဲ ၂ နာရီတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန် မြောက်ပိုင်းခရိုင် (အင်းစိန်မြို့နယ်)ရှိ လူထုအခြေပြု ဗဟိုဌာနအစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ကျန်းမာရေး ဝန်ကြီးဌာန၏ စည်းကမ်းချက်များနှင့် အညီ ပြုလုပ်သည်။

အခမ်းအနားတွင် အင်းစိန်မြို့နယ် ပြန်/ဆက်ဦးစီးမှူး ဒေါ်ခင်နှင်းကြည်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး ရန်ကုန်မြောက်ပိုင်းခရိုင် ပြန်/ဆက် ဦးစီးမှူး ဒေါ်အေးအေးခိုင်က စာဖတ်ရှိန် မြင့်မားရေးနှင့် စာပေအကြောင်းအရာများကို အပြန်အလှန် နီးနှောဖလှယ်နိုင်စေရန် စာဖတ်ဝိုင်း ပြုလုပ်ရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ သတင်းစာဆရာအသင်း (အင်းစိန်မြို့နယ်)ဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း(အင်းစိန်မြို့နယ်)ဥက္ကဋ္ဌ ဦးစိုးနိုင် (လှမိုးနိုင်)နှင့် အင်းစိန်မြို့နယ် စာကြည့်တိုက်များ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့် (မောင်မောင်ဝင်းမြင့်-မှူခင်း) တို့က စာပေဘဝအတွေ့အကြုံများကို အသီးသီး ဆွေးနွေးပြောကြားခဲ့ကြသည်။

ထို့နောက် စာဖတ်ဝိုင်းအခမ်းအနားသို့ တက်ရောက်လာကြသော စာပေမြတ်နိုးသူများနှင့် စာပေဝါသနာရှင်များက သိလိုသည့် အကြောင်းအရာများကို မေးမြန်းဆွေးနွေးကြရာ သက်ဆိုင်ရာ စာပေဆွေးနွေးသူများက ပြန်လည်ဖြေကြားပေးခဲ့ကြကြောင်း သိရသည်။

**ညဏ်ဟိန်း**

● စာမျက်နှာ ၁၆ မှ

ထိုထိုမည်သောကျမ်းများသည် စာရေးသူ (သို့မဟုတ်) ကျမ်းပြုသူ၏ အတွေးအခေါ် အယူအဆသာဖြစ်ရာ မဟုတ်မှလွဲရော၊ မလွဲမှဟုတ်ရော ဟု သုံးသပ်သော စာဖတ်သူ၏အရည်အချင်း၌သာ မူတည်ပေသည်။ စာဖတ်သူသည် စာဖတ်သက်ရင့်ကျက်ပြီး စာစုံကိုင်ဖတ်သူများသည်သာ ဝေခွဲနိုင်ကြပေမည်။

ထို့ကြောင့်ဗုဒ္ဓမြတ်ဘုရားက ကာလာမသုတ္တန်တွင် ကျမ်းကြီးကျမ်းခိုင်များက ဆိုရုံမျှဖြင့် မယုံနှင့်ဟု မှာကြားခဲ့လေသည်။

မည်သို့ပင်ဆိုစေ စာဖတ်အားနည်းသူများသည် တွေးခေါ်မြော်မြင်ခြင်းအလေ့အကျင့်မရှိသောကြောင့် မှန်ကန်သောအတွေးအခေါ်မရှိနိုင်သည်ဖြစ်၍ ယုံလွယ်သောလူတန်းစားတစ်ရပ်ဖြစ်ရတော့သည်။ ထိုသူများအများစုမှာ အလိမ်ခံရတတ်ပေသည်။

တစ်ခါက သူငယ်ချင်းတစ်ယောက်၏ အစီအစဉ်ဖြင့် မိဘအရိပ်ဟုဆိုသော ထမင်းဆိုင်တွင် ထမင်းစားရန်ရောက်ရှိခဲ့၏။ မှာထားသောဟင်းလျာများပြင်ဆင်နေချိန် အပေ့ါသွားလိုသဖြင့် အိမ်သာသို့ သွားခဲ့သည်။ တံခါးပိတ်၍ထိုင်လိုက်စဉ် ရှေ့တံခါးရွက်၌ 'သင်၏ဘယ်ဘက်ကိုကြည့်ပါ' ဆိုသည့်စာရေးထားသည်ကိုတွေ့ရ၏။ ဆိုသည့်အတိုင်း ဘယ်ဘက်ကို ကြည့်၏။ 'သင်၏ညာဘက်ကို ကြည့်ပါ' ဟုရေးထားပြန်၏။ တစ်ဖန်ကြည့်ပြန်ရာ သင့်နောက်ကိုကြည့်ပါဟု ရေးထားပြန်၏။ နောက်ဘက်တွင် အမိုးကိုကြည့်ပါ ဟုဆိုသဖြင့်ကြည့်လိုက်ရာ 'ငါပြောတာလိုက်လုပ်နေတယ်၊ သောက်ပေါ' ဟု ဖြစ်ပါသည်။

ဤစာသည် နောက်နောက်ပြောင်ပြောင်ရေးထားသော်လည်း အလွန်တန်ဖိုးရှိသောစာဖြစ်တော့သည်။ အဘယ်ကြောင့်ဆိုသော် ဖတ်သောစာတိုင်းက အမှန်တွေပဲဟုယူဆပြီး လိုက်ပါလုပ်ဆောင်ရန်မသင့်ကြောင်းကို ထောက်ပြလိုက်ခြင်းပင်ဖြစ်ပါသည်။

ယနေ့ကမ္ဘာပေါ်တွင် ဘာသာရေး အယူအဆအများအပြားရှိကြ၏။

သူ့ဘာသာနှင့်သူ အလေးထားရေးသားကြသော ကျမ်းဂန်စာပေများအပေါ်၌သာ အခြေခံ၍ အမှန်တရားဟု မမိုတ်မသုန်ယုံကြည်ကြကုန်၏။ မိမိနှင့် မသက်ဆိုင်သော ဘာသာတရားများကို ထဲထဲဝင်ဝင် မလေ့လာကြပေ။ ငါနှင့်ငါသာ နှိုင်းစရာဟု မိရိုးဖလာကိုသာ စွဲကိုင်ယုံကြည်ကြကုန်၏။ ပို၍ဆိုးသည်ကား မိမိကိုးကွယ်ယုံကြည်သည်ဆိုသော ဘာသာတရားကိုပင် နှံ့နှံ့စပ်စပ်လေ့လာမှုမရှိကြဘဲ မျက်စိမှိတ်ခံယူကြကုန်၏။

မည်သို့ပင်ဆိုစေ မည်သည့်ဘာသာ၊ မည်သည့် အယူအဆမျိုးသည်ပင်လျှင် ကမ္ဘာ့လူသားအားလုံးကို အကျိုးရှိစေသော၊ ယဉ်ကျေးမှုကို ဖော်ဆောင်သော၊ မေတ္တာတရားကိုရှေးရှုသော လမ်းညွှန်ချက်များဖြင့်သာ ဖော်ဆောင်ကြသည်ကို တွေ့ရှိရပေမည်။

အချုပ်အားဖြင့်ဆိုသော် ကြည့်သောသူသည် မြင်၏။ ဖတ်သောသူသည် သိ၏။ မှတ်သောသူသည် တိုးတက်၏။ ထို့ကြောင့် ဖတ်ပါ၊ မှတ်ပါ၊ လေ့လာပါ၊ စုဆောင်းပါ၊ သိုမှီးပါ၊ တွေးခေါ်မြော်မြင်သုံးသပ်ပါဟုအကြံပြုရင်း စာဖတ်ခြင်းဖြင့် တိုးတက်သောဘဝများသို့ တက်လှမ်းနိုင်ကြပါစေ။ ။

## ပြည်တွင်းရေးရာ

# ပဲခူးတိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့သူများအား ဂုဏ်ပြု

**ပဲခူး နိုဝင်ဘာ ၁၄**

ပြည်မြို့ ခေတ္တရာရတနာမြို့တော်ခန်းမတွင် ယမန်နေ့ နံနက် ၁၁ နာရီက ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း) ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့သူများအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခြင်း အခမ်းအနား ကျင်းပသည်။

**စွမ်းစွမ်းတမံ ကြိုးစားလုပ်ဆောင်**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းကာလအတွင်း တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် စေတနာရှင်ပြည်သူများ၏ အစီအစဉ်ဖြင့် အောက်ဆီဂျင်လိုအပ်ချက်ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့မှု အခြေအနေများနှင့် ယင်းကာလအတွင်း စွမ်းစွမ်းတမံ ကြိုးစားလုပ်ဆောင်ခဲ့ကြသည့် ကျန်းမာရေးဝန်ထမ်းများ၊ တပ်မတော်သားများနှင့် စေတနာ့ဝန်ထမ်းများအား ချီးကျူးဂုဏ်ပြုအမှာစကား ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် တက်ကြွစွာပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြသည့် ပြည်ခရိုင်နှင့် သာယာဝတီခရိုင်အတွင်းရှိ မြို့နယ်အလိုက် ကျန်းမာရေးဝန်ထမ်းများ၊ တပ်မတော်သားများနှင့် စေတနာ့ဝန်ထမ်းများအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(ပြည်) ခေတ္တဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ် မြတ်ကိုတို့က ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုထောက်ပံ့ငွေများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဒေါက်တာသီဟက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ပြီး တက်ရောက်လာသည့် ကျန်းမာရေးဝန်ထမ်းများ၊ တပ်မတော်သားများနှင့် စေတနာ့ဝန်ထမ်းများအား မျက်နှာသုတ်ပဝါအကြီးများ အခမဲ့ဖြန့်ဝေပေးခဲ့ပြီး ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**





# တနင်္သာရီတိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့သူများအား ဂုဏ်ပြုချီးမြှင့်

**ထားဝယ် နိုဝင်ဘာ ၁၄**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်အတွင်းရှိ မြို့နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့ကြသော ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီနှင့် ပရဟိတများအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

**ပူးပေါင်းဆောင်ရွက်**

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့ကြသော ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီ၊ ပရဟိတနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြသည့် ရပ်မိရပ်ဖများအားဂုဏ်ပြုသည့်အခမ်းအနားဖြစ်ကြောင်း၊ ကိုဗစ်-၁၉ရောဂါကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးအတွက် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့သူများအားလုံးကို ကျေးဇူးတင် ဂုဏ်ပြုကြောင်း ပြောကြားသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် သစ်လွင်ထူးနှင့် တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ကြသော ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီနှင့်ပရဟိတများအား ဂုဏ်ပြုငွေကျပ် ၂၀၀၁၆၀၀၀ တိတိနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခဲ့ပြီး တိုင်းဒေသကြီး ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ ဆွေဆွေအောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# ကျေးသီးမြို့၌ အောက်ဆီဂျင်ထုတ်လုပ်နေမှုအား ရှမ်းပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့ အောက်ဆီဂျင်ထုတ်သည့်စက်ရုံ၌ လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုးများ ထုတ်လုပ်နေမှုအား ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ကျော်ထွန်း၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှမိုးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ် ကျေးသီး (ငွေတိုက်ခွဲ) အဆောက်အအုံသစ်ဖွင့်ပွဲအားတက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ကျေးသီးမြို့ရှိ သုဝဏ္ဏသီရိဟန်းခမ်းဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ သံဃာတော်များအား ဖူးမြော်ကာ ဆွမ်းဆန်တော်၊ ဆီနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ဒေသခံများနှင့် မြေယာမဲ့များ၏ အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်

**မကွေး နိုဝင်ဘာ ၁၄**

မကွေးတိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၁) ကို နိုဝင်ဘာ ၁၂ ရက် မွန်းလွဲ ၁ နာရီက တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ထိရောက်မှန်ကန်စွာအသုံးချ**

မကွေးတိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်က နိုင်ငံတော် စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံများ၊ မြေယာမဲ့နိုင်ငံသားများ၏ အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်နိုင်ရေးနှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို အသုံးပြု၍ စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ဓာတ်သတ္တုတူးဖော်ရေးလုပ်ငန်းများ၊ အစိုးရကခွင့်ပြုသော ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများအား ထိရောက်မှန်ကန်စွာ အသုံးချနိုင်ရေးတို့ကို ရှေးရှု၍ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်စပ်ပတ်သက်သည့်ဌာန အဖွဲ့အစည်းအားလုံးနှင့်ချိတ်ဆက်ပြီး အောင်မြင်မှုရရှိအောင် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ကြရန် ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးမြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ အတွင်းရေးမှူးက အမှုတွဲများနှင့် ပတ်သက်၍ ဆုံးဖြတ်နိုင်ရေး ဆွေးနွေးတင်ပြခဲ့ပြီး တိုင်းဒေသကြီးမြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ကော်မတီ၏ တင်ပြဆောင်ခဲ့မှုအပေါ် တိုင်းဒေသကြီး အစိုးရအဖွဲ့က စိစစ်ခြင်းနှင့် ခွင့်ပြုခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မောင်ညီညာ**

# သာယာဝတီမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ကျင်းပ

**သာယာဝတီ နိုဝင်ဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လတာကာလတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်မည့်စခန်းကြီး ကျေးရွာအုပ်စု ကံရွာသစ်၊ တုံးစမ်း၊ ကျေးရွာနှစ်ရွာ တစ်ယူနစ်၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းများကို နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းက ကံရွာသစ်ကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် သာယာဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်မင်းထွန်းက အမှာစကား ပြောကြားသည်။

ထို့နောက် သာယာဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကော်မတီဖွဲ့စည်းခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျေးရွာသူ ကျေးရွာသားများက ကော်မတီဝင်များအား အများသဘောဆန္ဒနှင့်အညီ မဲစနစ်ဖြင့် ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လတာကာလတွင် စခန်းကြီးကျေးရွာအုပ်စု ကံရွာသစ်၊ တုံးစမ်း၊ ကျေးရွာနှစ်ရွာ တစ်ယူနစ်နေပြည်သူများ အတွက် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

# နိုင်ငံတကာအဆင့်မီ အရေးပေါ်အသက်ကယ်သင်တန်းနှင့် ရှာဖွေကယ်ဆယ်ရေးသင်တန်း ဖွင့်ပွဲကျင်းပ

**လှိုင်းဘွဲ့ နိုဝင်ဘာ ၁၄**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် အခြေခံပညာ အထက်တန်းကျောင်းရှိ ပန်းဝတ်မှုံခန်းမ၌ ယမန်နေ့ နံနက် ၉ နာရီက လှိုင်းဘွဲ့မြို့နယ်မီးသတ်ဦးစီးဌာန နှင့် လှိုင်းဘွဲ့မြို့နယ် RESCUE အဖွဲ့တို့ ပူးပေါင်း ဖွင့်လှစ်သည့် နိုင်ငံတကာအဆင့်မီ အရေးပေါ်အသက် ကယ်သင်တန်းနှင့် ရှာဖွေကယ်ဆယ်ရေးသင်တန်း ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းသန်းက အဖွင့်အမှာ စကားပြောကြားပြီး မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေး အဖွဲ့ချုပ်၊ ကရင်ပြည်နယ်လူမှုကယ်ဆယ်ရေးအဖွဲ့ ဗဟို ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့်က သင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားသည်။

နိုင်ငံတကာအဆင့်မီ အရေးပေါ်အသက်ကယ် သင်တန်းနှင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းကို လှိုင်းဘွဲ့မြို့နယ် အခြေခံပညာအထက်တန်းကျောင်း ပန်းဝတ်မှုံခန်းမနှင့် ဘောလုံးကွင်း၌ နိုဝင်ဘာ ၁၃ ရက်မှ ၂၂ ရက်ထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ် သည်။

လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ကျေးရွာများမှ လူငယ် လူရွယ်များ၊ ရွှေနတ်တောင် လူမှုကယ်ဆယ်ရေးအဖွဲ့၊ (သဒ္ဓါဖြူ) အစ္စလာမ်လူမှုကူညီရေးအသင်းတို့မှ လူငယ်သင်တန်းသား ၇၅ ဦးနှင့် သင်တန်းသူ ၃၅ ဦး စုစုပေါင်း ၁၁၀ တို့အား အခြေခံစစ်ရေးပြ ဘာသာရပ်၊ လူနာသယ်ဆောင်နည်း၊ မီးသတ်နည်းပညာ၊ တစ်ကိုယ်ရေသုံးကာကွယ်ရေး ဝတ်စုံ ဝတ်နည်း/ ချွတ်နည်း၊ ပိုးသတ်ဆေးဖျန်းနည်း၊ Swab ယူနည်း များကို စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးသွား မည်ဖြစ်ကြောင်း သိရသည်။ **လင်းသန့်(ပြန်/ဆက်)**



# မိုးမောက်မြို့၌ ကျေးရွာရေရရှိရေးလုပ်ငန်း စနစ်တကျထိန်းသိမ်းလည်ပတ်ခြင်းဆိုင်ရာ သင်တန်းဖွင့်လှစ်

**မိုးမောက် နိုဝင်ဘာ ၁၄**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ နိုဝင်ဘာ ၁၁ ရက် နံနက် ၉ နာရီက ကျေးရွာရေရရှိရေးလုပ်ငန်း စနစ်တကျထိန်းသိမ်းလည်ပတ်ခြင်းဆိုင်ရာ သင်တန်းဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ဦးစွာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းတင့်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် အဖွင့်အမှာစကားပြောကြားပြီး ဦးလဇိန်အောင်နော် အငယ်တန်း အင်ဂျင်နီယာ-၂ က သင်တန်းနည်းပြအဖြစ် တာဝန်ယူဆောင်ရွက်၍ တိန်းဘုရားကျေးရွာ၊ နောင်မကောက်ကျေးရွာ၊ နောင်းကွမ်ကျေးရွာတို့မှ ကျေးရွာရေရရှိရေး လုပ်ငန်းကော်မတီဝင် ငါးဦး တက်ရောက်ခဲ့ပြီး ညနေ ၄ နာရီထိ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။ **သဲစုမိုး(ပြန်/ဆက်)**



# မအူပင်မြို့နယ်၌ ၂၀၂၁ ခုနှစ်(မြို့နယ်အဆင့်) မိုးစပါးစံကွက်ရိတ်သိမ်း

**မအူပင် နိုဝင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ငါးကြီးဂရက်ကျေးရွာအုပ်စု ရွာသစ်စုကျေးရွာတောင်သူ ဦးချစ်တင်၏ လယ်ယာမြေတွင် စိုက်ပျိုး ထားသည့် ဆင်းသုခမိုးစပါးစံကွက်ရိတ်သိမ်းခြင်းကို နိုဝင်ဘာ ၁၁ ရက် နံနက် ၁၀ နာရီက ဆောင်ရွက်သည်။

အဆိုပါမိုးစပါးစံကွက်ရိတ်သိမ်းပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီညီထွေးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတိုးတိုးဝင်းနှင့်အဖွဲ့ဝင်များ၊ ခရိုင်မြို့နယ်စိုက်ပျိုးရေးမန်နေဂျာများ၊ ခရိုင်/မြို့နယ် မြေစာရင်းဦးစီးမှူးများ၊ မြို့နယ်ဆည်မြောင်းဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် စိုက်ပျိုးရေးဝန်ထမ်းများ၊ မြို့နယ်ဌာနဆိုင်ရာများ တက်ရောက်ကြပြီး စိုက်ပျိုးထားရှိသည့် ဆင်းသုခစပါးမျိုး ၀.၁၀ ဧကအား တောင်သူများနှင့်အတူ ရိတ်သိမ်းခဲ့ကြောင်းနှင့် စပါးတစ်ဧကလျှင် စပါးအဆိုတင်း ၁၁၇ ဒသမ ၅၀ ထွက်ရှိပြီး စပါးအဆိုခါတ် ၁၈ ဒသမ ၄ ရှိရာ စပါးအခြောက်တင်း ၁၁၄ ဒသမ ၉၄ တင်းထွက်ရှိကြောင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **အောင်ခိုင်၊ အောင်မြင့်မြတ်(မအူပင်)**



# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးလျက်ရှိ

**စဉ့်ကိုင်**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်အတွင်းရှိ ပြည်သူများ အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေး လျက်ရှိရာ အောက်တိုဘာ ၁၃ ရက်အထိ ၁၆၃၃၅ ဦး ထိုးနှံပေးပြီး ဖြစ်ကြောင်းသိရသည်။

ထိုသို့ ကာကွယ်ဆေးများထိုးနှံပေးရာတွင် မြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာန၊ ဒုမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသိမ့်အိသူ (ပြည်သူ့ကျန်းမာ) နှင့် ကျန်းမာရေးဝန်ထမ်း များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင် များ၊ ပရဟိတအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ် ရေးမှူးများပူးပေါင်း၍ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးခဲ့ ကြောင်း သိရသည်။ **ဝင်းဝင်းသန်း(စဉ့်ကိုင်)**



**ကာမိုင်း**

ကချင်ပြည်နယ် ကာမိုင်းမြို့တွင် ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေး ကို နိုဝင်ဘာ ၁၃ ရက် မွန်းလွဲ ၁နာရီခွဲက အထကမြစိမ်းရောင်ခန်းမ၌ ထိုးနှံပေးသည်။

ကာကွယ်ဆေးထိုးနှံရာတွင် အထက(ကာမိုင်း)မှ ကျောင်းသား ၃၁ ဦး၊ ကျောင်းသူ ၄၈ ဦး၊ အထက်တန်းကျောင်း(ခွဲ)မြို့မ(၂)မှ ကျောင်းသား ၃၃ ဦး၊ ကျောင်းသူ ၄၈ ဦး စုစုပေါင်းကျောင်းသား ၆၄ ဦး၊ ကျောင်းသူ ၉၆ ဦးရှိပြီး ဆေးအလုံးရေ ၈၀ ကို ဆေးတစ်လုံး လျှင် နှစ်ဦးနှုန်းဖြင့် လူဦးရေ ၁၆၀ အား ကာမိုင်းတိုက်နယ်ဆေး ရုံဝန်ထမ်းများနှင့် သုဂတိမဂ္ဂလူမှုကူညီရေးအသင်းဝင်များက စနစ် တကျ ထိုးနှံပေးခဲ့ကြောင်း သိရသည်။ **ကာမိုင်း(ပြန်/ဆက်)**

**ဝက်လက်**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်တွင် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးကို လူဦးရေ ၆၅၉၀ တို့အား နိုဝင်ဘာ ၁၄ ရက် နံနက် ၉ နာရီမှစတင်၍ စုရပ်သုံးခုတွင် ပထမနေ့အဖြစ် ဆက်လက်ထိုးနှံ ပေးလျက်ရှိသည်။

ဝက်လက်မြို့နယ်တွင် ပထမအကြိမ်ကာကွယ်ဆေးထိုးစဉ်က စုရပ်သုံးခုဖြစ်သည့် အ.ထ.က(ဝက်လက်)၊ အ.ထ.က လှတော ကျေးရွာ၊ အ.ထ.က ရွာသာကြီးကျေးရွာတို့တွင် ထိုးနှံပေးခဲ့ရာ ယခု ဒုတိယအကြိမ်တွင် ဝက်လက်မြို့ ဘုရားကြီးဝင်းအတွင်း စုရပ် တစ်ခု၊ ဝင်းလက်ရွှေရည်ဇာတ်ရုံအတွင်း စုရပ်နှစ်ခုခွဲကာ စုစုပေါင်း စုရပ်သုံးခုတွင် ဆက်လက်ထိုးနှံပေးကြောင်းသိရသည်။

**စိုးစိုးလှိုင်(ဝက်လက်)**

**နမ္မတူ**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ္မတူမြို့နယ် အမှတ်(၁)အခြေခံ ပညာအထက်တန်းကျောင်း ပညာရောင်ခြည်ခန်းမ၌ နိုဝင်ဘာ ၁၄ ရက် နံနက် ၈ နာရီက အသက် ၁၂ နှစ်နှင့်အထက် အခြေခံပညာ အလယ်တန်း၊ အထက်တန်းကျောင်းသား ကျောင်းသူများအား ဒုတိယ အကြိမ် ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးများ စတင်ထိုးနှံပေးလျက် ရှိသည်။

အဆိုပါကာကွယ်ဆေးထိုးနှံရာနေရာသို့ မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမင်းထွန်းက အနီးကပ်ကြီးကြပ်လျက် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှဝန်ထမ်းများ၊ နယ်မြေခံတပ်နယ်မှ ဆရာဝန်နှင့် သူနာပြုများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှ ဆရာဝန်နှင့် သူနာပြုများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ် အတွင်းရှိ ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ မြို့နယ်ကြက်ခြေနီသူနာပြု တပ်ဖွဲ့ဝင်များနှင့် ပရဟိတအသင်းအဖွဲ့များမှ စေတနာ့ဝန်ထမ်းများက ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးသည်။ **လူမော် (ပြန်/ဆက်)**

**ပေါက်ခေါင်း**

"ကျောင်းနေအရွယ်ကလေးတိုင်း ကျန်းမာပျော်ရွှင်စွာ ပညာ သင်ကြား နိုင်ဖို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးကြပါစို့ " ဟူသော ဆောင်ပုဒ်နှင့်အညီ ပေါက်ခေါင်းမြို့နယ်တွင် အသက် ၁၂ နှစ်နှင့် အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအမျိုးအစား ပထမအကြိမ် ထိုးနှံပြီးသူများအား ဒုတိယ အကြိမ်အဖြစ် သတ်မှတ်ထားသော ဆေးထိုးစုရပ်များတွင် နိုဝင်ဘာ ၁၄ နံနက် ၉ နာရီမှစ၍ ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများက ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံပေးရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက လာရောက်ကြည့်ရှုအားပေးကြပြီး ဌာနဆိုင်ရာများ မြို့နယ်ကြက်ခြေနီအဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များ က ပူးပေါင်းကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သန်းထွန်းအောင်(ပြန်/ဆက်)**



ဓမ္မ
ပုံပြင်

# ပညာရှိ အမတ်ကြီး

**မင်းယုဝေ**

**(ယခင်အပတ်မှအဆက်)**

ထိုအခါ အမှုသည်ယောကျ်ားသည် အခက်တွေ့သွား၏။ ဂါမဏိစန္ဒကို ရှိခိုးလျက်

“အရှင် ဂါမဏိစန္ဒ၊ အကျွန်ုပ်၏မယားကို အိမ်သို့ ခေါ်မသွားပါနှင့်၊ မဖျက်ဆီးပါနှင့်”

ဟု တောင်းပန်သည်။ ဂါမဏိစန္ဒအား အသပြာတို့ကိုပေး၍ ထွက်ပြေးသွားလေသည်။

**မြင်းခြေကျိုးမှု စီရင်ချက်**

ထို့နောက် သုံးယောက်မြောက်ဖြစ်သော မြင်းတရားကို မင်းကကြားနာစစ်ဆေးပြန်သည်။

မင်းက မြင်းထိန်းအား...

“အချင်း၊ သင်သည်မြင်းကိုကျောက်ခဲဖြင့်ပစ်ခတ်၍ခြောက်လိုက်ပါဟု ဂါမဏိစန္ဒအား စေခိုင်းခဲ့သလော”

“အရှင်မင်းမြတ်၊ မခိုင်းပါ”

ထိုအခါ မင်းက တည်ကြည်စွာဖြင့်စူးစိုက်ကြည့်၍ ထပ်မံမေးမြန်း၏။ မြင်းထိန်းလည်း မလိမ်ညာဝံ့တော့။

“ခိုင်းမိပါသည်”

ဟု အမှန်အတိုင်း လျှောက်ရ၏။ ဤတွင် မင်းက...

“အချင်း ဂါမဏိစန္ဒ၊ ဤမြင်းထိန်းသည် ခိုင်းလျက်နှင့် မခိုင်းဟု မဟုတ်မမှန် ပြောဆိုသည်၊ လိမ်ညာမှုအတွက် မြင်းထိန်း၏လျှာကို ဖြတ်လော့၊ ထို့နောက် ငါ၏ဘဏ္ဍာတိုက်မှ မြင်းဖိုး အသပြာတစ်ထောင် ထုတ်ယူ၍ မြင်းထိန်းကို သင်ကပေးလျော်လော့”

ဟု ဆုံးဖြတ်လိုက်လေသည်။ မြင်းထိန်းကလည်း ထိတ်လန့်ကြောက်ရွံ့သွားသည်။

“အရှင်ဂါမဏိစန္ဒ၊ အကျွန်ုပ်၏လျှာကို မဖြတ်ပါနှင့်၊ မြင်းဖိုးကိုလည်း အလိုမရှိတော့ပါ”

ဟုဆိုကာ မိမိတွင်ပါလာသော အသပြာတို့ကို ဂါမဏိစန္ဒအားပေး၍ ထွက်ပြေးသွားလေသည်။

**တောင်းရက်သမားအမှု စီရင်ချက်**

ထို့နောက် လေးခုမြောက်ဖြစ်သော တောင်းရက်သမားအမှုကို မင်းက စစ်ဆေးသည်။ တောင်းရက်သမားက...

“အရှင်မင်းမြတ်၊ ဤဂါမဏိစန္ဒသည် အကျွန်ုပ်၏ အဖကို သတ်ပါသည်”

ဟု လျှောက်၏။ မင်းက...

“အချင်း ဂါမဏိစန္ဒ၊ မှန်ပါသလော”

ဟုမေး၏။ ထိုအခါ ဂါမဏိစန္ဒသည် ဖြစ်ပျက်ပုံကို အမှန်အတိုင်းလျှောက်ထား၏။

နှစ်ဖက်သောသူတို့၏ တင်ပြချက်ကို မင်းက နားထောင်ပြီးနောက် တောင်းရက်သမားအား

“အချင်း၊ ယခုအခါ အသို့ပြုရအံ့နည်း”

ဟု မေး၏။

“အရှင်မင်းမြတ်၊ အကျွန်ုပ်သည် အဖကို ရလိုပါသည်”

ဟု တောင်းရက်သမားက လျှောက်၏။ ထိုအခါ မင်းက...

“အချင်း ဂါမဏိစန္ဒ၊ ဤသူကား အဖကိုရလိုနေသည်၊ သေလေပြီးသော အဖကို မည်သို့ယူဆောင်ပေးနိုင်ပါမည်နည်း၊ သို့အတွက် သင်သည်ဤသူ၏ အမိကိုအိမ်၌ထား၍ ပေါင်းသင်းလျက် အဖအဖြစ်နေလော့”

ဟု ဆုံးဖြတ်လိုက်၏။ ထိုအခါ တောင်းရက်သမားသည်...

“အရှင်ဂါမဏိစန္ဒ၊ အကျွန်ုပ်၏အမိကို မဖျက်ဆီးပါလင့်”

ဟု ဆိုကာ အသပြာတို့ကိုပေး၍ ထွက်ပြေးသွားလေသည်။

ဂါမဏိစန္ဒလည်း အမှုလေးမှုကိုအနိုင်ရသဖြင့် ဝမ်းသာကြည်ရွှင်သွားသည်။

“အရှင်မင်းမြတ်၊ အခြားသူများကလည်း ပြဿနာများကိုမေးလိုက်ပါသေးသည်၊ အရှင်မင်းမြတ် ဖြေကြားတော်မူပါ”

ဟုဆိုကာ မှာကြားချက်အသီးသီးကို မေးမြန်းလျှောက်ထား၏။ မင်းလည်း အစဉ်အတိုင်း ဖြေဆို၏။

**ရွာစားပြဿနာ အဖြေ**

ဂါမဏိစန္ဒသည် ရွာစား၏ မေးမြန်းချက်ကို တင်ပြ၏။ ထိုအခါ မင်းက...

“ထိုရွာစားသည် ရှေးအခါက ဖြောင့်မတ်စွာ တရားကို ဆုံးဖြတ်ခဲ့၏။ ထို့ကြောင့် လူတို့ချစ်ခင်မြတ်နိုးကြသည်။ များစွာသောလက်ဆောင်ပဏ္ဏာတို့ကို ပေးကြ၏။ သို့ဖြစ်၍ ရွာစားသည် ဥစ္စာပေါများ၏၊ အခြံအရံနှင့်ပြည့်စုံ၏၊ ယခုမူကား တံစိုးလက်ဆောင်ယူ၍ မဟုတ်မတရားဆုံးဖြတ်၏။ ထို့ကြောင့် ဆင်းရဲနွမ်းပါး၏၊ အထီးကျန်ဖြစ်နေ၏၊ ရောဂါရှိနေ၏။ အကယ်၍ ယခင်ရှေးကဲ့သို့ ဖြောင့်မှန်စွာ တရားဆုံးဖြတ်ငြားအံ့၊ ယခင် ရှေးကဲ့သို့ ချမ်းသာလတ္တံ့”

ဟု ဆို၏။ ထို့နောက် ရွာစားကို...

“ဟုတ်မှန်စွာတရားဆုံးဖြတ်ပါဟုပြောကြားလေ”

ဟု မှာကြားလိုက်၏။

**ပြည့်တန်ဆာမပြဿနာ အဖြေ**

ဤသို့ ရွာစား၏ ပြဿနာကို ဖြေကြားပြီးသောအခါ ဂါမဏိစန္ဒသည် ပြည့်တန်ဆာမ၏ ပြဿနာကို ဆက်လက်တင်ပြ၏။

ထိုအခါ မင်းက...

“ထိုပြည့်တန်ဆာမသည် ရှေးအခါက တစ်စုံတစ်ယောက်၏လက်မှ အဖိုးအခကိုယူ၍မကျေသေးမီ နောက်တစ်ယောက်လက်မှ အဖိုးအခကို မယူပေ။ ထိုသို့ ဖြောင့်မှန်သဖြင့် အဖိုးအခများစွာရ၏။ ယခုမူကား ထိုသို့မပြု။ တစ်စုံတစ်ယောက်ထံမှယူသော အဖိုးအခ မကျေသေးမီ နောက်တစ်ယောက်ထံမှ အဖိုးအခကို ယူပြန်၏။ ထိုသို့ မမှန်မကန်ပြန်သဖြင့် ယခုအခါ တစ်စုံတစ်ယောက်သောသူကမျှ မဆက်ဆံ၊ ကွမ်းဖိုးကိုမျှ မပေး၊ အကယ်၍ ဖြောင့်မှန်စွာပြုကျင့်ပါက ရှေးအတိုင်း အဖိုးအခများစွာရလတ္တံ့”

ဟု ဖြေကြားတော်မူ၏။

**မိန်းမငယ်ပြဿနာ အဖြေ**

ထို့နောက် မိန်းမငယ်၏ ပြဿနာအဖြေကို ဂါမဏိစန္ဒက တင်လျှောက်၏။ ထိုအခါ မင်းက...

“ထိုမိန်းမငယ်သည် လင်ယောကျ်ားနေသော ရွာနှင့် မိဘတို့နေသော ရွာနှစ်ရွာအကြားရှိ ရွာငယ်တစ်ခု၌ လင်ငယ်ထား၏။ ထို့ကြောင့် လင်ယောကျ်ားအကြီးအိမ်၌လည်း ကြာရှည်မနေနိုင်၊ မိဘတို့အိမ်၌လည်း ကြာရှည်မနေနိုင်၊ မိမိယောကျ်ားအား မိဘတို့အိမ်သို့သွားမည်ဟုဆိုကာ လင်ငယ်အိမ်၌နှစ်ရက်၊ သုံးရက်နေ၏။ ထို့နောက် မိဘတို့အား လင်ယောကျ်ားအိမ်သို့သွားမည်ဟုဆိုကာ လင်ငယ်အိမ်၌ပင် နေပြန်၏”

ဟု ဖြေကြားတော်မူ၏။

**မြွေပြဿနာ အဖြေ**

ထို့နောက် ဂါမဏိစန္ဒသည် မြွေ၏ပြဿနာကို လျှောက်ထား၏။

ထိုအခါ မင်းက...

“ထိုမြွေနေသော တောင်ပို့၏အောက်၌ ရွှေအိုးကြီး ရှိသည်။ ထိုရွှေအိုးကြီးကို မြွေသည်စောင့်ရသဖြင့် တွင်းမှထွက်သောအခါ လောဘအစွမ်းကြောင့် ကျပ်ကျပ်တည်းတည်း ထွက်ရသည်။ အစာစားပြီး၍ ပြန်ဝင်လာသောအခါ ဥစ္စာ၌ တွယ်တာသောစိတ် မရှိသဖြင့် မငြိုမငြင် ချောင်ချောင်ချိချိဝင်နိုင်သည်”

ဟု ဖြေကြား၏။ ဆက်လက်၍ ဂါမဏိစန္ဒအား...

“ထိုရွှေအိုးကို သင် တူးဖော်၍ ယူလေလော့”

ဟု မိန့်တော်မူ၏။

**(ဆက်လက်ဖော်ပြပါမည်)**

ဆရာကြီး မင်းယုဝေ၏ လက်ရွေးစင်ပုံပြင်ပေါင်းချုပ်စာအုပ်မှ ပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

ဆရာကြီးသန်းကြွယ်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။



ရွှေသွေးဂျာနယ် အတွဲ(၁)၊ အမှတ်(၁၉)၊ (၁၀-၅-၆၉)

## ကဗျာ

### တန်ဆောင်တိုင်

မြောက်လေဖုံဖုံ သုန်သုန်ဝှေ့တော့
ရဂုံတစ်ကွေ့ နှင်းဝေစီ
မှုန်မှုန်ကြွေတဲ့ ဆင်းငွေရည်ဝယ်
အလင်းနေခြည်ထင်ပြန်တော့။
ဝါဝင်းလဲ့လဲ့ ထိန်တောက်စိုကာ
စိန်ကျောက်လိုလို ပိုလင်းပြန်လှပေါ့။
ဝတ်မှုန်ကြဲတဲ့ ခဝဲညှာငယ်
ပုလဲဝါနှယ် သရေကြော့
မလွှဲသာတယ် လေပြည်နှော့တော့
ခွေခွေပျော့ပျော့ ညွတ်ယိုင်ယိုင်။
ဆီမီးရောင်စုံ ပူဇော်ကဲတဲ့
လှူတော်သည်ပွဲ
လမြတ်တန်ဆောင်တိုင်။
ကြတ္တိကာနှင့် ငွေလဆိုင်ကာ
တကွတစ်ပြိုင် တူတူသွားတော့
လူသူအများ မြူးကြွှင်သာကြည်
ထူးစွစဉ်လာညီ။
ကထိန်သင်္ကန်း မင်္ဂလမ်းရည်သည်
လှူဒါန်းခါမီ ဆုကြီးပန်လို့လေး။

**ငွေတာရီ**

ဆရာမ ငွေတာရီ၏ ငွေတာရီကဗျာပေါင်းချုပ်မှ ကဗျာကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

## လူမှု ဘဝ

# ကမ္ဘာ့သမိုင်းတွင် ထူးခြားခဲ့သည့် လူငယ်များ

**မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)**

အသက်ငယ်ငယ်ရွယ်ရွယ်နှင့် စွမ်းစွမ်းတမံ စွမ်းဆောင်ခဲ့သူများအကြောင်း စဉ်းစားမိလျှင် ကျွန်တော်တို့ ခေါင်းထဲသို့ အရင်ဆုံး ဝင်လေ့ရှိသူများကား မတ်ခ်ဇူကာဘတ်၊ အီဗန်စပီဂဲလ်၊ စတိဂျော့နှင့် ဘီလ်ဂိတ်ကဲ့သို့သော သူများပင် ဖြစ်သည်။ သို့သော် ငယ်ငယ်ရွယ်ရွယ်နှင့် အောင်မြင်လာခြင်းသည် ယခု မျက်မှောက်ခေတ်ကာလမှသာ လျှင် ဖြစ်ထွန်းလာသည့် ကိစ္စမဟုတ်ချေ။ လူ့သမိုင်း တစ်လျှောက်တွင် လူငယ်ဘဝကတည်းကပင် ထူးချွန်လာခဲ့သူများစွာ ရှိပါသည်။

**မဟာအလက်ဇန္ဒား**

အထူးခြားဆုံးတစ်ယောက်အဖြစ် မှတ်တမ်းတင် ထိုက်သူကား မဟာအလက်ဇန္ဒားပင် ဖြစ်သည်။ ကမ္ဘာသိမ်းဘုရင်တစ်ပါးအဖြစ် စတင်ထင်ရှားလာ ချိန်တွင် သူ၏အသက်သည် ၁၈ နှစ်သာ ရှိခဲ့သေး သည်။ အလက်ဇန္ဒားသည် လူ့လောကတွင် သက်တမ်းတိုတိုသာ နေခဲ့ရပါသော်လည်း ထိုကာလ အတွင်းတွင် ဘီစီကာလ ကမ္ဘာထက်ဝက်မျှ သိမ်းပိုက် နိုင်ခဲ့သူ ဖြစ်သည်။ အလက်ဇန္ဒားသည် သူ၏ဖခင် မက်ဆီဒိုနိုင်ငံဘုရင် ဒုတိယမြောက် ဖီလစ်လုပ်ကြံ သတ်ဖြတ်ခံရပြီးနောက် နန်းတက်လာခဲ့သည်။ နောက်နှစ်အကြာ သူ့အသက် ၁၈ နှစ်အရွယ်တွင် သူ၏နယ်ပယ်ကို စတင်ချဲ့ထွင်လာခဲ့သည်။ ဂရိမှ သည် အိန္ဒိယနိုင်ငံအထိ နယ်မြေဒေသတို့ကို တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ ရလဒ်မှာ မြေထဲပင်လယ် ဒေသတစ်လျှောက်တွင် တပြန့်တပြော ကျယ်ဝန်း လှသော အကြီးမားဆုံး အင်ပါယာကြီးတစ်ခု ဖြစ်ထွန်းလာခဲ့သည်။ အလက်ဇန္ဒားသည် တစ်ကြိမ် တစ်ခါမျှ စစ်ရှုံးခြင်း မရှိခဲ့ချေ။ ဘဝနိဂုံးချုပ်ပုံသည်ပင် လေပြင်းတွင် ထွန်းညှိခဲ့သည့် ဖယောင်းတိုင်ဆန်ဆန် အလောင်မြန်ကုန်ခန်းသွားခြင်းဖြစ်သည်ဟု ဆိုလောက် သည်။ သူသည် အဖျားနာသင့်ပြီး အသက် ၃၂ နှစ် အရွယ်တွင် ကွယ်လွန်သွားခဲ့သည်။

**ဩဂတ်စတပ်ဆီဇာ**

ဩဂတ်စတပ်ဆီဇာ ခေါ် အော့တေးဗီးယန်းသည် အသက် ၂၀ အရွယ်တွင် ရောမအထက်လွှတ်တော် တစ်နည်း ဆီးနိတ်လွှတ်တော်အမတ် ဖြစ်လာသည်။ မျက်မှောက်ကာလတွင် ဩဂတ်စတပ်အား ရောမနိုင်ငံတော်ကြီး၏ ပထမဦးဆုံး ဧကရာဇ်အဖြစ် သမိုင်းက အသိအမှတ်ပြုထားသည်။ သို့သော် ဘီစီ ၂၇ ခုနှစ်တွင် ယခင်အစဉ်အလာ မရှိသော ဧကရာဇ်အဖြစ် သူဂုဏ်တင် မခံခင်ကာလ ကြာမြင့်စွာကတည်းကပင်လျှင် သူ၏လှုပ်ရှားမှုများက အားကောင်းခဲ့သည်။ ဩဂတ်စတပ်ဟူသော ဘွဲ့ထူးဂုဏ်ထူး အမည်သညာနှင့် မထိုက်သေးခင် ကာလ ဘီစီ ၄၄ ခုနှစ်တွင် သူသည် အော့တေးဗီးယန်းဟူသော ကိုယ်ပိုင် အမည်သညာလောက်ဖြင့်သာ ရောမနိုင်ငံရေးလောကတွင် လှုပ်ရှားနေခဲ့သည်။ ထိုအသက် ၁၉ နှစ်အရွယ်တွင် သူသည် ဂျူးလိယက်ဆီဇာ၏ တူ၊ မွေးစားသားနှင့် အမွေစားအမွေခံ ဟူသော ဂုဏ်ပုဒ်သာ ရှိခဲ့သေးသည်။ ဘီစီ ၄၄ ခုနှစ် မတ်လ ၁၅ရက်နေ့တွင် ဆီးနိတ်လွှတ်တော်အတွင်း မှာပင် ဂျူးလိယက်ဆီဇာ လုပ်ကြံသတ်ဖြတ်ခံရချိန်တွင် အော့တေးဗီးယန်းသည် စစ်သင်တန်း တက်နေခဲ့သည်။ သူသည် သူ့ဦးလေး သတ်ဖြတ်ခံလိုက်ရသော အခါ တစ်နွယ်ငင် တစ်စင်ပါဆိုသလို သူပါသေဘေးသင့်နိုင်သည်ကို မရှုံ့မကြောက် ပြေးပုန်းခြင်းမပြုဘဲ ရောမနေပြည်တော်သို့ အပြင်းပြန်ချီ၍ ပရမ်းပတာ ဖြစ်နေသော ရောမနိုင်ငံရေး နယ်ပယ်ထဲ ခြေစုံပစ်ဝင်လိုက်သည်။ သူသည် ကြွေတစ်လှည့် ကြက်တစ်ခုန် အပြောင်းအလဲများ မြိုင်နေခဲ့သော နိုင်ငံရေးလောက သူ့အုပ်စု ကိုယ့်အုပ်စု သတ်ဖြတ်မှုများနှင့် စစ်ခင်းမှုများကြားတွင် နှစ်ပေါင်းများစွာ ပါးပါးနပ်နပ် ကျင်လည်နိုင်ခဲ့ပြီး နောက်ဆုံး ဘီစီ ၃၁ ခုနှစ်တွင် အက်ခ်တီမန်တိုက်ပွဲတွင် မတ်ခ်အန်တိုနီနှင့် ကလီယိုပါထရာ၏ တပ်များကို ချေမှုန်းနိုင်ခြင်းဖြင့် ရောမဧကရာဇ်ဘွဲ့ကို ခံယူနိုင်ခဲ့သည်။ ထိုကာလတွင် သူသည် အသက် ၃၀ နှစ်သာ ရှိခဲ့သေးသည်။

**ဂျုံးအော့ဖ်အတ်ခ်**

နိုင်ငံသမိုင်းကြောင်း ပြောင်းသည့် စစ်ဆင်ရေးကို ဆင်နွှဲချိန်တွင် ဂျုံးအော့ဖ်အတ်ခ်သည် အသက် ၁၇ နှစ်သာ ရှိခဲ့သေးသည်။ အလယ်ခေတ် ပြင်သစ်နိုင်ငံသည် နှစ်ပေါင်းတစ်ရာ ရေရှည်ဖြစ်နေခဲ့သော စစ်ပွဲကြောင့် ထောင်းထောင်းကြေနေခဲ့သည်။ ၁၄၂၉ ခုနှစ်တွင်မှ နိုင်ငံရေးအခြေအနေတစ်မျိုး ပြောင်းလဲလာသည်။ ဆယ်ကျော်သက် ကလေးမလေးတစ်ယောက်မျှသာဖြစ်သော တောသူလေး ဂျုံးသည် တိုင်းပြည်၏ သမိုင်းကြောင်းကို ဦးဆောင်ပြောင်းလဲရန် ရှေ့ထွက်လာသည်။ နောက်လိုက်အင်အားစုလေး အားကိုးဖြင့် သူသည် တိုင်းပြည်ခေါင်းဆောင်များအထိ တက်ရောက်ခဲ့ပြီး သူ့ကို စစ်ခေါင်းဆောင်တစ်ဦးအဖြစ် တာဝန်ပေးရန် တောင်းဆိုခဲ့သည်။ ခေတ်အခြေအနေအရ ယုံကြည်ကိုးစားခံထားရသော ဂျုံးအား နိုင်ငံခေါင်းဆောင်များက မငြင်းရဲခဲ့ချေ။ ဘုရားသခင်၏အရွေးချယ်ခံ ဟုတ်၊မဟုတ် အကြွင်းမဲ့ သက်သေထူ၍ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ သူသည် တပ်မတော်တွင် စစ်သေနာပတိအဖြစ် ခန့်အပ်ခြင်း ခံရသည်။ သူ၏ ဆံပင်ရှည်ကိုဖြတ်ကာ အမျိုးသားကဲ့သို့ ဝတ်စားဆင်ယင်၍ ရှေ့တန်းစစ်မျက်နှာသို့ မြင်းစီးထွက်လာချိန်တွင် သူသည် အသက် ၁၇ နှစ်သာ ရှိခဲ့သည်။ ဗြိတိသျှတပ်များ ဝိုင်းဝန်းပိတ်ဆို့ထားသော အောလင်းစ်မြို့သို့ သူ ရောက်ရှိပြီး ကိုးရက်အတွင်းမှာပင် ဗြိတိသျှတပ်များကို တိုက်ခိုက်တွန်းလှန်နိုင်ခဲ့ပြီး သူလည်း အမျိုးသားရေး သူရဲကောင်းအဖြစ်သို့ ရောက်ရှိသွားခဲ့ သည်။ သို့သော် ကံအကြောင်းမလှစွာ မကြာခင်မှာ သူသည် အင်္ဂလိပ်များ၏ ဖမ်းဆီးခြင်းကို ခံရပြီး စုန်းမဟူသော စွပ်စွဲချက်ဖြင့် သေဒဏ်စီရင်ခံခဲ့ရ သည်။ အရှင်လတ်လတ် မီးတိုက်သတ်ခံရချိန်တွင် သူသည် အသက် ၁၉ နှစ်သာ ရှိခဲ့သေးသည်။ ဆယ်စုနှစ်ပေါင်းများစွာ အကြာတွင်မှ ထိုတရားမဲ့ စီရင်ချက်ကို ပယ်ဖျက်လိုက်ပြီး သူ့ကို အာဇာနည် အဖြစ် ဂုဏ်တင်ခဲ့ကြသည်။ ရာစုနှစ်များစွာအကြာ ၁၉၂၀ ပြည့်နှစ်တွင်မှ သူ့အား သူတော်စင် စိန့်တစ်ပါးအဖြစ် သိက္ခာတင်ခဲ့သည်။

**ဘလေ့စ်ပါစကယ်လ်**

၁၇ ရာစု ပြင်သစ်သင်္ချာပညာရှင် ဘလေ့စ် ပါစကယ်လ်သည် အသက် ၁၉ နှစ်အရွယ်တွင် ဂဏန်းပေါင်းစက်တစ်လုံး တီထွင်ခဲ့သည်။ ပါစကယ်လ်သည် ထိုနှစ်ပေါင်း သုံးရာနီးပါး ခေတ်ရှေ့ပြေး တီထွင်မှုမျှသာ ပြုခဲ့သည်။ ကဏ္ဍအတော်များများတွင် ဦးဆောင်ဦးရွက်ပြုမှုများ ရှိခဲ့သည်။ သူသည် အသက် ၁၂ နှစ် အရွယ်တွင် ဂျီသြမေတြီပညာကို စတင်လေ့လာခဲ့သည်။ နောက်ခုနစ်နှစ် အကြာတွင်မှ သူသည် လက်ကိုင်ဂဏန်းပေါင်းစက် တစ်လုံး စတင်တီထွင်လာခဲ့သည်။ ထိုကာလသည် ၁၆၄၂ ခုနှစ်မျှသာ ရှိခဲ့သေးသလို ပစ္စည်းအရေအတွက် များစွာ တစ်မုဟုတ်ချင်းထုတ်လုပ်နိုင်အောင် တိုးတက် နေသော ခေတ်ကာလ မဟုတ်ခဲ့သေးချေ။ ထိုအချိန်က ပါစကယ်လ်သည် ခေတ်ရှေ့အရောက်လွန်နေခဲ့ပြီး ပါစကယ်လ်လိုင်း (Pascaline) ဟု အမည်ပေးထားခဲ့သော သူ၏ဂဏန်းပေါင်းစက်သည် ဈေးကွက်တင် နိုင်သော ပစ္စည်းဖြစ်မလာခဲ့ချေ။ မည်သို့ပင် ဆိုစေကာမူ ပါစကယ်လ်သည် ဩဇာကြီးမားသော သင်္ချာ၊ ဒဿနနှင့် ရူပဗေဒပညာရှင်တစ်ဦးအဖြစ် ထင်ရှားခဲ့သည်။ **(ဆက်လက်ဖော်ပြပါမည်)**

မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)၏ ဆယ်ကျော်သက် အချစ်နှင့် ကံကြမ္မာစာအုပ်မှ စာရေးသူ၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။



## ပြုံး စ ရာ

**ဗီတာမင်မတွေ့ပါလား**

မိခင်။ စား၊ စား၊ အဲဒါ ဗီတာမင်ပါတဲ့ ပေါင်မုန့်ကွဲ့။
သမီး။ ပေါင်မုန့်တစ်ခုလုံး မွှေနှောက်ရှာတာတောင် ဗီတာမင်မတွေ့ပါလား မေမေရယ်။

**တီကောင်တွေပဲ တွေ့ရပါတယ်**

ဆရာမ။ မြေပုံမှာ ရှာကြည့်ရင် ဘာတွေတွေ့နိုင်မလဲ။
ပွန်။ ကျွန်တော်တို့အိမ်ဘေးက မြေပုံမှာတော့ တီကောင်တွေပဲ တွေ့ရပါတယ် ဆရာမ။

**မာတင်ဖဲ**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၇၁၄ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၃ ဒသမ ၁၀ ရာခိုင်နှုန်းရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၄-၁၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာစည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၃-၁၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၄-၁၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၃,၀၄၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၇၁၄) ဦးတွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၃ ဒသမ ၁၀) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၂၁၀,၂၆၅)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၁၃,၂၆၂) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၈၁၀) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၈၄,၃၄၀) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁၆) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၈,၉၂၉) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၃-၁၁-၂၀၂၁) ရက်နေ့အထိ လူဦးရေစုစုပေါင်း (၁၄,၆၉၂,၆၀၇) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့် ထိုးနှံပြီးစီးသူ (၉,၅၆၁,၁၅၇) ဦးနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ (၅,၁၃၁,၄၅၀) ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၁၃-၁၁-၂၀၂၁) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ရေ စုစုပေါင်း (၂၄,၂၅၃,၇၆၄) ကြိမ် ထိုးနှံပြီး ဖြစ်ပါသည်။

- ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု အခြေအနေများအား ကူးစက်ရောဂါစောင့်ကြပ်ကြည့်ရှုရေး ရက်သတ္တပတ်အလိုက် ဓာတ်ခွဲနမူနာရယူစစ်ဆေးမှု၊ ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိရမှုနှင့် ရောဂါပိုးတွေ့ရှိမှုနှုန်း အခြေအနေများအား စောင့်ကြပ်ကြည့်ရှုလျက်ရှိရာ အပတ်စဉ်အလိုက် ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိမှုနှင့် ပျမ်းမျှရောဂါပိုးတွေ့ရှိမှုနှုန်းများမှာ (၅)ရာခိုင်နှုန်းအောက်သို့ စတင်လျော့နည်းကျဆင်းလာကြောင်း တွေ့ရှိရပါသည်။ သို့ရာတွင် ပြည်သူလူထုအကြား မြုပ်ကွယ်နေသည့် ကိုဗစ်-၁၉ ရောဂါပိုးရှိနေသူများ (ဥပမာ- ရောဂါလက္ခဏာမပြသော်လည်း ရောဂါပိုးရှိနေသူများ၊ သံသယရောဂါလက္ခဏာများရှိ၍ ရောဂါပိုးရှိနေနိုင်သော်လည်း ကျန်းမာရေးဌာနသို့ သတင်းပေးပို့ခြင်းမရှိသူများ) ထံမှ ရောဂါပိုးအဆင့်ဆင့် ဆက်လက်ကူးစက်၍ ရောဂါဖြစ်ပွားမှုများ ပြန်လည်မြင့်တက်လာခြင်းမရှိစေရန်နှင့် ရောဂါကူးစက်ဖြစ်ပွားမှု ဆက်လက်လျော့ကျလာစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပြည်သူလူထုအနေဖြင့် မိမိတို့ကဏ္ဍအလိုက် ယခုထက်ပိုမို ပူးပေါင်းပါဝင်ဆောင်ရွက်၍ အောက်ပါအချက်များကို တိကျစွာ လိုက်နာကြပါရန် ဖြစ်ပါသည်။
  - **အတတ်နိုင်ဆုံး မိမိတို့၏ နေအိမ်များတွင်သာ နေထိုင်ခြင်းနှင့် လူစုလူဝေးကို တတ်နိုင်သမျှ ရှောင်ကြဉ်ခြင်း၊**
  - **နေအိမ်ပြင်ပသို့ သွားရောက်ရန်နှင့် လူအများစုဝေးရာသို့ သွားရောက်ရန်များရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊**
  - **လက်ကို မကြာခဏဆေးကြောခြင်း၊**
  - **တစ်ဦးနှင့်တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်ခြင်း၊**
  - **အလှည့်ကျရရှိလာသည့် ကာကွယ်ဆေးထိုးနှံမှုကို အကြိမ်ပြည့် မပျက်မကွက်ခံယူခြင်း၊**
  - **သံသယရောဂါလက္ခဏာ တစ်စုံတစ်ရာရှိပါက မိမိဘာသာကုသခြင်းမျိုး မဆောင်ရွက်ဘဲ နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံး ဆက်သွယ်သတင်းပေးပို့၍ မိမိနှင့်အနီးကပ်ထိတွေ့သူများအား ကျန်းမာရေးဌာနက စုံစမ်းရှာဖွေဖော်ထုတ်ရာတွင် သတင်းပေးပို့ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၊**
  - **ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ဆက်စပ်ခဲ့သူများသည်လည်း ကျန်းမာရေးဌာနသို့ သတင်းပေးပို့၍ အသွားအလာကန့်သတ်ခြင်းနှင့် ဓာတ်ခွဲစစ်ဆေးခြင်းလုပ်ငန်းများကို ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊**
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

(၁၄-၁၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၆၄၃) ခု | (၁၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၉၆) ခု | (၁၁) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၅၀) ခု | (၁) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၇) ခု | (၂) ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၂၄) ခု | (၂) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၀၁၁) ခု | (၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၀၅) ခု | (၂၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂၀,၀၅၆) ခု | (၆၅၀) ဦး |
| စုစုပေါင်း | (၂၃,၀၄၂) ခု | (၇၁၄) ဦး |

### ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှု အခြေအနေ

(၁၃-၁၁-၂၀၂၁) ရက်နေ့

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၅,၁၃၁,၄၅၀) ဦး |
| ကာကွယ်ဆေး (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေ | (၉,၅၆၁,၁၅၇) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေစုစုပေါင်း | (၁၄,၆၉၂,၆၀၇) ဦး |
| စုစုပေါင်း ထိုးနှံပြီးသော ကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses) | (၂၄,၂၅၃,၇၆၄) ကြိမ် |

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၇၈၉၁၉၉၇ | ၃၇၈၉၇၃၃၅ | ၇၈၃၄၃၉ |
| ၂။ | အိန္ဒိယ | ၃၄၄၃၇၃၀၇ | ၃၃၈၃၇၈၅၉ | ၄၆၃၅၃၀ |
| ၃။ | ဘရာဇီး | ၂၁၉၅၃၈၃၈ | ၂၁၁၄၆၂၅၅ | ၆၁၁၂၅၅ |
| ၄။ | ဗြိတိန် | ၉၅၂၄၉၇၁ | ၇၇၉၂၅၇၈ | ၁၄၂၈၃၅ |
| ၅။ | ရုရှား | ၉၀၇၀၆၇၄ | ၇၇၈၄၅၈၅ | ၂၅၅၈၃၆ |
| ၆။ | တူရကီ | ၈၃၈၆၅၄၂ | ၇၈၆၈၄၀၉ | ၇၃၃၄၂ |
| ၇။ | ပြင်သစ် | ၇၂၇၅၁၄၉ | ၇၀၀၇၇၃၁ | ၁၁၈၁၃၇ |
| ၈။ | အီရန် | ၆၀၃၁၅၇၅ | ၅၆၈၃၄၅၈ | ၁၂၈၀၄၂ |
| ၉။ | အာဂျင်တီးနား | ၅၃၀၅၁၅၁ | ၅၁၇၀၈၇၆ | ၁၁၆၂၂၈ |
| ၁၀။ | စပိန် | ၅၀၄၇၁၅၆ | ၄၈၈၉၈၀၁ | ၈၇၆၇၃ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၂၅၀၈၅၅ | ၄၀၉၈၁၇၈ | ၁၄၃၆၅၉ |
| ၂။ | ဖိလစ်ပိုင် | ၂၈၁၆၉၈၀ | ၂၇၄၃၂၉၇ | ၄၅၅၈၁ |
| ၃။ | မလေးရှား | ၂၅၄၁၁၄၇ | ၂၄၄၆၁၉၇ | ၂၉၆၃၁ |
| ၄။ | ထိုင်း | ၂၀၁၈၄၁၀ | ၁၉၀၂၈၄၆ | ၂၀၀၃၄ |
| ၅။ | ဗီယက်နမ် | ၁၀၂၆၅၂၂ | ၈၆၃၃၁၁ | ၂၃၀၈၂ |
| ၆။ | မြန်မာ | ၅၁၃၂၆၂ | ၄၈၄၃၄၀ | ၁၈၉၂၉ |
| ၇။ | စင်ကာပူ | ၂၃၅၄၈၀ | ၂၁၀၅၂၁ | ၅၇၆ |
| ၈။ | ကမ္ဘောဒီးယား | ၁၁၉၅၃၆ | ၁၁၅၉၂၄ | ၂၈၆၇ |
| ၉။ | လာအို | ၅၄၁၉၂ | ၄၃၈၃၆ | ၉၉ |
| ၁၀။ | ဘရူနိုင်း | ၁၄၁၇၂ | ၁၃၄၄၇ | ၉၆ |

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**၁၂-၁၁-၂၀၁၂ ရက်နေ့မှအဆက်**

သူငယ်ချင်းများက မောင်မောင်ဦးကို မိန်းကလေးနှင့် ပတ်သက်လာလျှင် ကံကောင်းသူတစ်ယောက်ဟု သတ်မှတ်ထားသည်။ မောင်မောင်ဦး၏ ရုပ်ရည်သွင်ပြင်ကလည်း မိန်းကလေးများအတွက် နှစ်သက်ဖွယ်ဖြစ်ခဲ့သည်။ ပြီး၊ တွင်းစားရိုးတစ်ဦး၏ သားဖြစ်သည်ဟူသော ဂုဏ်သတင်းကလည်း မသေး။ တွင်းစားရိုးဖြစ်သည်ဆိုခြင်းကြောင့် သွားလေရာ မျက်နှာပွင့်လန်းသည်။ လူအများကြားတွင် ဝင်ဆံ့သည်။

မောင်မောင်ဦးသည် အေမီမြိုင်နှင့် တစ်စထက်တစ်စ ရင်းနှီးလာသည်။ အေမီမြိုင်ကိုယ်တိုင် သူ့အပေါ်ကျလာပြီဆိုခြင်းကို သိသည်။ သူနှင့်အခွင့်ရလေတိုင်း ချိန်းဆိုတွေ့ဆုံကြသည်။ သို့ပေမဲ့ အေမီမြိုင်အား သူက ချစ်သည်ဟု မပြောဖြစ်။ အေမီမြိုင်ထံမှလည်း ယင်းစကားမျိုးကို မကြားရပေ။ ကျောင်းပိတ်ရက်တွင် မန္တလေးသို့ပြန်မည်ဆိုသောအခါ အေမီမြိုင်က မန္တလေးသို့လိုက်နိုင်လျှင် ကောင်းမည်ဆိုသည်။ မန္တလေးသားဖြစ်သူ ဂျော့ကို အကြောင်းပြု၍ သူ မန္တလေးသို့လိုက်ခဲ့သည်။

မန္တလေးသို့ရောက်လျှင် သူသည် အံ့သြဖွယ်ရာများကို မြင်လာရပြန်လေသည်။ အေမီမြိုင်တို့မိဘများနှင့် ရင်းနှီးလာရသည်။ သူမ၏ဖခင်မှာ အခွန်ဝန်ဖြစ်သည်။ မိခင်မှာ မျိုးကြီးဆွေကြီးထဲမှဖြစ်သည်။ မင်းမျိုးမင်းနွယ်ထဲမှဟု ဆိုသည်။ သို့ဖြင့် စကားစပ်မိကြလေရာ အေမီမြိုင်၏ မိခင်သည် သူ၏ မိခင်ကိုသိနေသည်။

"လက်စသတ်တော့ မောင်မောင်ဦးက မသူဇာသားကိုး။ မသူဇာဆိုတာက တခြားသူမဟုတ်ဘဲ" ဆိုကာ ဆွေမျိုးစပ်လေရာ အေမီမြိုင်နှင့်သူသည် မောင်နှမ လေးဝမ်းကွဲ တော်နေကြောင်း သိရသည်။

သည်တော့လည်း အချင်းချင်း ပိုမိုရင်းနှီးရသည်။ ပိုမိုနီးကပ်စွာ နေနိုင်ခွင့်ရခဲ့သည်။ ယင်းကာလအတွင်းတွင် သူသည် ခင်ခင်ကြီးကို မေ့နေမိသည် အမှန်ပင်။

"မြိုင့်ဖေဖေက မကွေးမှာ တာဝန်ကျဖူးတယ်။ နှစ်နှစ်လောက်နေဖူးတယ်။ မကွေးမြသလွန်ကို မဖူးရတာကြာပြီ။ မြိုင်တို့ ကျောင်းမဖွင့်ခင် တစ်ခေါက်လောက် လာဖူးရဦးမယ်" စသည်ဖြင့် အေမီမြိုင်၏ မိခင်ကဆိုသည်။ ရက်ချိန်းယူသည်။ မကွေးသို့ အသွားတွင် မောင်မောင်ဦးတို့ အိမ်သို့ဝင်မည်။ မောင်မောင်ဦး၏မိခင် ဒေါ်သူဇာကို နှုတ်ဆက်မည်။

မောင်မောင်ဦးက သူတို့မိသားစုကို မကွေးသို့ လိုက်ပို့ရမည် ဖြစ်သည်။ အေမီမြိုင်နှင့်အတူ မြသလွန်ကို ဖူးမြော်ရမည်။

ထိုအတွက် အစပိုင်းက ကျေနပ်သလိုရှိမိသည်။ ဝမ်းသာသလိုရှိမိသည်။ အေမီမြိုင်တို့မလာမီ အစီအစဉ်ပြုရန်အတွက် ရေနံချောင်းသို့ ကြိုတင်ပြန်လာခြင်းဖြစ်သည်။

ထိုစဉ်ကမူ ပြဿနာသည် ရေနံချောင်းမှနေ၍ သူ့ကို စောင့်နေမည်ဟု မထင်မိခဲ့။ ရေနံမြေကိုခြေချရလျှင်ပင် ခင်ခင်ကြီးနှင့်စပ်လျဉ်း၍ ပြဿနာကို စတင်တွေ့ရှိရသည်။ ခင်ခင်ကြီးတွင် ကလေးရှိနေပြီဆိုသော စကားသည် သူ့စိတ်သန္တာန်ကို နောက်ကျုစေခဲ့သည်။ ညစ်ညူးစေခဲ့သည်။

အိမ်ကိုမြင်ရတွေ့ရတော့ စိတ်မကောင်းနိုင်။ အိမ်၏အသွင်အပြင်က ယိုယွင်းပျက်စီးလွန်းလှသည် ထင်မိ၏။ မန္တလေး စီဗီလိုင်းမှ အေမီမြိုင်တို့အိမ်မှာ ခမ်းနားကြီးကျယ်လှသည်။ အေမီမြိုင်တို့အိမ်နှင့် နှိုင်းစာလျှင် များစွာကွာခြားသည်။ သည်အိမ်အသွင်အပြင်ကို မြင်ရလေလျှင် အေမီမြိုင်သည် သူ့အပေါ် အထင်မှကြီးနိုင်ပါဦးမည်လား မသိ။

သည်အတွေးများကို တွေးမိလျှင် မောင်မောင်ဦး၏ ရင်မှာ တင်းကျပ်လာသည်။ စိတ်ပျက်လက်ပျက်ဖြစ်လာသည်။ သည်အတွင်းမှာပင် ခင်မောင်ညွန့်နှင့် ပတ်သက်၍ ဖေဖေ၏ လုပ်ဆောင်ပုံများကို တွေးမိသည်။ သည်ကိစ္စတွင် ဖေဖေမှားသည်ဟု သူထင်သည်။ တစ်ဆက်တည်းမှာပင် ဖေဖေနှင့် ဦးအောင်ခန့်တို့ တစ်ယောက်အပေါ်တစ်ယောက် ယခုတိုင်အောင် မုန်းတီးလျက်ရှိသည်။ နာကြည်းလျက်ရှိသည်။ အခွင့်သာသည်နှင့်တစ်ပြိုင်နက် တစ်ယောက်ကို တစ်ယောက် လက်စားချေရန် ကြံရွယ်နေကြသည်ဟု နားလည်သည်။ သူနှင့်ခင်ခင်ကြီး၏ကိစ္စကို သိရှိကြလေလျှင် မည်သို့ဖြစ်လာလေမည်ကို မပြောတတ်သေး။

မောင်မောင်ဦးသည် စိတ်ရှုပ်ထွေးခြင်းကို ကြာရှည်ခံစားလိုခြင်းမရှိ။ စိတ်အာရုံကို ဖြစ်သည့်နည်းနှင့် လွှဲပြောင်း ပစ်လေ့ရှိသည်။ ယခုလည်း သူသည် စိတ်အာရုံကို လွှဲပြောင်းသည့်အနေနှင့် အေမီမြိုင်တို့အကြောင်းကို ဖေဖေနှင့်မေမေအား ပြောပြရန် အိမ်အောက်ထပ်သို့ ဆင်းလာခဲ့ပါသည်။

နယုန်လဆန်းကတည်းက ရွာချင်ချင်ဖြစ်နေသောမိုးသည် ယနေ့ညတွင် ချုပ်တည်းထိန်းသိမ်းခြင်းငှာ မစွမ်းသာတော့သလို ဖြုန်းခနဲရွာချလာသည်။ တစ်နွေလုံးပူခဲ့သမျှ ယနေ့ည အေးမြလာသည်။ မိုးကို ဝမ်းပန်းတသာကြိုခဲ့သူ၏ဆန္ဒ ပြည့်ဝခဲ့ပြီဟု ဆိုနိုင်သည်။ ခင်ခင်ကြီးသည် ပြတင်းပေါက်မှနေကာ မိုးရွာလာသည်ကို ကြည်နူးနှစ်သိမ့်ခြင်းအပြည့်ဖြင့် ကြည့်နေသည်။ သည်ည နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်တော့မည်ဆိုခြင်းကိုသိသည်။ မနက်ဖြန်နံနက်တွင်လည်း သူမ နှစ်ခြိုက်မြတ်နိုးသော ပိတောက်ပန်းများပွင့်လာ...

**[ ၁၇ ]**

နယုန်လဆန်းကတည်းက ရွာချင်ချင်ဖြစ်နေသော မိုးသည် ယနေ့ညတွင် ချုပ်တည်းထိန်းသိမ်းခြင်းငှာ မစွမ်းသာတော့သလို ဖြုန်းခနဲရွာချလာသည်။ တစ်နွေလုံးပူခဲ့သမျှ ယနေ့ည အေးမြလာသည်။ မိုးကို ဝမ်းပန်းတသာကြိုခဲ့သူ၏ဆန္ဒ ပြည့်ဝခဲ့ပြီဟု ဆိုနိုင်သည်။

ခင်ခင်ကြီးသည် ပြတင်းပေါက်မှနေကာ မိုးရွာလာသည်ကို ကြည်နူးနှစ်သိမ့်ခြင်းအပြည့်ဖြင့် ကြည့်နေသည်။ သည်ည နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်တော့မည်ဆိုခြင်းကို သိသည်။ မနက်ဖြန်နံနက်တွင်လည်း သူမ နှစ်ခြိုက်မြတ်နိုးသော ပိတောက်ပန်းများ ပွင့်လာလေဦးတော့မည်။

မိုးကို အလိုက်သိတတ်လှချေကလား ထင်သည်။ ရင်မှာပူလောင်ပြင်းပြမှုကို ခံစားနေရစဉ်က မရွာ။ ယခုလို ရင်မှာ ကြည်သာအေးမြနေရသောကာလတွင် ရွာလာသည်။ အကယ်၍ မောင်မောင်ဦးနှင့် မဆုံရသေးစဉ်ကာလက မိုးရွာ လာခဲ့လေလျှင်လည်း ရင်မှာကြည်မြရမည်မထင်။

မောင်မောင်ဦးသည် မိမိနှင့် တစ်မြေတည်း တစ်ရေတည်းတွင်ရှိသည်။ ထိုအတွက် စိတ်ထဲမှ အေးနေရသည်။ သို့ပေမဲ့ မိမိနှင့် မောင်မောင်ဦးတို့၏ ဘဝရှေ့ရေးအတွက်ကိုမူ ယတိပြတ် စိတ်အေးနိုင်သည် မဟုတ်ဟု ခင်ခင်ကြီး တွေးမိသည်။ အခက်အခဲနှင့် အကျပ်အတည်းသည် မိမိတို့အား စောင့်ကြိုနေသည်ဟု ထင်သည်။

နေ့လယ်ပိုင်းက ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များကြောင့် ခင်ခင်ကြီး၏ စိတ်တွင် စနိုးစနောင့်ရှိရသည်။ နေ့လယ်က ဖေဖေအိမ်သို့ ထမင်းပြန်အစားတွင် သည်ပြဿနာ စခဲ့သည်။ ကိုထွန်းခင်သည် ဖေဖေ ထမင်းစားအပြီးကိုစောင့်၍ ပြဿနာကို အစဖော်ပေးခဲ့သည်။

"ကျွန်တော် အသေအချာ စုံစမ်းခဲ့ပြီးပြီခင်ဗျ။ ဦးကောင်းမိုးရဲ့ လက်ချက်ဆိုတာလည်း အသေအချာ သိခဲ့ရပြီ"

ကိုထွန်းခင်၏စကားတွင် ဦးကောင်းမိုးအမည် ပါလာသောကြောင့် ခင်ခင်ကြီးသည် မလှမ်းမကမ်းမှနေကာ သူတို့စကားကို စောင့်ဆိုင်းနားထောင်မိသည်။

ကိုထွန်းခင်က ကိုကို၏စာများနှင့်ပတ်သက်၍ သူစုံစမ်းရသမျှကို ပြောပြသည်။ ဦးကောင်းမိုး၏ တူတော်သူ တစ်ယောက်သည် စာတိုက်ဗိုလ်အဖြစ် ရေနံချောင်းသို့ ပြောင်းလာသည်။ ထို့ကြောင့် ဦးကောင်းမိုး စာတိုက်သို့ သွားလည်သည်။ သည်တွင် ရေနံ့သာအိမ်လိပ်စာတပ်ထားသော စာတစ်စောင်နှင့် မဝင်းရီ၏လိပ်စာတပ်ထားသော လက်ရေးတူ စာတစ်စောင်တို့ကို တွေ့ရှိသည်။ ဦးကောင်းမိုးသည် ယင်းစာများကို ယူခဲ့သည်ဟုဆိုသည်။ ယင်းနည်းဖြင့် စာနှစ်စောင် ရေနံ့သာအိမ်သို့ ရောက်လာရခြင်းဖြစ်ကြောင်း သိရသည်။ သည်အကြောင်းကို ကိုထွန်းခင်၏မိတ်ဆွေ စာတိုက်အလုပ်သမားတစ်ယောက်က တွေ့ခဲ့မြင်ခဲ့သည်။ ထိုသူထံမှ သတင်းရခြင်းဖြစ်သည်။

ကိုထွန်းခင်စကားများကြောင့် ဖေဖေစိတ်ဆိုးသည်။ ဒေါပွသည်။ ကိုထွန်းခင်အား ပွဲစား ဦးမောင်ကလေးကို ကားဖြင့် ချက်ချင်းသွားခေါ်ခဲ့ရန် အမိန့်ပေးသည်။

ပွဲစားဦးမောင်ကလေးကို ခင်ခင်ကြီးတို့သိသည်။ သူသည် ယခင်က ချမ်းသာကြွယ်ဝသော ပွဲစားတစ်ဦးဖြစ်သည်။ ရေနံချောင်းတွင် မောင်ကလေးဟေ့ဟုဆိုလျှင် မသိသူမရှိ။ လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့ဖူးသည်။ ဖေဖေနှင့် ငယ်သူငယ်ချင်းဖြစ်သည်။ အသုံးအစွဲကြီးခြင်း၊ အလုပ်မရှိသေခြင်း၊ မယားငယ်အများအပြားယူခြင်း၊ သေရည်သေရက်သောက်စားခြင်း စသည်တို့ကြောင့် တစ်စထက်တစ်စ နာမည်ပျက်ကာ၊ အလုပ်လစ်ဟင်းကာ ယခုအခါတွင်မူ ကုန်းကောက်စရာမရှိအောင် ဆင်းရဲနေရှာသည်ဟု ယေဘုယျ သိထားသည်။

ဦးမောင်ကလေးအား အခေါ်ခိုင်းလိုက်ခြင်းကို ခင်ခင်ကြီးနားမလည်မိ။ သို့ရာတွင် ဦးကောင်းမိုးနှင့် ပတ်သက်နေလိမ့်မည်ဟု ထင်သည်။ ဦးကောင်းမိုးမှာ မောင်မောင်ဦး၏ ဖခင်။ ထို့ကြောင့် ဦးကောင်းမိုးနှင့်ပတ်သက်လျှင် မောင်မောင်ဦးနှင့်ပတ်သက်သည်။ မောင်မောင်ဦးနှင့် ပတ်သက်လျှင် မိမိနှင့်လည်း ပတ်သက်သည်ဟု ခင်ခင်ကြီး ထင်သည်။ ထို့ကြောင့် ဦးမောင်ကလေးရောက်လာသည်ကို ခင်ခင်ကြီး စောင့်သည်။ ဖေဖေနှင့် ဦးမောင်ကလေးတို့ စကားပြောနေကြသည်ကို စောင့်နားထောင်သည်။

ဖေဖေက အခေါ်ခိုင်းလိုက်သည်ဆိုခြင်းကြောင့် ဦးမောင်ကလေး အံ့သြနေသည်။ အိမ်အတွင်းသို့ ခပ်ကုပ်ကုပ် အမူအရာဖြင့် ဝင်လာသည်။ ဖေဖေ့ရှေ့သို့ ကျုံ့ကျုံ့ယို့ယို့ ဝင်လာသည်။ ဖေဖေက သူ့အရှေ့ဆိုဖာတွင် အထိုင်ခိုင်းသောအခါ မရဲတရဲ အမူအရာဖြင့် ဝင်ထိုင်သည်။

"ကိုမောင်ကလေး။ ခင်ဗျားရဲ့ ပွဲရုံနဲ့ ဝင်းသော်တာ ပွဲရုံက ထရံချင်းကပ်နေတယ်မဟုတ်လား"

ဖေဖေမေးသည်။ ဦးမောင်ကလေးက ယင်းအမေးအတွက် အံ့သြသလိုရှိရာမှ တရိုတသေပြန်ဖြေသည်။

"ဟုတ်ပါတယ် ခင်ဗျာ"

"ဝင်းသော်တာပွဲရုံမှာ ကိုကောင်းမိုးရဲ့ မိန်းမ မသူဇာ အလုပ်လုပ်တယ်မဟုတ်လား"

"လုပ်ပါတယ်ခင်ဗျ"

"ဒီပွဲရုံကြီးပွားလာတာ ဘာမှမကြာသေးဘူး မဟုတ်လား။ ခင်ဗျားရဲ့ ပွဲရုံကျသွားမှ သူတက်လာတာ မဟုတ်လား"

"ဟုတ်ပါတယ်ခင်ဗျ"

"အဲဒီပွဲရုံမှာ မသူဇာ အစုစပ်ထည့်ထားတယ်ဆိုတာ ဟုတ်သလား"

"ဟုတ်ပါတယ်။ အရင်ကတော့ သူ့ခမျာ မပါနိုင်ရှာပါဘူး။ အခုတလောမှ ထည့်လာနိုင်တာလို့ သိရပါတယ်။ ဒါပေမဲ့ သိပ်များများစားစားတော့ ဟုတ်ပုံမရပါဘူး ခင်ဗျ" **ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော် ပြခြင်းဖြစ်ပါသည်။

**စာတည်း**

# သက်သာသောဈေးနှုန်းဖြင့် စက်သုံးဆီဖြန့်ဖြူးရောင်းချပေးလျက်ရှိ

(ယမန်နေ့မှ အဆက်)

**မန္တလေးတိုင်းဒေသကြီးရှိ အထူးဈေးနှုန်းဖြင့် ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်များစာရင်း**

| စဉ် | အရောင်းဆိုင်အမည် | တစ်လီတာဈေးနှုန်း | | | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| | | 92 Ron | ဒီဇယ်ဆီ | Premium ဒီဇယ်ဆီ | |
| ၂၂ | Asia Energy – ပုသိမ်လေးပန့်ဆိုင် (မန္တလေး) | ၁၄၅၇ | ၁၃၇၀ | ၁၃၇၆ | မန္တလေး–မိုးကုတ်လမ်းမကြီး၊ ပုသိမ်လေးကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်။ |
| ၂၃ | Asia Energy –စဉ့်ကိုင်ပန့်ဆိုင်(မန္တလေး) | ၁၄၅၇ | ၁၃၇၀ | ၁၃၇၆ | မိုင်တိုင် (၄၁၅)၊ ပေါ်တော်မူဘုရားနီး၊ စဉ့်ကိုင်မြို့။ |
| ၂၄ | Asia Energy – ၆၉ပန့်ဆိုင်(မန္တလေး) | ၁၄၅၇ | ၁၃၇၀ | ၁၃၇၆ | ဦးပိုင်(၁)၊ အကွက်(တ–၇/စ)၊ ၆၉ လမ်းနှင့် သိပ္ပံလမ်းထောင့်၊ မြို့သစ်(၁)၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ |
| ၂၅ | Asia Energy– ကျောက်ချောပန့်ဆိုင် (မန္တလေး) | ၁၄၅၇ | ၁၃၇၀ | ၁၃၇၆ | ၁၆ မိုင်၊ တိုးဂိတ်အကျော် ကျောက်ချောကျေးရွာ၊ မန္တလေး–ပြင်ဦးလွင်ကားလမ်း။ |
| ၂၆ | Asia Energy – ၆၂ ပန့်ဆိုင်(မန္တလေး) | ၁၄၅၇ | ၁၃၇၀ | ၁၃၇၆ | ၆၂ လမ်း၊ ၁၀၆ x ၁၀၇ ကြား မန္တလေးမြို့။ |
| ၂၇ | Asia Energy – စက်မှုပန့်ဆိုင်(မန္တလေး) | ၁၄၅၇ | ၁၃၇၀ | ၁၃၇၆ | ၆၂ လမ်း၊ ကနောင်မင်းသားကြီးလမ်းနှင့် ယောမင်းကြီး လမ်းကြား၊ မန္တလေးမြို့။ |
| ၂၈ | Asia Energy (ရမည်းသင်း) | ၁၄၅၇ | ၁၃၇၅ | ၁၃၈၁ | မိုင်တိုင် (၂၉၆/၂၉၇) ရမည်းသင်း၊ တိုးဂိတ်ဘေး၊ ရမည်းသင်းမြို့နယ်။ |
| ၂၉ | Asia Energy (ပုဂံညောင်ဦး) | ၁၄၅၇ | ၁၃၇၅ | ၁၃၈၁ | ပုဂံ–ကျောက်ပန်းတောင်း၊ ကားလမ်းအထွက်၊ ပုဂံ–ညောင်ဦးမြို့နယ်။ |
| ၃၀ | Asia Energy (သာစည်–ယင်းမာပင်) | ၁၄၅၇ | ၁၃၇၀ | ၁၃၇၆ | မိုင်တိုင်(၃၄)၊ မိတ္ထီလာ – တောင်ကြီးကားလမ်း၊ ယင်းမာပင်မြို့နယ်။ |
| ၃၁ | Asia Energy (မိတ္ထီလာ) | ၁၄၅၇ | ၁၃၇၅ | ၁၃၈၁ | မိုင်တိုင် (၃၃၃)၊ ညောင်မြစ်လမ်းဆုံ၊ မိတ္ထီလာမြို့နယ်။ |
| ၃၂ | Mandalay 1 | ၁၄၅၇ | ၁၃၇၀ | ၁၃၇၆ | ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ |
| ၃၃ | Mandalay (2) | ၁၄၅၇ | ၁၃၇၀ | ၁၃၇၆ | နတ်ရေကန်ရပ်ကွက်၊ မန္တလေးခရိုင်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ |
| ၃၄ | Mandalay(3) | ၁၄၅၇ | ၁၃၇၀ | ၁၃၇၆ | မန္တလေး–ပြင်ဦးလွင်လမ်းမကြီး။ |
| ၃၅ | Mandalay–4 | ၁၄၅၇ | ၁၃၇၀ | ၁၃၇၆ | ရန်ကုန်–မန္တလေးလမ်းဟောင်း၊ ပြည်ကြီးတံခွန်မြို့နယ်။ |
| ၃၆ | 360° Petro (62st, Mandalay) | ၁၄၅၇ | ၁၃၆၅ | ၁၃၇၁ | ပြည်ကြီးတံခွန်မြို့နယ်။ |
| ၃၇ | 360° Petro (Theikpanlan, Mandalay) | ၁၄၅၇ | ၁၃၆၅ | ၁၃၇၁ | သိပ္ပံလမ်း။ |
| ၃၈ | Denko(ထုံးဖို) | ၁၄၅၇ | ၁၃၇၀ | ၁၃၇၆ | အမှတ် (၅၈၀/K ) ၆၇ လမ်း၊ ထုံးဖို–မြစ်ငယ်လမ်း၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ |
| ၃၉ | Denko (ဆေးအိုးဖို) | ၁၄၅၇ | ၁၃၇၀ | ၁၃၇၆ | အမှတ်(၁၄/၁)၊ ရန်ကုန်–မန္တလေးအမြန်လမ်း၊ ဆေးအိုးဖိုကျေးရွာအုပ်စု၊ အမရပူရမြို့နယ်၊ မန္တလေးမြို့။ |
| ၄၀ | Denko(စဉ့်ကိုင်) | ၁၄၅၇ | ၁၃၇၀ | ၁၃၇၆ | ညောင်ပင်ကျေးရွာအုပ်စု စဉ့်ကိုင်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။ |
| ၄၁ | Denko (Mdy 74 လမ်း) | ၁၄၅၇ | ၁၃၇၀ | ၁၃၇၆ | အမှတ် (၅–က)၊ ၇၃ x ၇၄ ကြား၊ တံခွန်တိုင်အဝိုင်းအနီး၊ တောင်မြင့်ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ |
| ၄၂ | Denko (ရွှေကျင်၊ မန္တလေး) | ၁၄၅၇ | ၁၃၇၀ | ၁၃၇၆ | မန္တလေး–မတ္တရာ လမ်းမဘေး၊ အိုးဘိုရပ်ကွက် (ရွှေကျင်ကျောင်းတိုက်ရှေ့) မန္တလေးတောင်ခြေ၊ အောင်မြေသာဇံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ |
| ၄၃ | Denko (မြင်းခြံ ၁) | ၁၄၅၇ | ၁၃၇၀ | ၁၃၇၆ | အမှတ် (၅၄–၅၅)၊ ချောင်းဒေါင်း (၂၀)ရပ်ကွက်၊ မြင်းခြံ–မန္တလေး လမ်းမကြီး၊ မြင်းခြံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ |
| ၄၄ | Denko (ညောင်ဦး ၁) | ၁၄၅၇ | ၁၃၇၀ | ၁၃၇၆ | ကျောက်ပန်းတောင်း–ညောင်ဦးလမ်းမဘေး၊ ကျောက်စစ်ကန်ကွင်း၊ တောင်ဘကျေးရွာအုပ်စု၊ ညောင်ဦးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ |
| ၄၅ | Denko (Mdy 78 လမ်း) | ၁၄၅၇ | ၁၃၇၀ | ၁၃၇၆ | ၇၈ လမ်း၊ ခင်စောမူကွေ့ မဟာအောင်မြေမြို့နယ် မန္တလေးတိုင်းဒေသကြီး။ |
| ၄၆ | Denko (နန်းဦးလွင်) | ၁၄၅၇ | ၁၃၇၀ | ၁၃၇၆ | အမှတ် (၄၆–၄၇)၊ မြို့ပတ်လမ်းနှင့် ၂၆ လမ်းထိပ် (မန္တလေး–ပြင်ဦးလွင်လမ်း )၊ နန်းဦးလွင်ကျေးရွာအုပ်စု၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့။ |
| ၄၇ | Denko (ရှမ်းကလေးကျွန်း) | ၁၄၅၇ | ၁၃၇၀ | ၁၃၇၆ | အမှတ် ( ၁/၅ )၊ စစ်ကိုင်း–မန္တလေးလမ်း၊ (ကန်တော်ကြီးထောင့်) ရှမ်းကလေးကျွန်းကျေးရွာအုပ်စု၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ |
| ၄၈ | Denko(ပန်းချီ) | ၁၄၅၇ | ၁၃၇၀ | ၁၃၇၆ | အမှတ်(၆၁၃) မန္တလေး–စစ်ကိုင်းလမ်းဟောင်း၊ ရွှေကြက်ယက်တိုးဂိတ်အနီး၊ ပန်းချီကျေးရွာအုပ်စု၊ အမရပူရမြို့နယ်၊ မန္တလေးမြို့။ |
| ၄၉ | Denko (စွယ်တော်) | ၁၄၅၇ | ၁၃၇၀ | ၁၃၇၆ | နတ်ရေကန်ရပ်ကွက်၊ မန္တလေးခရိုင်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး(စွယ်တော်ကားကြီးဝင်း) |
| ၅၀ | Denko (တံတားဦး) | ၁၄၅၇ | ၁၃၇၀ | ၁၃၇၆ | အမှတ်(၂၇၆/၂၇၇ )၊ အမှတ် ၃ လွှစင်တန်း ရပ်ကွက်၊ ချမ်းသာကြီးဘုရား အနောက်ဘက်၊ တံတားဦး–မြို့သာလမ်း၊ တံတားဦးမြို့၊ ကျောက်ဆည်ခရိုင်၊ မန္တလေးတိုင်းဒေသကြီး။ |
| ၅၁ | Denko (ပလိပ်) | ၁၄၅၇ | ၁၃၇၀ | ၁၃၇၆ | အမှတ်(၄၂/ ၂၀၀ )၊ ရန်ကုန်–မန္တလေးလမ်း(ဟောင်း)၊ ဆီဆုံကျေးရွာအုပ်စု၊ စဉ့်ကိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ |
| ၅၂ | Denko (မိတ္ထီလာ–၁) | ၁၄၅၇ | ၁၃၇၀ | ၁၃၇၆ | ထမုန်ကုန်းကျေးရွာအုပ်စု၊ တောမရွာ မိတ္ထီလာ–တောင်ကြီးကားလမ်းဘေး၊ မိတ္ထီလာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ |
| ၅၃ | Denko (မိတ္ထီလာ ၂) | ၁၄၅၇ | ၁၃၈၀ | ၁၃၈၆ | အမှတ် ( ၁၉၆/၁၉၇ )၊ မိတ္ထီလာ–ရန်ကုန် (မြို့ရှောင်လမ်းနှင့် လမ်းဟောင်းထောင့်)၊ ကန်တောင်ကျေးရွာအုပ်စု၊ မိတ္ထီလာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ |
| ၅၄ | TF | ၁၄၀၇ | ၁၃၇၉ | ၁၃၈၆ | ရေကြည်ပေါက်ကျေးရွာ၊ အမရပူရမြို့နယ်၊ စစ်ကိုင်း–မြစ်ငယ် လမ်းမ။ |
| ၅၅ | Petro K Meikhtila | ၁၄၀၇ | ၁၃၇၀ | ၁၃၈၀ | မိတ္ထီလာ–ကျောက်ပန်းတောင်းလမ်း။ |
| ၅၆ | Petro K Pyawbwe | ၁၄၀၇ | ၁၃၇၀ | ၁၃၈၀ | ရန်ကုန်–မန္တလေးအဝေးပြေးလမ်းမကြီး။ |
| ၅၇ | Petro K Yinmarbin | ၁၄၀၇ | ၁၃၆၉ | ၁၃၇၆ | မိတ္ထီလာ–တောင်ကြီးအဝေးပြေးလမ်းမကြီး။ |
| ၅၈ | MK Fuel | ၁၃၉၇ | ၁၃၆၉ | ၁၃၇၆ | ရန်ကုန်–မန္တလေးအဝေးပြေးလမ်းမကြီး၊ ရမည်းသင်း။ |
| ၅၉ | BOC (ညောင်ဦး) | | ၁၃၇၄ | ၁၃၈၁ | ညောင်ဦး–မြင်းခြံကားလမ်းမကြီးနှင့် ညောင်ဦးမြို့ရှောင်လမ်းဆုံအနီး၊ မြေနဲလေးကျေးရွာ။ |
| ၆၀ | ရွှေလီ (ပျော်ဘွယ်) | ၁၄၀၂ | ၁၃၇၄ | ၁၃၈၁ | ဝါးရင်းထုတ်ကျေးရွာ၊ ရန်ကုန်–မန္တလေးလမ်းဟောင်း၊ မန္တလေးတိုင်းဒေသကြီး။ |

**နေပြည်တော်ရှိ အထူးဈေးနှုန်းဖြင့် ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်စာရင်း**

| စဉ် | အရောင်းဆိုင်အမည် | တစ်လီတာဈေးနှုန်း | | | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| | | 92 Ron | ဒီဇယ်ဆီ | Premium ဒီဇယ်ဆီ | |
| ၁ | Moon Sun Energy (Naypyitaw) | ၁၄၅၂ | ၁၃၇၅ | ၁၃၈၁ | နန်းသြကျေးရွာ၊ ရန်ကုန်–မန္တလေးလမ်းဟောင်း၊ မိုင်တိုင် (၂၆၀) လမ်းမပေါ်၊ ဥတ္တရခရိုင်၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်။ |
| ၂ | 360° Petro (Naypyitaw) | ၁၄၅၂ | ၁၃၇၅ | ၁၃၈၁ | ရွှေပြည်တော်ဝင်လမ်းနှင့် မြတ်မင်္ဂလာလမ်းထောင့်။ |
| ၃ | Denko (နေပြည်တော် ၂) | ၁၄၅၂ | ၁၃၇၅ | ၁၃၈၁ | အမှတ်( OC ၁–၆ )၊ သီရိရတနာလမ်း၊ ရတနာသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်ကောင်စီနယ်မြေ။ |
| ၄ | Denko (နေပြည်တော်–၁ ) | ၁၄၅၂ | ၁၃၇၅ | ၁၃၈၁ | အမှတ်(C–5 )၊ ပျဉ်းမနား–တောင်ညိုလမ်း၊ ပညာသိဒ္ဓိရပ်ကွက်၊ မြို့မဈေးအနီး၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်ကောင်စီနယ်မြေ။ |
| ၅ | Denko(အေလာ) | ၁၄၅၂ | ၁၃၇၅ | ၁၃၈၁ | အမှတ်(၈၇၊ ၁၃၆/၂ )၊ ပျဉ်းမနား မြို့ရှောင်လမ်း (နေပြည်တော်–ရန်ကုန်)၊ အေလာအရှေ့၊ ရိုးပင်ကျေးရွာအုပ်စု၊ လယ်ဝေးမြို့နယ်၊ နေပြည်တော်ကောင်စီနယ်မြေ။ |
| ၆ | Petro K Tatkon | ၁၄၀၂ | ၁၃၇၀ | ၁၃၈၀ | ရန်ကုန်–မန္တလေးအဝေးပြေးလမ်းမကြီး၊ တပ်ကုန်းမြို့နယ်။ |
| ၇ | PT Power (ဒက္ခိဏသီရိ) | | ၁၃၇၄ | ၁၃၈၁ | ဗိုလ်(၄)လမ်းနှင့် ရွှေပြည်တော်ဝင်လမ်းထောင့်၊ ၁၃/ဝန်ဆောင်မှုဇုန်ရပ်။ |

**စစ်ကိုင်းတိုင်းဒေသကြီးရှိ အထူးဈေးနှုန်းဖြင့် ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်စာရင်း**

| စဉ် | အရောင်းဆိုင်အမည် | တစ်လီတာဈေးနှုန်း | | | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| | | 92 Ron | ဒီဇယ်ဆီ | Premium ဒီဇယ်ဆီ | |
| ၁ | Shwe Byain Phyu(Sagaing) | ၁၄၆၇ | ၁၃၇၀ | ၁၃၇၆ | စစ်ကိုင်း–မုံရွာမိန်းလမ်းမကြီး။ |

(ဆက်လက်ဖော်ပြပါမည်)

# နည်းပညာခေတ်မှာ ကြီးပြင်းလာတဲ့လူငယ်တွေအတွက် အလေးအနက်မှာကြားချင်တာကတော့ မိမိရဲ့တန်ဖိုးရှိတဲ့အချိန်တွေကို အချည်းနှီးဖြုန်းသုံး ကုန်ဆုံးမနေကြဖို့ပါ၊ ရှာဖွေလေ တွေ့ရှိလေဆိုသလိုမျိုး အသုံးချစရာ Resources မျိုးစုံပေါများပြီး လက်တစ်ကမ်းမှာရှိနေတာကို သုံးကြပါ

ဒေါ်ခင်အေးကျင်(ခ)ဒေါ်အေးအေး(Aye Phyu)

**စာပေနှင့်ယဉ်ကျေးမှုသည် နိုင်ငံတစ်နိုင်ငံအတွက် အဓိကအချက်အချာဖြစ်ပြီး ထိုနိုင်ငံအတွက်ကိုယ်စားပြုခြင်းဖြစ်ရာ ပြည်သူများအတွက် အသိပညာနှင့် အတွေးအခေါ်မြင့်မားစေမည့် စာပေများကိုရေးသားခဲ့ကြသော စာရေးဆရာ ဆရာမကြီးများအား နိုင်ငံတော်မှ နှစ်စဉ်အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများကို ရွေးချယ်ချီးမြှင့်လျက်ရှိသောကြောင့် ၂၀၂၀ ပြည့်နှစ်အတွက် အမျိုးသားစာပေဆုများကို ထုတ်ပြန်ကြေညာခဲ့ရာ၌ ဆုရရှိခဲ့ကြသော စာရေးဆရာ ဆရာမကြီးများအား တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြလိုက်ရပါသည်-**


ဒေါ်ခင်နှင်းဥ
(မခြူးပွင့်)


ဦးရဲမင်းဝင်း
(ရဲမင်းဝင်း)


ဒေါ်နွဲ့နွဲ့ရီ
မနွဲ့ရီ(မဟာဝိဇ္ဇာ)

**ဒေါ်ခင်နှင်းဥ(မခြူးပွင့်)**
**ဝတ္ထုရှည်ဆု**

ကျွန်မအနေနဲ့ ဒီ “ပျောက်ဆုံးနေသောနှင်းစက်များ(သို့မဟုတ်)နှင်းစက်ပုံပြင်” ဝတ္ထုရှည်ကို လွန်ခဲ့တဲ့ အနှစ် ၃၀ နီးပါးဖြစ်တဲ့ စာရေးခါစကတည်းက မဂ္ဂဇင်းမှာရေးခဲ့ဖူးပါတယ်။ အဲဒီနောက်ပိုင်းတခြား ဝတ္ထုတွေရေးရင်းနဲ့ အဲဒီဟာကိုပဲ အခြေခံပြီးရေးဖြစ်ခဲ့တာပါ။ အဓိကတော့ အရှေ့မြောက်ဒေသရဲ့ အဲဒီကာလက ကြုံခဲ့ရတဲ့အဖြစ်အပျက်တွေကို ရေးချင်လာတာကြောင့် လေ့လာနေရင်းနဲ့ ရေးလိုက်တာလည်း ဖြစ်ပါတယ်။

တကယ်တမ်းရေးချင်တဲ့ ရည်ရွယ်ချက်ကို ပြောရရင် ခေတ်တစ်ခေတ်၏ နိုင်ငံရေးပဋိပက္ခများ၊ မူဝါဒရေးရာများကြားမှာ ရပ်တည်မှုပုံစံအမျိုးမျိုးနဲ့ ပါဝင်ပတ်သက်ဆက်စပ်နေတဲ့ လူတို့၏ သဘောသဘာဝတွေ၊ ဘဝအတွေ့အကြုံတွေကို စာရေးသူတစ်ယောက်အနေနဲ့ စာဖတ်သူတွေကို အသိပေးလိုတဲ့ ဆန္ဒဖြစ်ပြီး လူတို့ဖန်တီးသော မူဝါဒထက် လူတို့၏ အဇ္ဈတ္တသဏ္ဍာန်များက ပို၍အရေးကြီးကြောင်းကို တင်ပြလိုခြင်းပဲဖြစ်ပါတယ်။ ကျွန်မအနေနဲ့ အနှစ်နှစ်အလလက ခံစားစုဆောင်းထားတာလေးတွေကို ရေးသားလိုက်တာဖြစ်ပြီး ဘယ်အကြောင်း ဘာပဲဖြစ်ဖြစ် လူသာလျှင် အဓိကဆိုတဲ့အကြောင်းကို လူငယ်တွေအတွက် မက်ဆေ့ပေးချင်တာလည်းဖြစ်သလို လူငယ်တွေအတွက် မှန်ကန်သောအတွေးအမြင်တွေနဲ့ ဘဝအတွက် အကောင်းဆုံးလမ်းကို သုံးသပ်ရွေးချယ်ပြီး လျှောက်လှမ်းကြစေချင်လို့လည်း ဖြစ်ပါတယ်။

**ဦးရဲမင်းဝင်း( ရဲမင်းဝင်း)**
**ဘာသာပြန်(သုတ)ဆု**

အရင်တုန်းကတော့ ဖွေ့စ်ဘွတ်ခ်နဲ့ ဆောင်းပါးတွေ ဘာသာပြန်တာလောက်ပဲ လုပ်ဖူးခဲ့ပြီး ဒီစာအုပ်ကတော့ ကျွန်တော့်ရဲ့ ပထမဆုံးဘာသာပြန်စာအုပ်ဖြစ်လာတာပါ။ အဓိကဘာသာပြန်ဖြစ်တာကလည်း ဒီပစ်မှတ်စာအုပ်မှာ ကျွန်တော်စိတ်ဝင်စားတဲ့ ရွှေးကောက်ပွဲကန်ပိန်း Management ဗျူဟာရယ်၊ ကျွန်တော် ကျွမ်းကျင်တဲ့နည်းပညာပိုင်းပါနေတာကြောင့်ပါ။ ဒါကြောင့် အကြောင်းအရာတွေကို နိုင်နိုင်နင်းနင်း ဘာသာပြန်နိုင်ခဲ့တယ်လို့ ကျွန်တော်ထင်မိပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ဒစ်ဂျစ်တယ်စာတတ်မြောက်မှုမှာ အားဖြည့်ပေးချင်တာရယ်၊ ဒေတာရဲ့စွမ်းအား၊ ဒေတာရဲ့အန္တရာယ်၊ ကိုယ်ရေးလုံခြုံခွင့် အစရှိတာတွေနဲ့ပတ်သက်ပြီး စာဖတ်ပရိသတ်ကို သိစေချင်လို့ ဘာသာပြန်ရေးသားခြင်းလည်း ဖြစ်ပါတယ်။

ကိုယ်ပိုင်ဆိုင်တဲ့ ဒေတာတွေကို ကုမ္ပဏီကြီးတွေက သူတို့ အကျိုးအမြတ်အတွက် ဘယ်လိုသုံးနေကြတယ်။ ကိုယ့်ကို ဘယ်လိုထိန်းချုပ်နေတယ်ဆိုတဲ့ အသိ ရစေချင်ပါတယ်။ ပြီးတော့ ဒီစာအုပ်ထဲမှာ ကိုယ့်ရဲ့ဒေတာတွေ ဘယ်လောက်များများ အသုံးချခံနေရတယ်ဆိုတာကို စစ်ဆေးနိုင်တဲ့ website တွေလည်း ပါပါတယ်။ လက်ရှိအချိန်က အစိုးရတွေရော၊ အဖွဲ့အစည်းတွေရော၊ ကုမ္ပဏီတွေမှာပါ ဒေတာပိုင်ဆိုင်မှုများလေလေ စွမ်းအားကြီးလေလေဆိုတာ သိစေချင်ပြီး လူငယ်တွေအနေနဲ့ ဒေတာနဲ့ပတ်သက်ပြီး Data Science လို ဘာသာရပ်တွေ၊ အိုင်တီအပိုင်းမှာဆိုရင် Big Data Analytics, AI, အစရှိတဲ့ ဘာသာရပ်တွေ၊ သင်္ချာပညာရပ်နဲ့ Statistics ဘာသာရပ်တွေကို လေ့လာထားရင် လက်ရှိဒေတာနဲ့ လည်ပတ်နေတဲ့ ကမ္ဘာကြီးမှာ အခွင့်အလမ်းကောင်းတွေ အများကြီးရလာနိုင်တယ်လို့ ပြောချင်ပါတယ်။ ဆုရတာနဲ့ပတ်သက်ပြီး ဝမ်းသာပီတိဖြစ်မိပြီး စာဖတ်ပရိသတ်အားလုံးကို ကျေးဇူးတင်ပါတယ်။


ဒေါက်တာဦးလှကြည်
(ကလေးကျန်းမာရေး)


ဒေါ်ခင်အေးကျင်(ခ)
ဒေါ်အေးအေး(Aye Phyu)


ဆရာ ချစ်စုအောင်
(ဦးစုအောင်)

**ဒေါ်နွဲ့နွဲ့ရီ**
**မနွဲ့ရီ(မဟာဝိဇ္ဇာ)**
**နိုင်ငံရေးဆု**

ကျွန်မကိုယ်တိုင်လည်း ဘီအေတန်းက လေးနှစ်၊ မဟာတန်းက နှစ်နှစ်၊ ခြောက်နှစ်လုံးလုံး နိုင်ငံရေးနဲ့ Political Science ကို သင်ယူခဲ့ရတာဆိုတော့ ကျွန်မ ဆရာမ ဖြစ်ပြီးတော့လည်း နိုင်ငံရေးဘာသာရပ်ကိုပဲ ပြန်ပို့ချခဲ့ပါတယ်။ ဒီတော့ခေါင်းဆောင်ကြီးတွေရဲ့ အတွေးအခေါ်တွေနဲ့ အမြဲတမ်းထိတွေ့နေရတာ ဖြစ်တဲ့အတွက် ကျမ်းတင်တဲ့အခါကျတော့လည်း နိုင်ငံရေးခေါင်းဆောင်ကြီးတွေထဲကပဲ တင်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ရေးသားဖြစ်တာဖြစ်ပါတယ်။ ဒါပေမယ့် ခေါင်းစဉ်ကြတော့ ကမ္ဘာ့နိုင်ငံရေးခေါင်းဆောင်ကြီးများ၏ နိုင်ငံရေးသဘောတရားကို တင်ပြခြင်းဆိုပြီး အလွန်ကျယ်ပြန့်နေတာဖြစ်တဲ့အတွက် တစ်ကမ္ဘာလုံးမှာရှိတဲ့ ခေါင်းဆောင်တွေထဲကနေ တစ်ယောက်ကို ကျွန်မစိတ်နဲ့ ရွေးရပါတယ်။ သူတို့စာအုပ်တွေ ပုဂ္ဂိုလ်ရေးရာအကြောင်းတွေနဲ့ အတွေးအခေါ်တွေ အပါအဝင်သူတို့လုပ်ရပ်တွေကို ကောက်သိမ်းလိုက်တဲ့အခါကျတော့လည်း ခက်ခဲမှုတွေက အများကြီးရှိခဲ့ပါတယ်။

အဲဒီတော့ ပြန်ဆန်းစစ်တဲ့အခါမှာ ကိုယ့်နိုင်ငံရဲ့ ခေါင်းဆောင်က အသက်အငယ်ဆုံးဖြစ်ပြီး တော်လည်းတော်တယ်။ ပြီးတော့ သူ့အကြောင်းကိုလည်း ကျွန်မတို့ငယ်စဉ်ဘဝကတည်းက သင်ယူခဲ့ရတာဆိုတော့ အကြောင်းထက်ဝက်လောက်က သိပြီးဖြစ်နေပြီလေ။ သူကိုယ်တိုင်ပြောခဲ့တဲ့ မိန့်ခွန်း၊ ရေးခဲ့တဲ့ စာပေတွေက အခိုင်အမာတွေရှိတာမို့ ဗိုလ်ချုပ်ကိုပဲ ကျွန်မရွေးပြီး ကျမ်းပြုစုခဲ့ခြင်းဖြစ်ပါတယ်။ ကျမ်းပြုစုတာမှာလည်း သက်တမ်း သုံးနှစ်လောက်ကြာခဲ့ပါတယ်။ လွတ်လပ်ရေးဆုံးရှုံးပြီးနောက်ပိုင်း လွတ်လပ်ရေးရရှိဖို့အတွက် တစ်ပြည်လုံးက ကြိုးစားခဲ့ကြတယ်။ အင်အားကြီးရင် ကြီးသလို၊ ငယ်ရင် ငယ်သလိုပေ့ါ။ ဒါပေမယ့် လွတ်လပ်ရေးကို မရခဲ့ကြပါဘူး။ ဗိုလ်ချုပ်တို့ နိုင်ငံရေးသမားတွေက ကျားကွက်ဆင် ဆင်းလာတဲ့ အချိန်ကျမှ ကျွန်မတို့တွေ နှစ်တိုတိုနဲ့ လွတ်လပ်ရေးကို အရယူနိုင်ခဲ့တာလေ။

ဘာပဲဖြစ်ဖြစ် ဒီခေါင်းဆောင်ကြီးရဲ့၊ ခြေလှမ်းတွေက ခြေလှမ်းတိုင်းမမှားဘူး။ လုပ်ရပ်တွေက လုပ်ရပ်တိုင်းမမှားဘူး။ စကားတွေက စကားတိုင်းမမှားဘူး။ အဲဒီတော့ အင်္ဂလိပ်ခေါင်းဆောင်တွေပဲဖြစ်ဖြစ်၊ ဂျပန်ခေါင်းဆောင်တွေပဲဖြစ်ဖြစ် ဘယ်ခေါင်းဆောင်လာလာ လက်ဖျားခါလောက်တဲ့အထိ ဗိုလ်ချုပ်တို့ကို မချီးကျူးဘဲလည်း မနေနိုင်ကြပါဘူး။ လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းလည်း သူတို့ရေးသားခဲ့တဲ့စာအုပ်တွေက သက်သေခံနေပါတယ်။

ဘာပဲဖြစ်ဖြစ် ဒီခေါင်းဆောင်ကြီးရဲ့လုပ်ရပ်တွေမှာ သတ္တိ၊ ဗျတ္တိ၊ ရိုးသားမှုတွေ၊ အင်မတန်စုံလင်တဲ့ အင်္ဂါရပ်တွေနဲ့ သတ္တိသွေးတွေရှိတယ်ဆိုတာကို မြင်ရတော့ ဘာပဲဖြစ်ဖြစ် လူငယ်တွေ အတုခိုးနိုင်မယ်၊ လုပ်နိုင်မယ်ဆိုရင် အမှားအယွင်းလည်းနည်းပြီး အကျိုးရှိကြလိမ့်မယ်လို့ မျှော်လင့်မိပါတယ်။ ဗိုလ်ချုပ် အသက် ၃၀ အရွယ်ဖြစ်တဲ့ လွတ်လပ်ရေးအရယူခဲ့စဉ် အခါကတည်းက ပြောခဲ့တဲ့စကားတွေဟာဆိုရင် အခုမျက်မှောက်ခေတ်အထိ မှန်ကန်နေဆဲ၊ အတုယူရဆဲဖြစ်တာကြောင့် နောက်ပိုင်းမှာလူကြီး၊ လူငယ်များအတွက် အကျိုးရှိလိမ့်မယ်လို့ မျှော်လင့်မိပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်မတို့အတွက် ပထမဆုံး အံ့မခန်းခေါင်းဆောင်ကြီးဖြစ်ပြီး လူထုကလည်း အံ့မခန်းချစ်ကြသလို အံ့မခန်းထောက်ခံကြတာကြောင့် သူ့လိုလူမျိုးတွေ အမြဲပေါ်ပေါက်ပါစေလို့ ဆုတောင်းမိပါတယ်။ အဲဒီလိုပေါ်ပေါက်စေချင်လို့လည်း ဒီစာအုပ်ကို ကျွန်မတော်တော်ပင်ပင်ပန်းပန်း ကြိုးစားရေးသားခဲ့တာပါ။

**ဒေါက်တာဦးလှကြည်(ကလေးကျန်းမာရေး)**
**သုတပဒေသာ(အသုံးချသိပ္ပံ)**

စာမူအမည်က “ကလေးကျန်းမာဖွံ့ဖြိုးရေး၊ နိုင်ငံတိုးတက်မှုနှင့် ခဲဆိပ်အန္တရာယ်” ပေ့ါ။ မနှစ်ကလည်း စာမူအမည် “ကင်ဆာရောဂါနှင့် မြန်မာ့အစားအစာ” နဲ့အမျိုးသားစာပေဆုရရှိခဲ့ပါတယ်။ နှစ်နှစ်ဆက်တိုက် ဆုရရှိခဲ့တာဆိုတော့ ဒီလိုရမယ်လို့ မျှော်လင့်မထားပါဘူး။ ဒီလိုကြီးဆက်တိုက်တစ်ခါမှ ရဖူးတဲ့လူလည်း မရှိဘူးဆိုတော့ ကျေနပ်တာပေ့ါ။ ပိုအားထုတ်ရတာပေ့ါနော်။ ဒီစာအုပ်က ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလကမှ ထွက်တာပါ။ မနှစ်ကတော့ “ကင်ဆာရောဂါနှင့် မြန်မာ့အစားအစာ” အတွက် ဂုဏ်ထူးအနေနဲ့ အာဟာရဆရာဝန်ကြီးဆိုပြီး ကလောင်နာမည်ပေးထားတယ်။ အခုတစ်ကြိမ်ကတော့ ကလေးကျန်းမာရေးဖြစ်တဲ့အတွက် ဒေါက်တာဦးလှကြည်(ကလေးကျန်းမာရေး) ဆိုပြီး ကလောင်နာမည်ပေးထားပါတယ်။

ဆိုလိုတာကတော့ ရေးတဲ့စာဘာသာရပ်နဲ့ဆရာတာဝန်ထမ်းဆောင်ခဲ့တုန်းက လုပ်ခဲ့တဲ့အလုပ်တွေနဲ့ ကိုက်ညီအောင်ဆိုပြီး ရေးသားတာပါ။ အဲဒီတော့ ခဲဆိပ်အန္တရာယ်က ဆရာတို့ ၁၉၈၀ ပြည့်နှစ်လောက်တုန်းက ရန်ကုန်ကလေးဆေးရုံကြီးမှာ တာဝန်ထမ်းဆောင်တုန်းက ဘက်ထရီပြင်တဲ့အိမ်တွေက ခဲတွေကို အရည်ကျိုတာဆိုတော့ ကလေးတွေက အဲဒီအငွေ့တွေကို ရှူမိပြီး တက်ပြီး ဆေးရုံကို ရောက်လာပါတယ်။ ဒါက အနည်းအကျဉ်းပေ့ါ။ ဒီထက်ဆိုးတာက ဒီကလေးတွေဟာ ကလေးဘဝအရွယ်မှာ ဉာဏ်ရည်နိမ့်မှုတွေဖြစ်တယ်။ လူငယ်၊ လူလတ်အရွယ်မှာ လေလွင့်ပြီး အိမ်ကထွက်ပြေးတယ်။ အသက်ကြီးရင်တော့ ရာဇဝတ်မှုတွေဖြစ်လာတယ်။ အဲဒီကနေတစ်ဆင့် တစ်တိုင်းပြည်လုံး ခဲဆိပ်သင့်ရင် ကလေးတွေအားလုံး ဉာဏ်ရည်နိမ့်ပြီး တိုင်းပြည်တိုးတက်ရေးလည်း ထိခိုက်မယ်။ ဒါကြောင့်မို့ ဆရာ့စာအုပ်အမည်ကို ကလေးကျန်းမာရေးရော နိုင်ငံတိုးတက်မှုရော ခဲဆိပ်အန္တရာယ်ပါဆိုပြီး နာမည်အရှည်ကြီးပေးတာပါ။

ဆရာတို့ဆီမှာ အိုးပုတ်၊ ဂျိုးရုပ်၊ ပစ်တိုင်းထောင်ရုပ်တွေမှာ ဆေးခြယ်တယ်။ အဲဒါတွေအားလုံးမှာ ခဲပါတယ်။ ကလေးသဘာဝကပါးစပ်နဲ့ ကိုက်တာဆိုတော့ အဲဒီကနေခဲဆိပ်သင့်တယ်။ နောက်ပြီး စဥ့်ထဲမှာ ခဲပါတယ်။ စဥ့်အိုးကြီးတွေထဲမှာ ရေထည့်ရင် ဘာမှမဖြစ်ပါဘူး။ အလျှုလုပ်လို့ဆိုပြီး အဲဒီအိုးထဲ သံပုရာရည်ဖျော်ထည့်လိုက်တော့ အဲဒီစဥ့်အိုးထဲ ခဲတွေပျံ့ကုန်ပြီး ခဲဆိပ်သင့်တာပေ့ါ။

စဥ့်အိုးထဲရေထည့်လို့ရတယ်။ အလှပန်းအိုးလုပ်လို့ရတယ်။ နောက်ပြီး ခဲသမင်ထည့်တယ်ဆိုတာရှိတယ်။ ငါးထဲနဲ့ပုစွန်ခေါင်းတွေထဲ ခဲထည့်တယ်။ အလေးချိန်တိုးအောင်ပေ့ါ၊ အဲဒါက အလေးခိုးရုံမကဘူး။ လူသေမှုဖြစ်တယ်။ အပြစ်ကြီးတယ်။ ထပ်ရှိသေးတယ်။ နနွင်းမှုန့်ထဲ ခဲမှုန့်တွေရောတယ်ဆိုတော့ ကြောက်စရာကြီးပါ။ အဲဒီတော့သဘော်ဆေး၊ ကလေးကစားစရာနဲ့ စဥ့်အိုးတွေမှာ ခဲရှိတယ်ဆိုတာကို လူတွေသိစေချင်ပါတယ်။ ခဲဆိပ်က အန္တရာယ်ရှိတယ်။ မြန်မာပြည်ရဲ့ ဘယ်နေရာမှာနေနေ၊ ဘယ်မြို့မှာနေနေ ကလေးတွေအတွက်ရော မိသားစုတစ်စုလုံးအတွက်ပါ အထူးအန္တရာယ်ရှိတယ်။ ဒါကြောင့် ဂရုစိုက်သင့်ပါတယ်။

**စာမျက်နှာ ၂၆ သို့ ○**

**✻ ကာဇက်စတန်အသင်းမှ**

၈၇ မိနစ်တို့မှာ သွင်းဂိုးလေးဂိုး၊ တိုက်စစ်မှူး ဘင်ဇီမာက ပွဲကစားချိန် ၅၅ မိနစ်နဲ့ ၅၉ မိနစ်တို့မှာ နှစ်ဂိုး၊ ရာဘီယော့က ၇၅ မိနစ်မှာတစ်ဂိုးနဲ့ တိုက်စစ်မှူး ဂရစ်ဇ်မန်းက ပွဲကစားချိန် ၈၄ မိနစ်မှာ ပင်နယ်တီ ပြစ်ဒဏ်ဘောကနေတစ်ဆင့် တစ်ဂိုး အသီးသီး သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

ကာဇက်စတန်အသင်းနဲ့ပွဲစဉ်မှာ သွင်းဂိုး လေးဂိုး သွင်းယူနိုင်ခဲ့တဲ့ တိုက်စစ်မှူး အမ်ဘတ်ပီဟာ ၁၉၈၅ ခုနှစ်အတွင်းက ရိုချက်တီယာအူး ဟက်ထရစ် သွင်းယူခဲ့ပြီးနောက်ပိုင်း နိုင်ငံတကာပွဲစဉ်တွေမှာ ပြင်သစ်အသင်းအတွက် ဟက်ထရစ်သွင်းယူနိုင်ခဲ့တဲ့ ပထမဆုံးကစားသမားလည်း ဖြစ်လာခဲ့ပါတယ်။

ပြင်သစ်အသင်းဟာ ကာဇက်စတန်အသင်းကို အနိုင်ရရှိခဲ့ပြီးနောက် တစ်ပွဲကစားဖို့ ကျန်ရှိနေချိန်မှာ အုပ်စုဒုတိယနေရာက ဖင်လန်အသင်းကို လေးမှတ် ဖြတ်ကာ ရမှတ်စုစုပေါင်း ၁၅ မှတ်နဲ့ အုပ်စု(D)ရဲ့ အုပ်စုအဆင့်ထိပ်ဆုံးနေရာမှာ ရပ်တည်နေတာလည်း ဖြစ်ပါတယ်။

ပြင်သစ်အသင်း ကမ္ဘာ့ဖလားဝင်ခွင့် သေချာသွားခဲ့ပြီဖြစ်သလို ကမ္ဘာ့အဆင့်(၁)နေရာမှာ ရပ်တည်နေတဲ့ ဘယ်လ်ဂျီယံအသင်းဟာလည်း အက်စတိုးနီးယားအသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပြီးနောက် ကာတာကမ္ဘာ့ဖလားဝင်ခွင့် သေချာခဲ့ပြီလည်းဖြစ်ပါတယ်။

ဘယ်လ်ဂျီယံအသင်းနဲ့ အက်စ်တိုးနီးယားအသင်းတို့ ပွဲစဉ်မှာ ဘယ်လ်ဂျီယံအသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ၁၁ မိနစ်မှာ ဘန်တီကီ၊ ၅၃ မိနစ်မှာ ကာရက်စကိုနဲ့ ၇၄ မိနစ်မှာ သော်ဂန်ဟာဇက်တို့က သွင်းယူပေးခဲ့ပြီး အက်စ်တိုနီးယားအသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ မိနစ် ၇၀ မှာ ဆော်ဂါက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

ဘယ်လ်ဂျီယံအသင်းဟာ အုပ်စုအဆင့် ခုနစ်ပွဲကစားအပြီးမှာ ရမှတ်စုစုပေါင်း ၁၉ မှတ် ရယူစုဆောင်းနိုင်ခဲ့ပြီး အုပ်စုဒုတိယနေရာက ဝေးလ်အသင်းကို ငါးမှတ်ဖြတ်ကာ အုပ်စု(E)ရဲ့ အုပ်စုအဆင့်မှာ ထိပ်ဆုံးကနေ ရပ်တည်နေတာဖြစ်ပါတယ်။

**ငွေကြယ်**



မြန်မာနှင့်ဘူရွန်ဒီအသင်း ခြေစမ်းကစားစဉ်။

**❑ မြန်မာ့လက်ရွေးစင်အသင်းမှ**

ရှေ့တန်း- သန်းပိုင်တို့ဖြင့် ပွဲထွက်ခဲ့သည်။ မြန်မာအသင်းအတွက် ဦးဆောင်ဂိုးကို ၂၈ မိနစ်တွင် ဆွမ်လမန်ကသွင်းယူပြီး ဘူရွန်ဒီအသင်းအတွက် ချေပဂိုးကို ၇၈ မိနစ်တွင် သွင်းယူကာ အနိုင်ဂိုးကိုမူ ၈၁ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် သွင်းယူခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် နိုဝင်ဘာ ၁၀ ရက်က တူရကီအပျော်တမ်းကလပ်ဖြစ်သော မာနက်ဗ်ဂတ်စပေါ်အသင်းနှင့် ခြေစမ်းကစားထားရာ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ယခုပွဲတွင် ဘူရွန်ဒီအသင်းကို အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် နိုဝင်ဘာ ၂၅ ရက်တွင် အင်ဒိုနီးရှားလက်ရွေးစင်အသင်းနှင့် ထပ်မံခြေစမ်းမည်ဖြစ်ပြီး အခြားခြေစမ်းပွဲများလည်း ထပ်မံကစားနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

**သတင်း - ကိုညီလေး**

**ဓာတ်ပုံ - MFF**

**❂ ကျောဖုံးမှ**

ရန်ကုန်မြို့၏ ကျက်သရေဆောင်အင်းလျားကန်သည် အရှေ့ဘက်တွင် ကမ္ဘာအေးဘုရားလမ်းကန်ပေါင်နှင့် အနောက်ဘက်တွင် ပြည်လမ်း အင်းလျားကန်ပေါင်အကြားတည်ရှိကာ မြို့ပြ၏ဂေဟစနစ်ကို ထိန်းသိမ်းပေးသောနေရာတစ်ခုလည်းဖြစ်သည်။

အင်းလျားကန်သည် အများပြည်သူ လွတ်လပ်စွာ အနားယူအပန်းဖြေနေရာဖြစ်၍ ကန်ပေါင်ကြံ့ခိုင်မှုရှိစေရန်နှင့် စားကြွင်းစားကျန်အမှိုက်များကြောင့် ကြွက်များမဝင်ရောက်စေရန် ရှင်းလင်းသိမ်းဆည်းခြင်း၊ ကန်ပေါင်ရေယိုစိမ့်မှုမရှိစေရန် ထိန်းသိမ်းပြုပြင်ခြင်း၊ ကန်ရေပြင်သန့်ရှင်းကြည်လင်ရေးအတွက် ဗေဒါ၊ ဒိုက်၊ ရေမှော်၊ မြက်များ ရှင်းလင်းခြင်း၊ စီးဝင်လာတတ်သည့် စွန့်ပစ်အမှိုက်များ ရှင်းလင်းသယ်ထုတ်ခြင်း၊ ကန်အတွင်းရေဆိုးဝင်ရောက်မှုနေရာများ၌ သဲစစ်ကန်များ ထပ်မံတိုးချဲ့တည်ဆောက်ပေးခြင်း၊ ကန်ပေါင်နှင့် ကမ်းစပ်နေရာများ၌ သတ်မှတ်ရေအနက်အတိုင်းအတာများရှိစေရန် နုန်းနှင့် သဲများ အစဉ်မပြတ် ပြန်လည်တူးဖော်ပေးခြင်း၊ ကန်ရေပြင် နယ်နိမိတ်လျော့နည်းမှုမရှိစေရန် နယ်နိမိတ်မှတ်တိုင်သစ်များ ထပ်မံတိုးချဲ့စိုက်ထူကာထိန်းသိမ်းပေးခြင်း၊ အင်းလျားကန်နှင့် ထိစပ်နေသော ပုဂ္ဂလိက၊ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ဘာသာရေးဆိုင်ရာ နေရာများ၌ သတ်မှတ်စည်းကမ်းဥပဒေနှင့်အညီ နေထိုင်မှု ရှိ၊ မရှိ စစ်ဆေးထိန်းသိမ်းခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ကြီးကြပ်ဆောင်ရွက်ခြင်းတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့တော်စိမ်းလန်းသာယာလှပရေးလုပ်ငန်းကော်မတီက နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။

**စောသိန်းဝင်း**

**❍ စာမျက်နှာ ၂၅ မှ**

**ဒေါ်ခင်အေးကျင်(ခ)ဒေါ်အေးအေး(Aye Phyu)**

**အင်္ဂလိပ်ဘာသာ(ရသ)ဆု**

"နေပြည်တော်ကို ပြောင်းလာတဲ့ ၂၀၀၆ ခုနှစ်လောက်ကစပြီး စာသင်တဲ့အလုပ်ကို လုံးဝစွန့်လွှတ်ပြီးကတည်းက စာတွေစရေးခဲ့တာပါ။ လူသေပေမယ့် နာမည်မသေစေနဲ့ဆိုပြီး စာကောင်းပေကောင်းတွေ ရေးစမ်းပါလို့ အမြဲအားပေးတိုက်တွန်းခဲ့တဲ့ ခင်ပွန်းသည်ရဲ့စကားနဲ့ စာရေးတာကို စတင်ခဲ့ပါတယ်။ ၂၀၂၀ ပြည့်နှစ် ဆောင်းပါးပေါင်းချုပ် မြန်မာဘာသာနဲ့တစ်အုပ်၊ အင်္ဂလိပ်ဘာသာနဲ့တစ်အုပ် ထုတ်ဝေနိုင်ဖို့ ရည်ရွယ်ခဲ့ရာမှာ ကိုဗစ်-၁၉ ရောဂါအန္တရာယ် အရေးကြီးနေတဲ့အချိန်မှာတောင် စာအုပ်နှစ်မျိုးလုံး ထုတ်ဝေဖြစ်ဖို့ အဘက်ဘက်ကနေ ကူညီပံ့ပိုးပေးခဲ့ကြသူများကို ကျေးဇူးတင်ပါတယ်။ ဒီစာအုပ်ရေးစဉ်က ဆုရရှိဖို့ရည်ရွယ်ပြီး ရေးခဲ့တာ မဟုတ်ပေမယ့် နိုင်ငံတော်နဲ့ အကဲဖြတ်ဆရာကြီးတွေက အသိအမှတ်ပြုပေးခဲ့လို့ အထူးပဲ ဝမ်းသာကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။ စာရေးတိုင်းမှာ လူငယ်တွေအတွက် သင်ခန်းစာယူနိုင်ဖို့နဲ့ မှတ်သားစရာ ကျန်ခဲ့ဖို့ ရည်ရွယ်ကာ ရေးဖြစ်တာဖြစ်ပြီး ဖတ်ဖူးသူတိုင်းလည်း သိကြပါတယ်။ နည်းပညာခေတ်မှာ ကြီးပြင်းလာတဲ့ လူငယ်တွေအတွက် အလေးအနက်မှာကြားချင်တာကတော့ မိမိရဲ့ တန်ဖိုးရှိတဲ့အချိန်တွေကို အချည်းနှီး ဖြုန်းသုံး ကုန်ဆုံးမနေကြဖို့ပါပဲ၊ ရှာဖွေလေ တွေ့ရှိလေ ဆိုသလိုမျိုး အသုံးချစရာ Resources မျိုးစုံပေါများပြီး လက်တစ်ကမ်းမှာ ရှိနေတာကိုသုံးကြပါ။ အသိပညာတွေ၊ ဉာဏ်ရည်ဗဟုသုတတွေ ပြည့်သည်ထက်ပြည့်အောင် ဖြည့်ဆည်းကြပါလို့ မှာကြားချင်တာပါပဲ။ ယခု စာအုပ်အပါအဝင် အင်္ဂလိပ်-မြန်မာ စာအုပ်ပေါင်း ၁၀ အုပ်ထုတ်ဝေခဲ့ပြီး မြန်မာဘာသာနဲ့ ဆရာဝန်တင်ရွှေဆု တစ်ဆုနဲ့ ထွန်းဖောင်ဒေးရှင်းမှ စာပေဆု တစ်ဆုရရှိခဲ့သလို အင်္ဂလိပ်ဘာသာနဲ့ ထွန်းဖောင်ဒေးရှင်းမှဆုရခဲ့ပြီး ဖြစ်ပါတယ်။ အခုလို အသိအမှတ်ပြုပေးတဲ့ တာဝန်ရှိဆရာကြီးများအားလုံး ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများနဲ့တကွ ကျေးဇူးတင်ထိုက်သူအားလုံးကို အလေးအနက် ဂါရဝပြုအပ်ပါတယ်။''

**ဆရာချစ်စုအောင် (ဦးစုအောင်)**

**ကဗျာဂန္ထဝင်ဆု**

"နိုင်ငံတော်က ချီးမြှင့်တဲ့ဆုဆိုတော့ အသိအမှတ်ပြုပေးတဲ့အတွက် အတိုင်းမသိ ဝမ်းသာပါတယ်။ ၁၉၆၈ ခုနှစ်လောက် ကျွန်တော် ကိုးတန်းစတက်တော့ "အထက်တန်းကဗျာ လက်ရွေးစင်"ဆိုပြီး ကျောင်းသုံးပြဋ္ဌာန်းတဲ့ ကဗျာတွေကို စသင်ရတယ်။ ကဗျာတွေကလည်း အကုန်ကောင်း၊ မြန်မာစာဆရာတွေကလည်း အသင်အပြကောင်းတော့ အဲဒီမှာတင် ကဗျာကို စပြီးစွဲလမ်းသွားခဲ့တာပါ။ ကဗျာလေးတွေ အတုမြင်အတတ်သင် စမ်းရေးနေတာကိုတွေ့တော့ ကျွန်တော့်အဖေ (ဦးထွန်းအောင်၊ ခရိုင်ပညာဝန်-ငြိမ်း) က သံပေါက်ကဗျာ ရေးနည်းလေး စသင်ပေးတယ်။ နောက်တော့ ကျွန်တော်တို့ရဲ့ မြန်မာစာဆရာ ဦးသန်းဆွေ (ကဗျာဆရာကြီးဆွေသန်း) ကလည်း လေးလုံးစပ်နဲ့ အချိုးကဗျာရေးနည်းတွေကို သင်ပေးပါတယ်။ ဒီလိုနဲ့ ကဗျာလေးတွေ စမ်းရေးရင်း ဝါသနာကခိုင်မာသွားတာပါ၊ လူငယ်လည်း လူငယ်ဆိုတော့ ငါကြီးရင် ကဗျာဆရာလုပ်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်ချဖြစ်ခဲ့တာပါပဲ။ တကယ်လည်း ကဗျာတွေရေးသားရင်းနဲ့ ဘဝကို ဖြတ်သန်းဖြစ်ခဲ့ပါတယ်။ ကျွန်တော်တို့လူမျိုးတွေက ကဗျာကိုချစ်တဲ့လူမျိုးပါ။ "လူလေးရယ်ငို၊ ခိုဖမ်းလို့ပေး"နဲ့ ကလေးဘဝကို ဖြတ်သန်းခဲ့တာပါ။ "အပြန်တစ်ရာကောင်းတဲ့ သံပရာပေါင်းတွေ"၊ "အသေအလဲကောင်းတဲ့ရေခဲချောင်းတွေ"တဲ့ဆိုပြီး ဈေးသည်လေးရဲ့ ပါးစပ်ဖျားမှာ ကဗျာရှိခဲ့ပါတယ်။ "ဘာကြောင့် ရပ်ရပ်လမ်းဘေးချရပ်"တဲ့၊ အဲဒီ လမ်းဘေးဆိုင်းဘုတ်မှာလည်း ကဗျာရှိတယ်။ ဇာတ်ပွဲသွားကြည့်မယ်ဆိုလည်း ကဗျာကို "ခွန်းထောက်"တွေ၊ "ငိုချင်း "တွေ "ဆိုင်းဆင့်ဇာတ်စကား"တွေအဖြစ် တွေ့ရမှာပါ။ နောက်ဆုံးဘုရားရှိခိုးရင်တောင်မှ "ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့"တဲ့၊ ဒါလည်း ကဗျာပဲဗျ။ ကျွန်တော်တို့လူမျိုးတချို့လည်း ချစ်မှန်းသိသိ၊ တချို့ကလည်း ချစ်မှန်းမသိ ကဗျာကို ချစ်ကြတာ။ ဒါကြောင့် ကျွန်တော့်အနေနဲ့ စာဖတ်ပရိသတ်ကို သတင်းစကား ပါးချင်တာကတော့ ကဗျာကို ဆက်ချစ်ပါလို့။ ကျွန်တော် အသက် ၁၅ နှစ်သား ကျောင်းသားဘဝမှာ ကြက်ခြေနီစာစောင်နဲ့ ယုဝတီဂျာနယ်တို့မှာကဗျာလေးတွေ စရေးဖြစ်ခဲ့ပါတယ်။ ၁၉၇၈ ခုနှစ်မှာ ပညာတန်ဆောင်မဂ္ဂဇင်းမှာ စတင်ဖော်ပြခြင်းခံရပြီး ၁၉၈၂ ခုနှစ်မှာတော့ မြဝတီ၊ ငွေတာရီအစရှိတဲ့ မဂ္ဂဇင်းကြီးတွေမှာ ကဗျာတွေ ရွေးချယ်ဖော်ပြခံရပါတယ်။ ၁၉၈၇ ခုနှစ်လောက်ကျတော့ ရန်ကုန်ပန်တျာကျောင်းမှာ ကဗျာနည်းပြအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ အဲဒီတုန်းက ကျွန်တော်ကဗျာသင်ပေးခဲ့တဲ့ တပည့်လေးတွေဟာ အခုဆိုရင် ဗီဒီယို၊ ရုပ်ရှင်၊ သဘင်လောကမှာ အောင်မြင်နေကြပါပြီ။ ကျွန်တော်သင်ပေးခဲ့တဲ့ ကဗျာတွေဟာ သူတို့အတွက် တစ်စုံတစ်ခုသော အတိုင်းအတာ အထောက်အပံ့ဖြစ်ခဲ့တယ်ဆိုတာ သူတို့ကိုယ်တိုင်လည်း သဘောပေါက်ကြပါတယ်။ ၁၉၉၁ ခုနှစ်ကစပြီး အနုပညာဦးစီးဌာန မန္တလေးဌာနခွဲမှာ ဦးစီးအရာရှိအဆင့်ကနေ ညွှန်ကြားရေးမှူးအဆင့်ထိ တာဝန်ထမ်းဆောင်ခဲ့ပြီး ရာထူးသာအဆင့်ဆင့်ပြောင်းသွားခဲ့တာပါ၊ ဇာတ်သဘင်နဲ့ ပတ်သက်တဲ့ ကဗျာလင်္ကာတေးသီချင်းတွေကို နှစ်ပေါင်း ၂၀ လောက် စဉ်ဆက်မပြတ်ရေးဖွဲ့ပေးရပါတယ်။ ဗဟိုအဆင့် ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲတွေမှာလည်း အရန်၊ ပြဇာတ်နဲ့ ဇာတ်ညွှန်းအကဲဖြတ်တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့တာမို့ စာနယ်ဇင်းများစွာမှာ ယနေ့အထိ ကဗျာ၊ ဝတ္ထုနဲ့ ဆောင်းပါးအပုဒ် ၃၀၀ ခန့် ရေးသားခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်မှာတော့ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ရုပ်ရှင်နှင့် ပြဇာတ်ပညာဌာန ပါမောက္ခရာထူးမှ အငြိမ်းစားယူခဲ့ပေမယ့် ကဗျာနဲ့အနုပညာကိုတော့ ယနေ့အထိ အငြိမ်းစားမယူဘဲ တာဝန်ထမ်းဆောင်နေကြောင်း ပြောလိုပါတယ်။"

**တွေ့ဆုံမေးမြန်း- ပွင့်သစ္စာ၊ ဓာတ်ပုံ- စိုးမြင့်အောင်**



## ပေါက်ခေါင်းမြို့နယ်၌ အသက် (၁၂) နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ် ဆက်လက်ထိုးနှံပေး

**ပေါက်ခေါင်း နိုဝင်ဘာ ၁၄**

ပေါက်ခေါင်းမြို့နယ်၌ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအကြိမ်ထိုးနှံပြီးသူများကို ဒုတိယအကြိမ်အဖြစ် သတ်မှတ်ထားသော ဆေးထိုးစုရပ်များတွင် ယနေ့နံနက် ၉ နာရီခန့်မှစ၍ ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများက ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံပေးရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက လာရောက်ကြည့်ရှု အားပေးကြပြီး ဌာနဆိုင်ရာများ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များက ပူးပေါင်းကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပေါက်ခေါင်းမြို့နယ်ရှိ ဆေးထိုးစုရပ် ခြောက်ခုတွင် အခြေခံပညာ အလယ်တန်းနှင့်အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၇၄၆ ဦးကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးပထမအကြိမ် ထိုးနှံထားကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**သန်းထွန်းအောင်(ပြန်/ဆက်)**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀.၂၁ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၁ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ(၁)တိုင်) | ၄၉၄ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း | ၄ ခန်း | ၁၉၆ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၀ | ၄၅၅ ခန်း | ၁၄ ခန်း | ၄၄၁ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၁၂ တိုင် | ၃၈ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၂၉ တိုင် | ၁၅၁ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၅၁ ခု | ၆၀၁ ခု |
| ၁၀။ | စကျင်ကျောက်ပြား တစ်ကျင်း | ၄.၇ | ၂၁၁၉.၅၃ ကျင်း | ၆ ကျင်း | ၂၁၁၃.၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄.၁ | ၂၁၈.၁၄ ကျင်း | ၁၀ ကျင်း | ၂၀၈.၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထု ခင်းကျင်း | ၃.၆ | ၅၉၁၀.၆၆ ကျင်း | ၉ ကျင်း | ၅၉၀၁.၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်း | ၂ | ၁၇၃၆.၀၈ ကျင်း | ၃၅ ကျင်း | ၁၇၀၁.၀၈ ကျင်း |
| ၁၄။ | Garden Light (၁ မီတာ(၁)တိုင်) | ၁.၂ | ၉၀ တိုင် | ၂၆ တိုင် | ၆၄ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၁၅။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (င) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉.၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| ၁၆။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၇။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

### ဘုရား၊ သိမ်၊ ဘုန်းကြီးကျောင်းမှခ်ဦး၊ ရေတွင်းအလှူရှင်ဒါယိကာမကြီး
## ဒေါ်တင်ရီ
## အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်(ငွေကြာရံ)၊ (ဖ)လမ်း၊ အမှတ်(၈၉-က)နှင့် အမှတ်(၁၀၂-ခ)နေ ဦးမြင့်ဆွေ(ညွှန်ကြားရေးမှူး-ငြိမ်း၊ တရားရုံးချုပ်၊ တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်)၏ဇနီး၊ (ဦးဟန်တိုက်-ဒေါ်သန်းတင်)တို့၏သမီး၊ ဦးတင်မြင့်-(ဒေါ်မြကျင်)တို့၏ညီမ၊ ဒေါ်ယမင်းမြင့်၊ ဦးမင်းသိန်း (ညွှန်ကြားရေးမှူး၊ ကယားပြည်နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန)-ဒေါ်ဆွေဇင်လင်း၊ ဦးစိုင်းတင်အောင်သိန်း(လက်ထောက်အတွင်းဝန်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန)- ဒေါက်တာ သဥ္ဇာထက်၊ ဗိုလ်မှူး အေးချမ်း-ဒေါ်ထက်ထက်လင်း(တရားလွှတ်တော်ရှေ့နေ)၊ ဦးရဲရင့်အောင် (အထက်တန်းရှေ့နေ)- ဒေါ်ချိုလဲ့ထွေးတို့၏ မွေးသမိခင်၊ မြေးကိုးယောက်တို့၏ ဘွားဘွားကြီး ဒေါ်တင်ရီသည် ၁၃-၁၁-၂၀၂၂ (စနေနေ့) ညနေ ၅:၂၂ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၁၁-၂၀၂၂ (တနင်္လာနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၁၁-၂၀၂၂ (သောကြာနေ့) တွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားနာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး
## ဒေါ်စန်းတင့်(မြိတ်)
## အသက်(၈၈)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ထားဝယ်စုရပ်၊ ကျောက်မီးသွေးလမ်း၊ အမှတ်(၂၅)နေ (ဦးရန်-ဒေါ်တင့်)တို့၏သမီး၊ (ဦးယုန်ကြည်)၏ချစ်လှစွာသောဇနီး၊ ဦးမျိုးအောင်- ဒေါ်ယုယုကြူ၊ ဦးအေးသန့်-ဒေါ်မြင့်မြင့်သီ၊ (ဦးအောင်သန်း)၊ ဒေါ်ငွေငွေကြူ၊ ဦးသန်းဝင်း- ဒေါ်ငွေမမရှန်တို့၏ ကျေးဇူးရှင်မိခင်၊ မောင်ဖြိုး သန့်ပိုင်၊ မမျိုးယုသော်၊ မောင်အောင်ထွန်းကျော်၊ မောင်နေသန့်ခိုင်၊ မောင်မိုးရှိန် ဟိန်း၊ မောင်မျိုးရဟိန်း၊ မောင်မျိုးရဲသူတို့၏ ချစ်လှစွာသော အဘွား၊ မြစ်လေးယောက် တို့၏ဘွားဘွားကြီးသည် ၁၄-၁၁-၂၀၂၂ (တနင်္ဂနွေနေ့) နံနက် ၂နာရီတွင်အထက်ပါ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၁၁-၂၀၂၂ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ကလွင်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမိတ်ဆွေ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ကမ္ဘာ့
အပူချိန်
လျှော့ချဖို့
အိုဇုန်း
လွှာ
ကာကွယ်
မှုနဲ့
အတူ
ဆက်လက်
ဆောင်ရွက်
စို့

### ခရစ်တော်၌ အိပ်ပျော်ခြင်း
## ဒေါ်နော်ဖောဝေစိုး(ဖာပွန်)
## အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ နွယ်သာကီလမ်းနှင့်သပြေလမ်းသွယ်၊ အမှတ်(၂၉/၁၀၁)နေ ဒုဗိုလ်မှူးကြီးတင်စိုး(ငြိမ်း)၏ ဇနီး၊ (Rev.Dr ဦးမိုးလွင်)- ဒေါ်ယဥ်ယဥ်စိုး၊ ဦးထွန်းထွန်းစိုး-ဒေါ်သက်ထားဆွေ၊ ဒေါက်တာရန်ရှင်း ဖောင်-ဒေါ်မြတ်မြတ်စိုး၊ ရဲမှူးချုပ်မျိုးသူစိုး-ဒေါ်ခင်ဆွေဦး၊ ဗိုလ်မှူးချုပ် ခင်မောင်ထွေး-ဒေါ်ဝေဝေစိုး၊ ဒေါက်တာအောင်သူစိုး-ဒေါ်ဝါဝါသိန်း၊ ဦးမောင်မောင်ခဖောစိုး-ဒေါ်ချိုမာလိုင်၊ ဦးစောနေယုဖောစိုး-ဒေါ်ကေသီဦး တို့၏ မွေးသမိခင်၊ မြေး ၁၄ ယောက်တို့၏ အဘွားသည် ၁၂-၁၁-၂၀၂၂ (သောကြာနေ့) ည ၁၀:၅၆ နာရီတွင်ကွယ်လွန်ကာဘောဆေးရုံ၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၄-၁၁-၂၀၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေး ခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ မြေသို့အပ်နှံပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့ထံ အကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅/ထန်းတပင်ရပ်)၊ မြေကွက်အမှတ်(ဒ-၆၁၇၃)၊ မြေဧရိယာ(၀.၀၅၅)ဧကရှိ ဒေါ်သဲနုအေး(ဘ) ဦးအိုက်ဖျင်[၉/ခအဇ(နိုင်)၀၅၂၁၂၈] အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား ဒေါ်နုနုလှိုင်(ဘ)ဦးညိုထွန်းလှိုင်[၁၃/တကန(နိုင်) ၁၅၄၆၉၁]မှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ်၊ (၁၁၆၄/၂၀၂၀)(၂၇-၇-၂၀၂၀)မှုရင်းတင်ပြ၍ ဒေါ်သဥ္ဇာ(ဘ)ဦးမျိုးဇော်ဦး[၃/ဘအန(နိုင်)၂၇၇၄၀၇]နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက် လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက် အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅/ထန်းတပင်ရပ်)၊ မြေကွက်အမှတ်(ဒ-၆၁၇၄)၊ မြေဧရိယာ(၀.၀၅၅)ဧကရှိဒေါ်ကြည်ကြည်စမ်း(ဘ)ဦးလူအခွေ(ခ)စန်းဝင်း[၇/ပခန(နိုင်)၁၈၈၄၆၂] အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အား ဒေါ်နုနုလှိုင်(ဘ)ဦးညိုထွန်းလှိုင်[၁၃/တကန(နိုင်)၁၅၄၆၉၁]မှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ်၊ (၅၅၄/၂၀၂၂)(၄-၅-၂၀၂၂)မှုရင်းတင်ပြ၍ ဒေါ်သဥ္ဇာ(ဘ)ဦးမျိုးဇော်ဦး[၃/ဘအန(နိုင်) ၂၇၇၄၀၇]နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

သင့်
သွေးဖြင့်
အသက်
ကယ်ပါ

### ဦးသန်းမြင့်(ခ)ကျန်းစစ်ကု
### ဖျာပုံမြို့
### အသက်(၉၈)နှစ်

ဖျာပုံမြို့နေ (ချန်ကိုဟိုး-ဒေါ်လေးကြူ)တို့၏သား၊ (ဒေါ်တင်တင်)၏ ခင်ပွန်း၊ ဦးထွန်းထွန်း- ဒေါ်အေးအေး၊ ဒေါ်အေးသန်း၊ ဒေါ်ဝင်းကြည် (ဇင်ယော်-ကုန်စုံဆိုင်)၊ ဦးဖုန်းမောင်(U.S.A)၊ (ဦးဝင်းတိုး)- ဒေါ်စန်းစန်းဝင်း (စိုးမိုး-ကုန်စုံဆိုင်)၊ ဦးကျော်ဇေယျတို့၏ဖခင်၊ မြေးလေးယောက်၊ မြစ်ခြောက်ယောက် တို့၏အဘိုး ဦးသန်းမြင့်သည် ၁၃-၁၁-၂၀၂၂(စနေနေ့) နံနက် ၈:၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁၁-၂၀၂၂(တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ဖျာပုံမြို့ တရုတ်သုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
### ဒေါ်စန်းလှိုင်(ဘီးလင်းမြို့)
### အသက်(၈၇)နှစ်

ဘီးလင်းမြို့၊ ကုန်သည်လမ်းနေ (ဦးကျားကြီး- ဒေါ်လူး)တို့၏ သမီး၊ (ဦးစိန်-ဒေါ်လှတင်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ မလွှကုန်းလမ်း၊ အမှတ်(၃၁) (ပ-ထပ်)နေ [ဦးအောင်စိန် (သစ်ဆန်းရုပ်ရှင်စာစောင်)]၏ဇနီး၊ (ဦးသိန်းအောင်-ဒေါ်စန်းမြိုင်) တို့၏ညီမ၊ ဦးပညာဇောတ၊ (ဦးကျော်ရှိန်)-ဒေါ်ကျင်သန်း၊ ဦးကြည်-ဒေါ်မြင့်ရီ၊ (ဦးစံသိန်း)- ဒေါ်တင်ညွန့်၊ (ဦးလှဌေး)- ဒေါ်တင်ဝင်းတို့၏အစ်မ၊ ဒေါ်ခက်ခက်ခိုင်၊ (ဦးအောင်မျိုး)၊ ဒေါ်မေသန်းစိုး၊ ဦးမြင့်ကျော်-ဒေါ်အေးအေးဖြိုး၊ ဦးသိန်းသန်းထွန်း (အောင်ပု)တို့၏ မိခင်ကြီးသည် ၁၄-၁၁-၂၀၂၂ (တနင်္ဂနွေနေ့)နံနက် ၃:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁၁-၂၀၂၂(အင်္ဂါနေ့) နံနက်၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉ နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ခင်မျိုးသန့်
### B.Com(LT),(1971-Batch)-စာရင်းစစ်မှူး(ငြိမ်း)
### အသက်(၇၃)နှစ်

ဝါဏိဇ္ဇဘွဲ့ရများအသင်း(မြန်မာနိုင်ငံ)၏ စာကြည့်တိုက်မှူး ဒေါ်ခင်မျိုးသန့်သည် ၁၂-၁၁-၂၀၂၂ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**ဝါဏိဇ္ဇဘွဲ့ရများအသင်း(မြန်မာနိုင်ငံ)**

### ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၉)၊ လူနေရပ်ကွက်အမှတ်-၂၊ မင်းလမ်း၊ မြေကွက်အမှတ်-၂၂၅၊ အကျယ် ပေ(၆၀x၆၀)ရှိ ဒေါ်ဝေဝေသင်း အမည်ပေါက် နှစ်(၆၀)ဂရန်ထွက်ရှိထားသော မြေကွက်နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်အား လက်ဝယ်ထားရှိပိုင်ဆိုင်သော ဂရန်အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဒေါ်ဝေဝေသင်း[၁၂/သဃက(နိုင်)၀၂၅၈၁၂] ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကေဇာခိုင်[၁၂/အစန(နိုင်)၀၆၇၀၆၀]မှ စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ မြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ယနေ့မှစ၍ (၁၄)ရက်အတွင်း မြေကွက်ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့် အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်ကေဇာခိုင်** | **ဒေါ်ခင်မာလွင်(LL.B,D.B.L)** |
| **[၁၂/အစန(နိုင်)၀၆၇၀၆၀]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂)** |
| **အမှတ်-၁၀၁၊ တော်ဝင်လမ်း၊** | **အမှတ်-၁၉၂၊ ဗိုလ်ချုပ်လမ်း၊** |
| **(၃/၁၆)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။** | **(၂)ရပ်ကွက်၊ ရွှေပြည်သာ။** |
| | **ဖုန်း-၀၉-၅၁၈၉၆၈၉** |

### ဦးထွန်းလွင်(ကန်တော်ကလေး)
### အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး တောင်ပိုင်းရပ်ကွက်၊ မြန်မာ့ဂုဏ်ရည်လမ်း၊ အမှတ်(၁၃၉)နေ (ဦးတင်မောင်)- ဒေါ်ဘုတ်ဆုံတို့၏ ချစ်လှစွာသောသား၊ ဦးချစ်လှ-ဒေါ်ညိုခင်တို့၏ သားသမက်၊ ဒေါ်ကြင်ခ၊ ဒေါ်ကြင်မြ၊ ဒေါ်ခင်ဖုန်းတင့်တို့၏မောင်၊ ဒေါ်ခင်မာလာ၏ခင်ပွန်း၊ ဦးထွန်းမြင့်၏အစ်ကို၊ မောင်လင်းအာကာဖြိုး၊ မယဉ်ကျေးမေတို့၏ချစ်လှစွာသောဖခင်သည် ၁၃-၁၁-၂၀၂၂ (စနေနေ့) ၁:၅၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၁၁-၂၀၂၂ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉:၄၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးဝီရှူး
### ညွှန်ကြားရေးမှူး(ငြိမ်း)၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး
### အသက်(၇၂)နှစ်

မြန်မာနိုင်ငံအငြိမ်းစား ဥပဒေအရာရှိများအသင်း၊ ဒုဥက္ကဋ္ဌ(၁) ဦးဝီရှူး(ညွှန်ကြားရေးမှူး-ငြိမ်း)သည် ၁၁-၁၁-၂၀၂၂ ရက် ည ၁၀:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။ **မြန်မာနိုင်ငံအငြိမ်းစား ဥပဒေအရာရှိများအသင်း**

### “ကန့်ကွက်နိုင်ပါကြောင်း”

ရန်ကုန်မြို့၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ၈-ရပ်ကွက်၊ ပဒေသာလမ်း၊ မြေညီထပ်၊ အမှတ်(၁၆)၊ မကေသီခိုင်(ကွယ်လွန်)ပိုင် တိုက်ခန်းနှင့်ပတ်သက်၍ ရောင်းချပိုင်ဆိုင်ခွင့်ရှိသူ မကေသီခိုင်(ကွယ်လွန်)၏ ခင်ပွန်းဖြစ်သူ ဦးဇော်မိုးလေး[၁၂/ဗဟန(နိုင်)၀၉၈၃၅၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဆုမွန်အောင်**
**(LL.B,LL.M)**
**အထက်တန်းရှေ့နေ (စဉ်-၃၇၆၉၅)**
**အမှတ်(၁၉၆)၊ စိန်မေရီဝန်း၊ ကျွန်းတောလမ်း၊**
**စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**
**Ph:09-43174648**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စော/မြောက်ရပ်ကွက်၊ ငုဝါလမ်း၊ အမှတ်(၂၀၅)၊ မြေညီထပ်၊ ခေါင်းရင်းခန်း၊ အကျယ်အဝန်း ပေ(၁၂ ၁/၂ x၅၀)ရှိ တိုက်ခန်းရောင်းချသူ ဒေါ်ခင်မျိုးထွေး[၁၄/ဟသတ(နိုင်)၀၄၂၅၄၄]ဆိုသူထံမှ ဝယ်ယူရန် ကျွန်တော့်မိတ်ဆွေက စရန်ငွေအချို့ပေးချေခဲ့ပြီးဖြစ်ပါသည်။ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါလျှင် အထောက်အထားခိုင်လုံစွာဖြင့် သတင်းစာကြော်ငြာပါရှိသည့်နေ့ရက်မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအရပ်ရပ်အားလုံးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခင်သန္တာဝင်း** | **ဦးစိုးအောင်** |
| **(အထက်တန်းရှေ့နေ)(စဉ်-၅၂၂၉၅)** | **(တရားလွှတ်တော်ရှေ့နေ)(စဉ်-၆၉၁၄)** |
| **B.A(History),PGDL(Dip in English)** | **B.A,R.L,D.B.L,B.D.S** |

**အမှတ်(၁၆၀)၊ ငုဝါလမ်း၊ ဌာနာရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၂၂၃၇၉၆၊ ၀၉-၄၄၃၀၀၂၆၀၇၊ ၀၉-၂၅၄၀၆၁၄၆၉**

### သားအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏သားဖြစ်သူ မောင်သက်လွင်[၁၂/သဃက(နိုင်)၁၇၇၆၅၄]သည် မိဘအပေါ် အကြိမ်ကြိမ်စိတ်ဒုက္ခရောက်အောင် ပြုလုပ်သည့်အတွက် ရာသက်ပန် သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအရပ်ရပ်ကို တာဝန်ယူဖြေရှင်းမည်မဟုတ်ပါကြောင်း အများသိစေရန် အကြောင်းကြားအပ်ပါသည်။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

| | |
|---|---|
| **ဦးကျော်မြင့်(ခ)ငေါ်ရှိဟုတ်** | **ဒေါ်တင်တင်ကြည်** |
| **[၁၂/သဃက(နိုင်)၁၃၈၉၆၁]** | **[၁၂/သဃက(နိုင်)၀၅၉၅၄၉]** |

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်-၄/ရွာမရပ်၊ မင်္ဂလာဒီပရပ်ကွက်မှ မြေဧရိယာ(၀.၁၁၀)ဧကရှိ မြေကွက်အမှတ်(ပ-၂၃၈၇၉)သည် ဦးခင်မောင်ဘို[၁၂/မရက(နိုင်)၀၃၇၉၆၂](ဘ)ဦးဘအေး အမည်ပေါက်မြေကွက်ဖြစ်ပြီး အဆိုပါမြေကွက်အမည်ပေါက်မှာ (၂၅-၇-၂၀၁၄)ရက်တွင် ကွယ်လွန်သွားပါသဖြင့် သေဆုံးသူ၏ ဇနီးဖြစ်သူ ဒေါ်ရီရီဌေး[၁၂/မရက(နိုင်)၀၃၇၉၆၁](ဘ) ဦးဘရီမှ အမည်ပေါက်သေဆုံးမှုလက်မှတ်မိတ္တူ၊ အမွေခံမှန်ကန်ကြောင်းတရားရုံးကျမ်းကျိန်မှုရင်းတင်ပြ၍ ၎င်းအမည်ဖြင့် နှစ်(၃၀)မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်နေ့ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ ဒေါ်ရီရီဌေး အမည်ဖြင့် နှစ်(၃၀)မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ကြေးမုံ ယနေ့ ဖတ်စရာ**



**နယူးဒေလီမြို့၌ လေထုညစ်ညမ်းမှုကြောင့် စာသင်ကျောင်းနှင့် အစိုးရရုံးများအား သီတင်းပတ်တစ်ပတ်ကြာ ပိတ်ရန်ဆုံးဖြတ်**

စာမျက်နှာ ၁၁



**ရသစုံလင်ပြုံးပျော်ရွှင်**

စာမျက်နှာ ၂၀၊ ၂၁

**ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၇၁၄ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၃ ဒသမ ၁၀ ရာခိုင်နှုန်းရှိ**

စာမျက်နှာ ၂၂




## ရန်ကုန်မြို့တော်ဂုဏ်ဆောင် အင်းလျားကန်ရှုခင်းအလှ ခံစားအပန်းဖြေနားနေနိုင်

**ရန်ကုန် နိုဝင်ဘာ ၁၄**

ရန်ကုန်မြို့၏ ကျက်သရေဆောင် အင်းလျားကန်သည် ပြီးခဲ့သည့်မိုးရာသီက ကန်ရေပြင်အပြည့်ဝင်ရောက်မှုရှိခဲ့သဖြင့် ကန်ရေပြင်ကျယ်ကြီးမှာ ကြည်လင်သန့်ရှင်းသာယာလှပလျက်ရှိရာ အများပြည်သူများ အနားယူအပန်းဖြေနေရာများ၌ အရိပ်ရပင်များ၊ ရောင်စုံပန်းအလှပင်များ ထပ်မံတိုးချဲ့စိုက်ပျိုးထားခြင်းကြောင့် နေ့စဉ်နံနက် အားကစားလေ့ကျင့်ခန်းများ ပြုလုပ်သူများ၏ စိတ်ကိုရွှင်လန်းစေပြီး လာရောက်အပန်းဖြေလမ်းလျှောက်သူများ၊ နားနေသူများအတွက် နေ့စဉ်နံနက် ၅ နာရီမှ ညနေ ၆ နာရီအတွင်း ဖွင့်လှစ်ပေးထားကြောင်း သိရသည်။

**လွတ်လပ်စွာ လေ့ကျင့်လျက်ရှိ**

ရန်ကုန်မြို့အင်းလျားကန်ရေပြင် လျော့နည်းမှုမရှိစေရန်၊ ကန်အတွင်း ရေဆိုးများ မဝင်ရောက်စေရန်နှင့် ကန်ပတ်ဝန်းကျင်ရှိ အများပြည်သူအပန်းဖြေနေရာများ၌ သန့်ရှင်းစိမ်းလန်း လှပစေရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်ထားသည်။ အဆိုပါကန်ရေပြင်ကြီးအတွင်း နိုင်ငံတကာရွက်လှေပြိုင်ပွဲဝင်များ၊ ဝါသနာရှင် မောင်မယ်များ လွတ်လပ်စွာ လေ့ကျင့်လျက်ရှိသည်ကို ယမန်နေ့ ညနေပိုင်းတွင် တွေ့မြင်ရသည်။

(အပေါ်ပုံ) စာမျက်နှာ ၂၆ ကော်လံ ၁ သို့ ❂

## ကာဇက်စတန်အသင်းကို ရှစ်ဂိုးပြတ်အနိုင်ရရှိခဲ့သည့် ပြင်သစ်အသင်း ၂၀၂၂ ခုနှစ် ကာတာကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့် သေချာသွားပြီ




ပြင်သစ်အသင်းဟာ ကမ္ဘာ့ဖလားခြေစစ်ပွဲအုပ်စု(D)ရဲ့ ပွဲစဉ် ၇ အဖြစ် ယှဉ်ပြိုင်ကစားခဲ့တဲ့ ကာဇက်စတန်အသင်းနဲ့ ပွဲစဉ်မှာ ရှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပြီးနောက် လာမယ့် ၂၀၂၂ ခုနှစ်အတွင်း ကာတာနိုင်ငံမှာကျင်းပမယ့် ကမ္ဘာ့ဖလားပြိုင်ပွဲ ဝင်ခွင့်တစ်နေရာစာ သေချာသွားခဲ့ပြီ ဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ ပြင်သစ်အသင်းအတွက် သွင်းဂိုးတွေကို တိုက်စစ်မှူး အမ်ဘတ်ပေက ပွဲကစားချိန် ခြောက်မိနစ်၊ ၁၂ မိနစ်၊ ၃၂ မိနစ်နဲ့ စာမျက်နှာ ၂၆ ကော်လံ ၁ သို့ ✻

## မြန်မာ့လက်ရွေးစင်အသင်း ခြေစမ်းပွဲတွင် ဘူရွန်ဒီလက်ရွေးစင်အသင်းကို အရေးနိမ့်

**ရန်ကုန် နိုဝင်ဘာ ၁၄**

အာဆီယံဆုဇူးကီးဖလားပြိုင်ပွဲ အကြိုပြင်ဆင်မှုအဖြစ် တူရကီနိုင်ငံ၌ လေ့ကျင့်နေသည့် မြန်မာ့လက်ရွေးစင်အသင်းသည် ဒုတိယမြောက် ခြေစမ်းပွဲအဖြစ် နိုဝင်ဘာ ၁၃ ရက် ညပိုင်းက အာဖရိကအသင်းဖြစ်သော ဘူရွန်ဒီလက်ရွေးစင်အသင်းနှင့် ယှဉ်ပြိုင်ကစားရာ နှစ်ဂိုး-တစ်ဂိုးဖြင့် အရေးနိမ့်ခဲ့သည်။

**နှစ်ဂိုးပြန်ပေးရကာ အရေးနိမ့်ခဲ့**

မြန်မာအသင်းသည် ပွဲချိန်မိနစ် ၇၀ ကျော်အထိ တစ်ဂိုးအသာဖြင့် ဦးဆောင်နေသော်လည်း ၇၅ မိနစ်နောက်ပိုင်း နှစ်ဂိုးပြန်ပေးရကာ အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းနည်းပြချုပ် အန်တွမ်နီဟေးသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲပြုလုပ်ခဲ့ပြီး ဂိုး- မျိုးမင်းလတ်၊ နောက်တန်း- ဒေးဗစ်ထန်၊ ဇော်ရဲထွန်း၊ ငြိမ်းချမ်း၊ ဝင်းမိုးကျော်၊ အလယ်တန်း- မောင်မောင်ဝင်း၊ ရန်နိုင်ဦး၊ မောင်မောင်လွင်၊ ဆမ်လန်မန်၊ လှိုင်းဘိုဘို၊ စာမျက်နှာ ၂၆ ကော်လံ ၄ သို့ ❑